မောင်မျိုး
စီစဉ်သည်




# ဝေဝေအောင်

## မညာချင်ပါ

# ဝေဝေအောင်

## မညာချင်ပါ



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၃၀၀၇၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၉၂၀၇၀၉

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
**ပထမအကြိမ်** ၂၀၀၉ခုနှစ်
အုပ်ရေ ၁၀၀၀၊တန်ဖိုး ၁၀၀ကျပ်

မညာချင်ပါ/ဝေဝေအောင်။–ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ ၊ ၂၀၀၉။
၂၀၀–စာ ၊၅" x ၇"စင်တီ။(၁)မညာချင်ပါ

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့် မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**



# ၁

"သွား"

"သွား"

ပေါက်ကွဲသံလို ဒေါသတကြီးအော်ဟစ်သံနှင့်အတူ စာရေးစားပွဲပေါ်က စာအုပ်များ စာရွက်များ၊ ဘောပင်များနှင့်အတူ စာရေးကိရိယာပစ္စည်းမျိုးစုံက 'ထွေး' ဆီကိုအရှိန်ပြင်းစွာဖြင့် ရောက်ရှိလာခဲ့သည်။

'ထွေး' နာကျင်ရမှန်းပင်မသိတော့ပါ။ ကျောက်ရုပ်တစ်ရုပ်၊ ဒါမှမဟုတ် သက်မဲ့ခန္ဓာကိုယ်တစ်ခုလို 'ကိုကိုကျော့' ကိုငေး

စိုက်ကာ စူးစူးကြီးကြည့်နေမိတော့သည်။

ခါတိုင်းအချိန်လိုသာဆို 'ကိုကိုကျော်' ဒီလောက်ဒေါသဖြစ်နေလျှင် 'ထွေး' နေစရာမရှိလောက်အောင် ကြောက်လန့်ပြီး တုန်လှုပ်နေမှာသေချာပါသည်။

ခုတော့အကြောက်လွန်ပြီး အသက်ကင်းမဲ့သူလို 'ကိုကိုကျော်' ကိုသာ အမေ့မေ့အလျော့လျော့ဖြင့် မျက်လုံးကြီးပြူးကာ ငေးကြောင်ကြည့်နေမိဆဲ...

" 'မိထွေး'..."

မိုးချုန်းသံလိုလို ဓော်လဲသံလိုလို 'ကိုကိုကျော်' ရဲ့ ကြောက်မက်ဖွယ်ရာအော်ဟစ်သံကြီးက 'ထွေး' ရဲ့နားထဲကိုအရှိန်ပြင်းစွာ တိုးဝင်လာခဲ့ပါသည်။

အသံနှင့်အတူ 'ကိုကိုကျော်' ကိုယ်လုံးကြီးကလည်း 'ထွေး' ရှေ့တွင် မားမားကြီးပေါ်လာခဲ့ပါသည်။

'ထွေး' ဘာလုပ်ရမလဲ၊ 'ထွေး' ... 'ထွေး' ကြောက်ပါတယ် ကိုကိုရယ်။

'ကိုကိုကျော်' မျက်ဝန်းတွေကို ရင်ဆိုင်ကာမကြည့်ဝံ့သလို ခေါင်းကိုအငုံ့...

"နင် ဒါ တမင်လုပ်လိုက်တာမဟုတ်လား"





"မဟုတ်... မဟုတ်ရပါဘူး ကိုကိုရယ်... မတော်တဆဖြစ်သွားခဲ့ရတာပါ..."

"မတော်တဆဟုတ်လား... မတော်တဆဆို ဒီပြင်ပစ္စည်းတွေ မတော်တဆကျလို့ရတာပဲ... ဒီမှာကြည့် ဒီမှာကြည့်"

"ဒုန်း"

"ဒုန်း"

စာရေးစားပွဲပေါ်မှ ကျန်နေသေးသော ဘောပင်စိုက်မှန်လုံးလေးတွေ မီးအုပ်ဆောင်းတွေဖြင့် နံရံကိုအားကုန်ဝှစ်ပေါက်နေတာကြောင့် 'ထွေး' မကြားဝံ့သလို နားကိုပိတ်ကာ ခေါင်းကိုငုံ့နေမိဆဲ...

"ဒါကိုမှ နင်တမင်သက်သက်ရွေးလုပ်လိုက်တာ မဟုတ်ဘူးလား"

"မဟုတ်ရပါဘူး ကိုကိုရယ်"

"ဟာ..."

"ဝုန်း"

'ထွေး' ဘယ်လိုပဲတောင်းပန်တောင်းပန် ကိုကိုရဲ့ဒေါသကို လျော့ပါးသွားအောင် ဘယ်လိုမှမစွမ်းဆောင်နိုင်ပါ။

ဒေါသတကြီးတွန်းချလိုက်တဲ့ ကိုကိုရဲ့တွန်းအားအရှိန်

ကြောင့် လူကလွှင့်ပါးသွားကာ နံရံနဲ့ဆောင့်မိသွားသည်။ ဒါတောင်မှ 'ထွေး' နာကျင်ရကောင်းမှန်း မသိလေပါ။ စိတ်ထဲမှာ ကိုကို့ကို ရှင်းပြချင်စိတ်ကပဲ ကြီးစိုးနေတာကြောင့်လည်း...

"'ထွေး' တောင်းပန်ပါတယ် ကိုကိုရယ်... ကိုကို 'ထွေး' ကိုမချစ်ဘဲနဲ့ လက်ထပ်ခဲ့ရတယ်ဆိုတာလည်း 'ထွေး' နားလည်ပါတယ်... ဒါပေမဲ့ 'ထွေး' ကိုကို့ကို စိတ်မဆိုးပါဘူး"

"ဘာ... စိတ်မဆိုးဘူးဟုတ်လား"

ကိုကို့ရဲ့သရော်တော်တော် အပြုံးနဲ့အတူ မုန်းတီးရွံရှာ စက်ဆုပ်နေတဲ့ မျက်နှာကြီးက 'ထွေး' ရဲ့မျက်နှာရှေ့တွင် နီးကပ်စွာပေါ်လာခဲ့ပါသည်။

"ဒါပေါ့ မင်းက မင်းလိုချင်တဲ့ ငါ့ကိုရနေမှပဲ... ဘာစိတ်ဆိုးစရာလိုသေးလို့လဲ... ငါ့မှာသာ မပေါင်းချင်ဘဲ မင်းနဲ့ပေါင်းလိုက်ရလို့ 'မိုး' ငါ့ကိုဘယ်လောက်အထင်လွဲသွားမလဲ... အေး ခုချိန်မှာတော့ မင်းကိုဖုံးကွယ်နေလည်းအလကားပဲ... မင်းသိအောင်ငါပြောလိုက်မယ်... လူကြီးတွေအတင်းပေးစားလို့ မင်းကို လက်ထပ်လိုက်ရပေမယ့် မင်းကိုငါမချစ်ဘူး... လုံးဝမချစ်ဘူး... ငါချစ်တာ 'မိုး'... 'မိုး' ကလွဲလို့ ငါဘယ်သူ့ကိုမှ မချစ်နိုင်ဘူး... ချစ်ဖို့လည်း လုံးဝကြိုးစားမှာမဟုတ်ဘူး"





'သန့်စင်ကျော်' ဒေါသတကြီးအော်ပြောကာ တိုက်ထဲမှပြေးထွက်လာခဲ့မိပါသည်။

ရင်ထဲမှာတော့ ခံစားရလွန်းတာကြောင့် ရင်နှစ်ခြမ်းပင် ဖြန်းဖြန်းကွဲထွက်ချင်နေပါပြီ။

တိုက်တိုက်ဆိုင်ဆိုင်ပင် 'သန့်စင်ကျော်' ခြံထဲကအထွက် 'မိုး' ကလည်း အငြိုးနဲ့ရွာချလိုက်သလို သူ့တစ်ကိုယ်လုံးကို ရွှဲရွှဲစိုသွားစေသည်။

'သန့်စင်' သည်းသည်းမဲမဲရွာနေသော မိုးကိုငေးကြည့်ရင်း ရင်ထဲကတီးတိုး ရေရွတ်လိုက်မိသည်။

'မိုး ရယ်... မောင့်ကိုခွင့်လွှတ်ပါ... မောင်... မောင်လေ မိုးကိုပဲချစ်ပါတယ်... မိုး မောင့်ကိုနားလည်ပေးပါ'

ပြင်းထန်စွာရွာချနေသော မိုးနဲ့အတူ 'သန့်စင်' မျက်ဝန်းမှမျက်ရည်များကလည်း ပါးပြင်ပေါ်ပူနွေးစွာ စီးဆင်းလာပါသည်။

အေးမြသောမိုးရည်ကြောင့် သစ်ပင်ပန်းမာန်တို့ ပြန်လည်ကာ ရှင်သန်လန်းဆန်းလာရသလို၊ 'သန့်စင်' မျက်ရည်ကြောင့်လည်း 'သန့်စင်' အတန်ကြာမေ့ထားခဲ့မိသော သူနဲ့ 'မိုး' တို့ရဲ့အဖြစ်ကို ပြန်လည်ကာသတိရလာမိသည်။

ပြန်လည်ကာ တမ်းတမိလာသည်။

ဩော်... 'မိုး' ဆိုတဲ့ မောင့်အချစ်ရယ်။





## ၂

"'သန့်စင်'... 'သန့်စင်'..."

ကျောင်းပိတ်၍ကုတင်ပေါ်ကွေးကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၍ ပခုံးကိုလှုပ်ကာလှုပ်ကာ အတင်းနှိုးလာတဲ့အသံကြောင့် 'သန့်စင်' ရုတ်တရက်လန့်သွားကာ စိတ်လည်းတိုသွားရသည်။

စိတ်တိုတိုဖြင့် လာနှိုးသူကိုအကြည့် ...

"ဟော့ကောင် 'သန့်စင်'... ငါပါကွာ 'ကောင်းမြတ်' ပါ"

"ဟာကွာ ဘာလဲ"

ခေါင်းကိုစုံကုတ်ပြီး နေရာမှလူးလဲကာ ထလိုက်ရပေမယ့် စိတ်ကမကြည်လင်သေးပါ။

'ကောင်းမြတ်' သည် 'သန့်စင်' နှင့်ငယ်ငယ်လေးတည်းက သူငယ်ချင်းမို့ 'သန့်စင်' ၏အိမ်သည်သူ့အတွက် စားအိမ်သောက်အိမ်ဖြစ်ကာ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ရတဲ့အိမ် ဖြစ်နေခဲ့ပါပြီ။

'သန့်စင်' က ပြည်လမ်းတွင်နေကာ 'ကောင်းမြတ်' က ကမာရွတ်တွင်နေသူမို့ အနေနီးတာလည်း ပါပါသည်။

"ဘာလဲကွာ... ကျောင်းပိတ်တာတောင် အေးအေးဆေးဆေး မနေရဘူး... ဘာလုပ်မလို့လဲ"

"အရေးကြီးလို့ ထစမ်းပါ 'သန့်စင်' ရယ်... အိမ်မှာ 'အင်ကြင်း' ရောက်နေလို့"

" 'အင်ကြင်း' ဟုတ်လား"

'သန့်စင်' မျက်ခုံးတွန့်ကာ မေးလိုက်သည်။

'အင်ကြင်း' သည် 'ကောင်းမြတ်' ၏ချစ်သူပါ။ 'သန့်စင်' တို့လိုပင် ရန်ကုန်တက္ကသိုလ်တွင် ဂုဏ်ထူးတန်းနောက်ဆုံးနှစ်တက်နေသူဖြစ်သည်။

" 'အင်ကြင်း' ရောက်တာနဲ့ ငါနဲ့ဘာဆိုင်လဲ...'အင်ကြင်း'





မင်းချစ်သူပဲ... မင်းပဲဧည့်ခံပေါ့"

"မဟုတ်ဘူး 'သန့်စင်' ရ... 'အင်းကြင်း' တစ်ယောက်တည်းဆိုအရေးမကြီးဘူး... ခု 'အင်ကြင်း' အသိ 'မေရီ' ပါပါလာလို့"

" 'မေရီ' ဟုတ်လား"

'သန့်စင်' 'ကောင်းမြတ်' ကို မျက်မှောင်ကုပ်ကြည့်လိုက်သည်။

"ဘယ်က 'မေရီ' လဲ... ရှုပ်ရှုပ်ယှက်ယှက်"

စိတ်ထဲကအတွေးအတိုင်း နှုတ်ဖျားကအညီး...

"မရှုပ်ပါဘူး 'သန့်စင်' ရာ... ရှင်းရှင်းလေးပါ... အဲ့ဒီ 'မေရီ' က မင်းကိုတွေ့ချင်လို့တဲ့"

"ဘာ"

သည်တစ်ခါတော့ 'သန့်စင်' အိပ်ယာမှထကာ 'ကောင်းမြတ်' ကို ပြူးတူးပြဲတဲဖြင့် လှမ်းမေးလိုက်သည်။

" 'မေရီ' က ငါ့ကိုတွေ့ချင်လို့ ဟုတ်လား"

"အေး ငါ့အိမ်မှာစောင့်နေတယ်"

" 'မေရီ' ဆိုတာ မိန်းမနာမည်လား"

"အေးလေ မိန်းမ... မိန်းမမှသိပ်လှတဲ့ မိန်းမ"

'သန့်စင်' မျက်ခုံးကို တွန့်လိုက်မိသည်။ သိပ်လှတဲ့မိန်းမက ဘာအကြောင်းနဲ့ သူ့ကိုတွေ့ချင်ရတာပါလိမ့်။

"'နုထွေး'…"

အပေါက်ဝအနားကိုလျှောက်လာကာ အောက်ထပ်ကို ကုန်းအော်လိုက်သည်။

"ဘာလဲ ကိုကို"

'ထွေး' အပေါ်ထပ်ကို ပြေးတက်လာခဲ့သည်။

'နုထွေးငယ်'၏ မိဘများက 'သန့်စင်'မိဘများပိုင်သည့် ဖျာပုံရှိ ဆန်စက်နှင့် ဆီစက်ကိုအုပ်ချုပ်သော သူများပါ။

ရိုးသားကာတစ်ဦးတည်းသော သမီးလေး 'နုထွေးငယ်' ကို တုန်နေအောင်ချစ်ကြသူတွေပါ။

တစ်နှစ်တစ်ခါ ငွေစာရင်းရှင်းရန် ရန်ကုန်ကိုလာပြီးအပြန်တွင် သင်္ဘောမှောက်ကာ လင်မယားနှစ်ယောက်လုံး ဆုံးပါးသွားတာကြောင့် တစ်ယောက်တည်းကျန်ရစ်ခဲ့သော 'နုထွေးငယ်' ကို မေမေတို့က မွေးစားခဲ့ကြတာဖြစ်ပါသည်။

ခေါ်လာကာစက ငါးတန်းအောင်ကာစမို့ ကျောင်းဆက်ထားပေးသော်လည်း ဆယ်တန်းရောက်တဲ့နှစ်တွင် ကျသွားတာကြောင့် ကျောင်းဆက်မတက်ဖြစ်တော့ပါ။





အသားညိုညို၊ သွယ်သွယ်မြင့်မြင့်နှင့် မျက်လုံးမျက်ဖန်လှကာ ဆံပင်ရှည်ဖြင့် ကြည့်ကောင်းသော သူတစ်ယောက်ပါ။

အလိုက်လဲအလွန်သိတာကြောင့် ဖေဖေကောမေမေပါ သမီးသမီးနှင့် နှုတ်ဖျားကမချကြအောင် ချစ်ခင်ကြပါသည်။

သူတို့အဖို့မှာလည်း သမီးမရှိတာကြောင့်လိမ္မာယဉ်ကျေးသော 'နုထွေး' ကိုအချစ်ပိုတာလည်းဖြစ်နိုင်ပါသည်။

"ကိုကို ခဏနေ အပြင်သွားစရာရှိလို့… ဒီစားပွဲပေါ်ရှင်းပေးထားစမ်းပါ"

"ဟုတ်ကဲ့ ကိုကို"

"ဖတ်လက်စ စာအုပ်တွေတော့ မသိမ်းလိုက်နဲ့နော် ဒီအတိုင်းပဲထား"

"ဟုတ်ကဲ့"

'သန့်စင်' 'ကောင်းမြတ်' နဲ့အတူ အောက်ထပ်ကိုဆင်းလာခဲ့လိုက်သည်။ အောက်ထပ်တွင် 'ကောင်းမြတ်' က ငြီးသည်။

"'သန့်စင်' ရာ"

"ဘာတုန်းကွ"

"ငါ 'အင်ကြင်း' နဲ့ချစ်တာ စောသွားတယ်"

"ဘာဖြစ်လို့တုန်း"

"နှင်မို့ဆို မင်းကိုဘင်္ဂလားအစ်ကို တော်လိုက်လို့ရတယ်"

"တော်ကွာ... တော်"

'သန့်စင်' 'ကောင်းမြတ်' ကို မျက်နှာတည်တည်ဖြင့် ယောက်ကာ ရေချိုးခန်းတွင်းဝင်လာပြီး ရေချိုးလိုက်သည်။

ဘာမှသွေးသားမတော်စပ်ပေမယ့်လည်း ညီမမရှိသူမို့ 'ထွေး' ကို ညီမအရင်းလေးတစ်ယောက်လို ချစ်မိတာအမှန်ပါ။

'ထွေး' ကိုယ်တိုင်ကလည်း အေးဆေးကာရိုးသားသိမ်မွေ့သူလေးတစ်ယောက်မို့ ဖေဖေနဲ့မေမေကလည်း သမီးအရင်းလေးလိုထင်မှတ်ကာ အခွင့်အရေးပေးကြသည်။

မသိသူများကဆိုလျှင် 'ထွေး' နဲ့ 'သန့်စင်' ကို မောင်နှမအရင်းလို့ပင်ထင်ကြသည်။ သည်မျှ 'ထွေး' က 'သန့်စင်' ကိုလေးစားသည်။ ချစ်ကြောက်ရိုသေသည်။

သည်လိုရိုးသားအေးဆေးတဲ့ 'ထွေး' နဲ့ 'ကောင်းမြတ်' လိုပေါက်တတ်ကရ ပြောတတ်တဲ့ သူငယ်ချင်းနဲ့ 'သန့်စင်' ဘယ်လိုသဘောတူနိုင်ပါ့မလဲ။

ရေချိုးခန်းထဲကအထွက် 'ကောင်းမြတ်' က စပ်ဖြဲဖြဲဖြင့် ပြောသည်။

"အလကားပြောတာပါကွာ... မင်းမကြိုက်မှန်းသိလို့





နောက်တာပါ... တကယ်ဆို ဘင်္ဂလားညီမဟာ ဘင်္ဂလားအစ်ကိုနဲ့ပဲတန်... တန်"

'ကောင်းမြတ်' စကားပင်ဆုံးအောင်မပြောလိုက်ရ 'ကောင်းမြတ်' ၏ အင်္ကျီရင်ပတ်ကို စုကိုင်ပြီးသားဖြစ်သွားသလို လက်သီးကလည်း 'ကောင်းမြတ်' မျက်နှာနားကို ဝဲလာသည်။

"မင်း... မင်း ဘာစကားပြောတာလဲ"

"ဆောရီး 'သန့်စင်'... ငါနောက်တာပါ"

'သန့်စင်' တကယ်ဒေါပွမှန်းသိမှ 'ကောင်းမြတ်' လေပြေသွေးကာ ချော့လိုက်သည်။

"မင်းကလည်းကွာ သူငယ်ချင်းအချင်းချင်းတောင် အပြောအဆိုမခံနိုင်လောက်အောင် ဖြစ်နေလိုက်တာ"

"ဖြစ်မှာပေါ့ကွ... ငါနဲ့ 'ထွေး' နဲ့က တကယ့်မောင်နှမအရင်းလိုနေကြတဲ့ဥစ္စာ... 'ထွေး' ကြားသွားရင်ကော ကောင်းပါ့မလား... ပတ်ဝန်းကျင်က ကြားသွားတော့ကော"

'သန့်စင်' မျက်နှာက ဒေါသကြောင့် နီမြန်းနေသည်။

"ဆောရီးကွာ ဆောရီး... နောက်ကို ငါမပြောတော့ပါဘူး... ကတိပေးပါတယ်... ဟိုမှာ 'အင်ကြင်း' တို့စောင့်နေတာအားနာစရာ"

‘အင်ကြင်း’ ဆိုမှ ‘သန့်စင်’ စိတ်ကပြောင်းသွားသည်။ ‘အင်ကြင်း’ ကို ‘ကောင်းမြတ်’ တင်မက ‘သန့်စင်’ လည်းခင်ပါသည်။

အသားဖြူဖြူ မြင့်မြင့်မားမားလေးနဲ့ ချစ်စရာကောင်းယုံမက၊ ရိုးသားကာ ကြိုးစားသောမိန်းကလေး တစ်ယောက်မို့လည်း လေးစားမိသည်။

‘ကောင်းမြတ်’ ကိုချစ်သူတစ်ယောက်လိုအပြင် သူငယ်ချင်းကောင်းတစ်ယောက်လိုလည်း၊ ထိန်းသိမ်းပဲ့ပြင်တတ်၍ ‘အင်ကြင်း’ နဲ့မတွေ့ခင်အချိန်က ‘ကောင်းမြတ်’ တစ်ယောက်ဆိုးသလောက်ပွေသလောက် ‘အင်ကြင်း’ နဲ့တွေ့ပြီး နောက်ပိုင်းပြောင်းလဲလာသည်။

ကျောင်းမှန်မှန်တက်ကာ စာကြိုးစားရမှန်းသိလာသည်။

‘ကောင်းမြတ်’ မိဘတွေက ‘သန့်စင်’ မိဘတွေလိုမချောင်လည်၍ ‘သန့်စင်’ ကလည်း ‘ကောင်းမြတ်’ ကိုကြိုးစားစေချင်ခဲ့သည်။

ခုတော့ ‘အင်ကြင်း’ ကြောင့် ‘ကောင်းမြတ်’ အမြင်မှန်ရခဲ့ပါပြီ။ စာ ကြိုးစားရမှန်းလည်း သိနေခဲ့ပြီ။





## ၃

“ဟော ‘ကိုသန့်စင်ကျော်’ ”

‘ကောင်းမြတ်’ တို့အိမ်ကိုအဝင် ‘အင်ကြင်း’ က ‘သန့်စင်’ ကို ဆီးကြိုသည်။

“ ‘အင်ကြင်း’ တို့လာလို့ အနှောင့်အယှက်ဖြစ်သွားပြီလား”

“ရပါတယ် ‘အင်ကြင်း’... ကိစ္စက...”

“ဒါ ‘အင်ကြင်း’ အသိပါ... ‘ရို(စ်)မေရီ’ တဲ့... သူကဒီနှစ်မှ မိန်းမှာတက်မှာ... ယူထားတဲ့မေဂျာက ‘ကိုသန့်စင်ကျော်’ တို့

လို ဘားမိ(စ်) ပဲ... အဲ့ဒါကို 'ကိုသန့်စင်ကျော်' ဆီမှာ အကူအညီလာတောင်းတာ... 'မေရီ'... ဒါ 'အင်ကြင်း' သူငယ်ချင်း 'ကိုသန့်စင်ကျော်' တဲ့"

နုနယ်သောရွှေရောင်ဆံပင်များကို ပခုံးထက်မှာဖါးဖါးဝေချကာ ချွန်မြသောနှာတံ၊ ပါးလွှာသောနှုတ်ခမ်းအစုံ၊ သွယ်လျသောမျက်နှာနှင့် ပြာလဲ့သောမျက်ဝန်းများက မြန်မာမဟုတ်မှန်းသိသာစေသည်။

သည်ကြားထဲ ဝတ်ထားသည်က ပန်းနုရောင်အစင်းရှပ်အင်္ကျီခါးတိုနှင့် ဖိုးကွာတားအနက်ရောင် ဘောင်းဘီရှည်လေးနှင့်မို့ 'အင်းကြင်း' ကိုလှမ်းမေးလိုက်မိသည်။

" 'ရီ(စ်)မေရီ' က ဘာလူမျိုးလဲ 'အင်ကြင်း' "

"အင်္ဂလိပ်မြန်မာ ကပြားပါ 'ကိုသန့်စင်ကျော်'... 'မေရီ' ဒယ်ဒီက အင်္ဂလန်မှာစစ်သံမှူး... မေမေကတော့ သည်ရန်ကုန်မှာပါ... 'အင်ကြင်း' တို့နဲ့ခြံချင်းကပ်ရက်ပါ"

"ဩော်..."

'သန့်စင်' ခေါင်းညိတ်ရိုက် သူမက 'သန့်စင်' ကိုပြုံးပြသည်။

နက်မှောင်သော မျက်ဝန်းအိမ်တွေအကြား သူမမျက်ဝန်း





လဲ့ပြာပြာက 'သန့်စင်' စိတ်ကို လှုပ်ရှားစေသည်။

" 'မေရီ' က သဒ်ရီးယားလား"

"ရက်(စ်)... ဟို ဟုတ်ကဲ့"

ရက်(စ်) ဟုပြောပြီးကာမှ သူမကအားတုံ့အားနာမျက်နှာလေးဖြင့် 'သန့်စင်' ကိုပြုံးပြရှာသည်။

"အခုလာတာ အဲ့ဒီကိစ္စပဲ 'ကိုသန့်စင်ကျော်'... 'မေရီ' က ဘိုကပြားဆိုတော့ မြန်မာစာ ကျွမ်းကျွမ်းကျင်ကျင်မတတ်ဘူး 'ကိုသန့်စင်ကျော်' ကတော့ 'အင်ကြင်း' တို့ထက် မြန်မာစာနားလည်လို့ 'ကိုသန့်စင်ကျော်' များ 'မေရီ' ကိုသင်ပေးနိုင်မလားလို့ လာအပ်တာပါ"

"သင်ပေးတာတော့ဟုတ်ပါတယ်... ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်လည်း 'အင်းကြင်း' ပြောသလိုသိပ်ကျွမ်းကျင်တဲ့ လူမှမဟုတ်ဘဲ"

"အိုင်... အဲလေ... 'ရီ' တို့ထက်တော့... ယူ... အို"

ပြောရင်းပြောရင်းစကားတွေ ထပ်ကာထပ်ကာများနေပါ၍ သူမမျက်နှာဖြူဖြူလေးက နီရဲသွားသည်အထိ သူမကရယ်နေပါသည်။

'အင်ကြင်း' က သူမမျက်နှာလေးကို ငေးကြည့်ရင်း ဂရု

ဏာသက်သလို ပြောသည်။

"အဲ့ဒါသာကြည့်လေ 'ကိုသန့်စင်ကျော်' ရယ်... ဒီ့ပြင်လိုင်းပြောင်းယူပါလားဆိုတော့လည်း သူကိုယ်တိုင်က မြန်မာစာပဲ ယူချင်တော့ခက်နေတာပေါ့"

"သင်ပေးမှာလား ဟင်"

မေးနေတဲ့ 'မေရီ'အသံက အားကိုးဟန်အပြည့်ပါ။ မျက်ဝန်းပြာလေးတွေက မျှော်လင့်သလိုငေးကြည့်နေသောကြောင့် 'သန့်စင်' ခေါင်းကိုအညိတ်၊ သူမဆီက ဝမ်းသာပျော်ရွှင်တဲ့အသံလေး တိုးထွက်လာခဲ့သည်။

" 'မေရီ'... 'မေရီ' လေ... ဒီနေ့သိပ်ကိုဝမ်းသာတာပဲ"

အားခဲကာပြောနေသော သူမရဲ့စကားသံလေးများကို နားထောင်ရင်း 'သန့်စင်' ရင်မှာ ခင်သလိုလို သနားသလိုလိုနှင့် ဘာလိုလိုမှန်းမသိ သူမအပေါ်တွင် အကြင်နာပိုမိသည်။

အိမ်ကိုသာပြန်ရောက်လာသည်။ သူမရဲ့စကားသံလေးများက နားထဲကဘယ်လိုမှမထွက်ပါ။





၄

"ယူ..."

အင်းလျားစောင်းတွင်ဖြစ်ပါသည်။

'အင်ကြင်း'မိတ်ဆက်ပေးမှုကြောင့် 'သန့်စင်' နဲ့ 'မေရီ' တို့ခင်မင်ခဲ့ကြပြီးနောက် အားလပ်ချိန်များတွင် 'သန့်စင်' က 'မေရီ' ကိုစာပြပေးသလို စာမပြတဲ့အချိန်များမှာလည်း ခုလိုပဲ အင်းလျားစောင်းကို ရောက်ဖြစ်ကြသည်။

ခင်မင်မှုပိုလာသလို သိကျွမ်းရတဲ့ ရက်လေးတွေကြာလာတော့ 'မေရီ' အကြောင်းတွေကိုလည်း 'သန့်စင်' ပိုသိလာခဲ့မိပါ

သည်။

တကယ်တော့ 'မေရီ့'ဒယ်ဒီသည် မြန်မာပြည်တွင်အမှု ထမ်းခဲ့ရာမှ 'မေရီ့' မေမေကိုတွေ့ကာ လက်ထပ်ခဲ့ကြတာပါ။

နောက်ပိုင်းတာဝန်ပြီးဆုံး၍ အမိနိုင်ငံကိုအပြန် 'မေရီ' တို့ပါ လိုက်ပါသွားခဲ့ကြသည်။

ရောက်စက မသိသာသော်လည်း နောက်ပိုင်းတွင် 'မေရီ' ၏ မေမေတစ်ယောက် မြန်မာပြည်ကိုလွမ်းလာသည်။

မြန်မာပြည်ကိုပြန်ချင်လာသည်။ 'မေရီ' ဆယ်တန်းနှစ် တွင် မြန်မာပြည်ကို ခဏပြန်မည်အကြောင်းပြကာ ပြန်လာခဲ့ချိန် မှစ၍ နိုင်ငံခြားကိုလုံးဝ ပြန်မသွားတော့ပါ။

'မေရီ့'ဒယ်ဒီက မကြာခဏပြန်လာခေါ်ပါသော်လည်း သမီးလက်ကို တင်းတင်းဆွဲကာ ခေါင်းမာမာဖြင့် ခေါင်းခါနေ၍ ပြန်သွားခဲ့ရသည်။

သည်လိုနှင့်ပင် 'မေရီ' တက္ကသိုလ်ကို ရောက်လာခဲ့ သည်။

မိခင်နှစ်သက်သည့် မြန်မာစာအဓိကကို လျှောက်ခဲ့ရာ မှ 'သန့်စင်' နှင့်တွေ့ခဲ့ရခြင်းဖြစ်သည်။

"ယူက သိပ်တော်တာပဲနော်"





"ဘာကိုတုန်း 'မေရီ' ရဲ့"

"ဩော် မြန်မာစာတွေဆို အလွတ်ရတယ်... ဟို ဘာတဲ့ ရှင်မဟာ ရ... ရ"

ပြောရင်းမှ 'မေရီ' အသံကတွန့်ဆုတ်ကာ ဆက်မထွက် တော့ပါ၍ 'သန့်စင်' ပြုံးလိုက်မိသည်။

"ဘာလဲ 'မေရီ'... ရှင်မဟာရဋ္ဌသာရ အကြောင်းလား"

"ရက်(စ်) ရက်(စ်)... 'မေရီ' ပြောတာ အဲ့ဒါကိုပြောတာ နောက်တစ်ယောက် ရှိသေးတယ်လေ... ဘဲရီးဖြူးတီးဖိုး(လ်)... အရမ်းလှတယ် ဘယ်သူ... ဝင်နပပ လား"

"ဟာ 'မေရီ' ကလည်း... ဝဏ္ဏပဘာ ပါ"

"အဲ့ဒီအကြောင်းကို 'မေရီ' အရမ်းသဘောကျတယ်...ယူ ရွတ်ပြပါလား"

ခေါင်းလေးငဲ့ကာစောင်းကာဖြင့် မြန်မာသံကိုပီသရန် ရွတ်ဖတ်ရန် မောပန်းနေတဲ့ 'မေရီ' ပုံစံလေးက ချစ်စဖွယ်လေးပါ။

ဖါးဖါးဝေသော ရွှေရောင်ဆံပင်ကို နောက်ဘက်တွင် ခပ်ဖွဖွလေးစုချည်ထားကာ၊ ကြည်ပြာနရောင် ဘလောက်(စ်) ပွပွ၊ ဒူးဆစ်ကျော်ခန့်ရှည်သော စကပ်နက်ပြာရောင်လေးဖြင့် ဖြူဖွေးသော 'မေရီ့' အသားလေးက ထင်းနေရသည်။

သွယ်လျသောခြေအစုံမှာတော့ နှင်းဆီပန်းအနီရဲရဲလေး ပုံစံ ပန်းတစ်ပွင့်ကပ်ထားသော ကွင်းစွပ်ဖိနပ်ကို စီးထားတာကြောင့် အမြင်ဆန်းကာ ကြည့်လို့လည်းကောင်းလှလေသည်။

ဘယ်လိုပဲဖြစ်ဖြစ် 'မေရီ' ရဲ့ပုံစံက အသားဖြူဖြူ မြင့်မြင့်မားမားလေးနှင့် ကြည့်လို့ကောင်းနေသည်သာ။

မြန်မာအမျိုးသမီးစစ်စစ် မဟုတ်ဘဲ၊ နိုင်ငံခြားသွေးရောနှောနေသူမို့လည်း သူစိမ်းယောက်ျားလေးတစ်ယောက်ရှေ့မှာ ရှက်တာ ကြောက်တာ အားနာတာ၊ မဝံ့မရဲတာမျိုးလည်း မရှိဘဲ ပွင့်ပွင့်လင်းလင်းနဲ့ ဖော်ဖော်ရွေရွေ ရှိလှပါသည်။

ခုလည်း ခြေနှစ်ဘက်ကိုစုထိုင်ကာ ဒူးပေါ်လက်တင်ရင်း 'သန့်စင်' ကိုငေးကြည့်နေတာကြောင့် ရှက်ပြုံးပြုံးလိုက်မိသည်။

သူတစ်သက်တာ ဘယ်မိန်းကလေးနဲ့မှ ခုလိုတရင်းတနှီး မနေဘူးပါ။

'နုထွေး' လည်းအိမ်မှာရှိပေမယ့် သူက ညီမအရင်းလေးလို သတ်မှတ်ထားတာကြောင့် ခိုင်းစရာရှိတာခိုင်း၊ ပြောစရာရှိတာပြောပြီးလျှင် သူကစာအုပ်တစ်အုပ်ဖြင့် အေးအေးဆေးဆေး နေတတ်သူပါ။

တစ်ခါတလေ သူ့မှာရှိတဲ့လက်တော့(ပ်) လေးဖြင့်စာ





ရိုက်ကျင့်သည်။ အင်တာနက်ချိတ်ဆက်ကြည့်သည်။ ဒီလောက်ပါပဲ။

ဒီလောက်ဆိုလျှင်ပဲ သူ့ဘဝက ပြည့်စုံနေပြီဟု 'သန့်စင်' ခံစားရသည်။

'သန့်စင်' ဒီလိုအနေအေး၍ မေမေကောဖေဖေပါ 'သန့်စင်' ကိုလေးစားကြသည်။

မဟုတ်တာဘာတစ်ခုမှ မလုပ်တဲ့သားအဖြစ်လည်း ချီးမွမ်းကြသည်။

ဘာပဲဖြစ်ဖြစ် 'သန့်စင်' သူ့ဘဝသူ ကျေနပ်ပါသည်။ ခုဆိုလျှင် 'မေရီ' ပါ သူ့ဘဝထဲကို တစွန်းတစ ဝင်ရောက်လာခဲ့ပါပြီ။

"တို့ ဘာဆိုပြရမှာလဲ 'မေရီ' "

"ဟို ဟို... အစကဆိုလေ... ဘာတဲ့ 'မေရီ' လည်းသိပ်ရတာ မဟုတ်ဘူး... ဝင်နပပ ကလျာဖူးစ သစ်..."

'သန့်စင်' ခေါင်းညိတ်လိုက်သည်။ 'မေရီ' ဆိုချင်တာကို သူ သိသည်။

ဖြူစင်ထွန်းရောင်ဝင်း၊ လှမှန်ကင်းကို
ညခင်းဆည်းဆာတွင် ကျွန်ုပ်မြင်သည်

ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့။

ဆက်ဆိုရင် 'သန့်စင်' အားအယူ...

"ဟော့ ယူ... စတော့(ပ်) စတော့(ပ်)... ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ဆိုတာ ဘယ်လိုနေလဲ 'မေရီ' သိချင်လို့"

"ရယ်သလိုမရယ်သလို အခု 'မေရီ' နေသလိုပုံစံလေး လေ"

'မေရီ'က 'သန့်စင်' ကို ပြုံးတုံ့တုံ့ပုံစံလေးဖြင့် ငေးကြည့်နေရင်းမှ ရယ်ချလိုက်ပါသည်။

တင့်မောလွန်ကျလေ၊ ပုလဲနှစ်သည်

ပြေပြစ်တင့်ဆုံဆည်း၊ မိညက်ကြည်းသည်

စုလည်းထုံးတုံ့၊ မထုံးတုံ့။

သည်အပိုဒ်ကိုရောက်ပြန်တော့...

"ဒီ စုလည်းထုံးတုံ့ မထုံးတုံ့ဆိုတာ ဆံပင်ကိုပြောတာပေါ့ နော်... ယူ ဟုတ်လား"

"ဟုတ်တယ် 'မေရီ'... စုစည်းပြီး မထုံးသလိုထုံးသလို လုပ်ထားတာကိုပြောတာ"

"ဒါမျိုးလားဟင်"

ပြောရင်း 'မေရီ'က သူ့ဆံပင်ကိုလိမ်ကာ ဆံထုံးပုံထုံးပြ





ပြီး မော်ဒယ်လိုဟန်ပြနေတာကြောင့် 'သန့်စင်' ပြုံးလိုက်မိသည်။

ပြစ်လုံးကင်းဝေးစွ၊ မိသူဇာကို

ဆည်းဆာညရီတွင်၊ ကျွန်ုပ်မြင်သည်။

ရွှေရင်ဖုံးတုံ့၊ မဖုံးတုံ့။

သည်အပိုဒ်ကိုရောက်တော့ 'မေရီ' ဆီမှအသံမထွက်၍

"ဒါကော 'မေရီ' သိချင်သေးလား"

'မေရီ'ကမျက်နှာနီနီလေးဖြင့် ခေါင်းခါသည်။

"နိုး နိုး... 'မေရီ' သိတယ်"

နိုင်ငံခြားသွေးပါပေမယ့်လည်း 'မေရီ' စိတ်က မြန်မာ စိတ်မျိုးနွယ်နေပါပြီ။

ရှက်ရကောင်းမှန်းလည်း သိနေပေပြီ။

"ဒါနဲ့အိမ်မှာတောင် ယူ့အကြောင်း မေမေ့ကိုပြောပြတော့ မေမေကတွေ့ချင်လို့တဲ့... အခု ယူအားရင် လိုက်ခဲ့ပါလား ဟင်"

မျှော်လင့်သလို ငေးကြည့်နေရှာသော 'မေရီ'ရဲ့မျက်ဝန်းလေးများက မငြင်းရက်စရာပါ။

"ကောင်းပြီလေ... ကိုယ်လည်းအားနေတာပဲ လိုက်ခဲ့ပါ့မယ်"

'မေရီ' ကားနဲ့ပင် 'မေရီ' တို့တိုက်ရှိရာ အင်းလျားမြိုင်လမ်းကို လိုက်လာခဲ့လိုက်သည်။





၇

"မေမေ 'မေရီ' ပြောတဲ့ 'ကိုသန့်စင်ကျော်' ပါလာတယ်"

အင်းလျားမြိုင်အတွင်းရှိ 'မေရီ' ရဲ့ခြံလေးက အကျယ်ဝန်းကြီးမဟုတ်ပါသော်လည်း သစ်ပင်ပန်းမာန်စုံလင်စွာဖြင့် အေးဆေးဆိတ်ငြိမ်သော ခြံလေးတစ်ခြံပါ။

ခြံအလယ်တွင် တစ်ထပ်တိုက်ပုလေးရှိပြီး 'မေရီ' ရဲ့ဘောက်(စ်)ဝက်ဂွန်ကားလေး ထိုးဆိုက်သည်နှင့် သံဘာဂျာတံခါးပွင့်လာကာ သားနားမွန်ရည်သော မိန်းမကြီးတစ်ယောက်ကို အပေါက်ဝတွင် တွေ့လိုက်ရသည်။

'မေရီ' မေမေဟု ထင်ပါသည်။

'သန့်စင်' ငေးကြည့်နေမိဆဲ 'မေရီ' က တိုက်ထဲပြေးဝင်သွားကာ သူ့အမေကိုနမ်းရင်း ပြောလိုက်တာဖြစ်ပါသည်။

'မေရီ' ရဲ့မေမေသည် အသားဖြူဖြူ၊ ချောချောမွေ့မွေ့ဖြင့် မြန်မာပီသသော မြန်မာမကြီးတစ်ဦးဖြစ်ပါသည်။

ရင်ဖုံးအင်္ကျီနဲ့သာရောင်၊ နံ့သာရောင်ပါတိတ်ဖြင့် သနပ်ခါးကိုခြေဆုံးခေါင်းဆုံးလူးထားကာ နက်မှောင်ထူထဲသောဆံပင်များကို နဖူးပြောင်သိမ်းကာ နောက်ဘက်တွင် သေသပ်စွာထုံးဖွဲ့ထားသည်။

'သန့်စင်' ကိုအတွေ့ နှစ်ခြိုက်စွာပြုံးပြရင်း နှုတ်ဆက်လိုက်သည်။

"တွေ့ရတာဝမ်းသာပါတယ် 'မောင်သန့်စင်ကျော်'... သမီးပြောပြတည်းက အန်တီကတွေ့ချင်နေခဲ့တာ"

'မေရီ' ရဲ့မေမေက 'မေရီ' နဲ့ 'သန့်စင်' ခင်မင်ရင်းနှီးနေတာကို ဝမ်းမြောက်နေတဲ့ဟန်ပါ။

"သမီးကိုအစစအရာရာ ကူညီပေးတာကိုလည်း ကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ်အန်တီရယ်... ကျွန်တော့်အတွက် အပန်းမ





ကြီးပါဘူး"

"အေးကွယ်... အန်တီလည်းအသက်ကြီးလာတော့ ကိုယ့်မြန်မာပြည်မှာပဲ ခေါင်းချချင်တာနဲ့ ပြန်လာခဲ့တာ... 'မေ့' ကိုလည်းဖြစ်နိုင်ရင် ဒီမြန်မာပြည်မှာပဲ အခြေချစေချင်ပါတယ်... သူ့ဒယ်ဒီကရှိနေလို့"

" 'မေ့' ကို ဒယ်ဒီက ပြန်ခေါ်မှာလားဟင် မေမေ"

'မေရီ့' မျက်နှာက ငိုတော့မလို မျက်နှာထားဖြင့် ညိုနေရှာသည်။

"သူလည်း အဖေဆိုတော့ သမီးနဲ့လည်း နေချင်ဦးမှာပေါ့ကွယ်"

" 'မေ' တော့ မပြန်ချင်တော့ဘူး"

ပြောရင်း 'မေရီ' က 'သန့်စင်' ကိုလှမ်းကြည့်လိုက်တာကြောင့် 'သန့်စင်' 'မေရီ' မျက်ဝန်းတွေကို မမြင်ချင်ဟန်ဆောင်ရင်း သက်ပြင်းချလိုက်မိသည်။

ထိုနေ့တစ်နေ့လုံး 'မေရီ' တို့တိုက်တွင်နေကာ ညနေစောင်းမှ 'မေရီ' က 'သန့်စင်' ကိုပြန်ပို့ပေးသည်။

'သန့်စင်' ကားပေါ်မှအဆင်း...

"ဟော့ ယူ..."

'သန့်စင်' 'မေရီ' ကိုလှမ်းကြည့်လိုက်သည်။

"'မေရီ' ကိုအိမ်ပေါ် မခေါ်တော့ဘူးလား"

"ဟာ ခေါ်ပါတယ်... တို့က 'မေရီ' မှလိုက်ချင်ပါ့မလား လို့... လာလေ 'မေရီ'"

'မေရီ' ရှောရှောရှူရှူပင် ကားပေါ်မှဆင်းလိုက်လာခဲ့သည်။

"ဟင် ကိုကို"

ခြံထဲကကားရပ်သံကြားတာကြောင့် အိမ်ရှေ့ကိုပြေးထွက်လာခဲ့ကာ တံခါးဖွင့်ဖို့အပြင် သံဘာဂျာတံခါးရှေ့တွင်ရပ်နေသော ကိုကိုတို့ကြောင့် 'ထွေး' တအံ့တသြဖြစ်သွားရကာ ကိုကိုတို့နှစ်ယောက်ကို ငေးကြည့်နေမိသည်။

"ဟဲ့ 'ထွေး'... တံခါးဖွင့်လေ ဘာလုပ်နေတာလဲ"

ကိုကို့အော်သံကြားမှ 'ထွေး' လန့်သွားရကာ တံခါးသော့ကို ကပြာကယာဖွင့်လိုက်မိသည်။

ကိုကိုကပြုံးရင်း မိတ်ဆက်ပေးသည်။

"'ထွေး' မှတ်ထား... ဒါကိုကိုမိတ်ဆွေ 'မေရီ' တဲ့... 'မေရီ' ဒါကိုယ့်ညီမ 'နုထွေး'"

"'နုထွေး' ဟုတ်လား... သိပ်လှတဲ့နာမည်လေးပဲ ပြီး





...တော့ 'ထွေး' သိပ်ချောတာပဲ"

'မေရီ' 'ထွေး' ကို တအံ့တသြလေး ကြည့်နေရှာသည်။

...နေ့မှပဲ 'ထွေး' ကလည်း ခေါင်းလျှော်ကာ ယုဇနပန်းဖြူဖြူလေး ...တွေကို ခေါင်းမှာသီကုံးပြီးပန်ထားတာကြောင့် ဖါးဖါးဝေဝေသော ...ပင်ရှည်လေးဖြင့် ကြည့်ကောင်းနေရလေသည်။

အဝါနုရောင် တရုတ်ပိတ်အင်္ကျီ ရင်စေ့လက်စက၊ ရွှေ...ရောင် ကြောင်ခြစ်လုံချည်ဖြင့် ကိုကို့အပြန်ကြိုမည်ဟုပြင်...ထားသော 'ထွေး'၊ 'မေရီ' ကိုကြည့်ကာ မျက်နှာပျက်သွားမိသည်။

"ဖေဖေတို့ကော 'ထွေး'"

"ဘုရားသွားပါတယ် ကိုကို"

"ဒါဆိုကိုကိုနဲ့ 'မေရီ' အတွက် အအေးဖျော်ခဲ့ပေးပါလား"

'ထွေး' နောက်ဖေးကိုအပြေးဝင်လာကာ အအေးဖျော်နေ...မယ့် 'မေရီ့' ပုံစံကို မျက်ဝန်းထဲက ဘယ်လိုမှဖျောက်၍မရပါ။

မျက်ဝန်းပြာကြီးများဖြင့် 'ထွေး' ကိုစိုက်ကြည့်နေသော ...မေရီ' ရဲ့အလှကို 'ထွေး' တစ်ခါမှမမြင်ဖူးပါ။

ကိုကိုနဲ့ဘယ်လိုများ သိလာခဲ့ပါလိမ့်။

နောက်ဖေးခန်းမှာ 'ထွေး' တွေးနေချိန် အိမ်ရှေ့ခန်းတွင် ...သည်...

"ယူ..."

"ဘယ်အချိန်အထိ ယူ နေဦးမှာလဲ"

'သန့်စင်' စကားကြောင့် 'မေရီ' ကိုယ်လေးလှုပ်ကာရယ်လိုက်မိသည်။

"မကြိုက်ဘူးလား"

"သိပ်သူစိမ်းဆန်တယ်"

"အဲ့ဒါ အရင်ကလေ... အခုသူစိမ်းမှမဟုတ်တာ"

"ဟုတ်တယ်နော်... ယူနဲ့ 'မေရီ' နဲ့ကရင်းနှီးနေပြီပဲ... 'မေရီ' ဘယ်လိုခေါ်ရမလဲဟင်"

"ယူကလွဲရင် ကြိုက်တာခေါ်"

"ယူနာမည်က 'သန့်စင်ကျော်' နော်... 'ကျော်' လို့ခေါ်ရင်ကြိုက်ပါ့မလား"

" 'ကျော်'... အင်း ကောင်းသားပဲ"

'သန့်စင်' ပြုံးကာခေါင်းအညိတ်၊ 'မေရီ' 'သန့်စင်' မျက်နှာကိုကြည့်ကာ တီးတိုးခေါ်လိုက်သည်။

" 'ကျော်' "

"ကိုကို"

'သန့်စင်' 'မေရီ' ကိုပြုံးကြည့်နေဆဲ 'ထွေး' လင်ဗန်းလေး





ပြီး ဧည့်ခန်းတွင်းကို ရောက်လာခဲ့သည်။

'သန့်စင်' လင်ဗန်းအတွင်းမှ အအေးခွက်ကိုယူကာ 'မေရီ' ကိုလှမ်းအပေး...

" 'ကျော်' ရော..."

" 'မေရီ' သောက်နှင့်ပါ... ကိုယ်အဝတ်လဲလိုက်ဦးမယ်"

'သန့်စင်' ဧည့်ခန်းတွင်းက ထွက်သွားသည်နှင့် 'ထွေး' ာင်ယောက် 'မေရီ' ကို လှမ်းစပ်စုလိုက်မိသည်။

"မမနဲ့ကိုကိုနဲ့က တစ်တန်းတည်းလား"

"နိုး နိုး... 'ကျော်' က ဆရာ"

"ဩော်"

"သူက 'မေရီ' ကိုစာပြပေးတယ်... 'ထွေး' ကော ကျောင်းနေဘူးလား"

"ဟင့်အင်း"

'ထွေး' ငြိမ်ကာ 'မေရီ' မျက်နှာလှလှလေးကို ငေးကြည့်နေဆဲ...

" 'မိထွေး' သွားလေ"

'ထွေး' လင်ဗန်းလေးကိုကိုင်ကာ နောက်ဖေးကိုပြန်ထွက်ခဲ့သည်။ မျက်ဝန်းထဲမှာတော့ ကိုကို့ကို ကြည်ကြည်နူးနူး

ကြည့်ကာ စကားတွေပြောနေသော 'မေရီ' မျက်နှာလေးကို မြင်ယောင်ကာ ရင်ထဲမှာဘယ်လို ဖြစ်နေမှန်းမသိပါ။

ဝမ်းနည်းသလိုလို၊ ငိုချင်သလိုလိုနှင့်ပါ။

ပြီးတော့ ကိုကို။

ကိုကိုကလည်း 'ထွေး' ကို ဘာလို့နှင်ထုတ်ရတာလဲ။ သူတို့အနားမှာ 'ထွေး' ကို မနေစေချင်လို့လား။

'ထွေး'၊ 'ထွေး' သိပါပြီ ကိုကိုရယ်။

ဝမ်းနည်းပမ်းနည်း ပါးပေါ်မျက်ရည်များစီးအကျ…

" 'ထွေး' ရေ"

"အမယ်လေး"

ကိုကို့ခေါ်သံအကြားကြီး ကြားလိုက်ရသည်။

'ထွေး' ဘယ်လိုလုပ်ရပါ့။ ပါးပေါ်စီးကျနေသော မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းပွတ်ကာ နောက်ဖေးပေါက်မှပြေးဆင်းလာရင်း ကုန်းအော်လိုက်သည်။

" 'ကြီးစော' ရေ… 'ကြီးစော'… ခဏ"

"ဟဲ့ ဘာလဲ"

ခြံထဲတွင်ချဉ်ပေါင်ရွက် ခူးနေတဲ့ 'ကြီးစော' 'ထွေး' အနားကိုရောက်ချလာသည်။





'ကြီးစော' က ဒီခြံကို 'ထွေး' မရောက်ခင်တည်းက ရောက်နှင့်နေသူပါ။

"ဟိုမှာ ကိုကိုရယ်… ခေါ်နေလို့"

"ဟဲ့ နင်အားနေသားပဲ… သွားလိုက်ပါလား"

"ဟို 'ထွေး' ဗိုက်နာနေလို့… 'ကြီးစော' ပဲသွားပေးပါနော် 'ကြီးစော' "

'ထွေး' အတင်းတွန်းလွှတ်နေတာကြောင့် 'ကြီးစော' အိမ်ရှေ့ခန်းကိုထွက်အသွား 'ထွေး' မီးဖိုထဲတွင်ထိုင်ကာ သက်ပြင်းချလိုက်မိသည်။

ဘယ်လိုပဲဖြစ်ဖြစ် 'ထွေး' ရင်ထဲကအဖြစ်ကို ကိုကိုမရိပ်မိစေချင်ပါ။

နားထဲတွင်တော့ ကိုကို့အသံမာဆတ်ဆတ်ကြီးကို ကြားယောင်ကာ အလိုလိုနေရင်း ဝမ်းနည်းနေမိပါသည်။

# ၆

" 'ကျော်'..."

တက္ကသိုလ်စာကြည့်တိုက်တွင်ဖြစ်သည်။ လိုအပ်သော စာအုပ်တစ်အုပ်ကိုရှာနေဆဲ 'မေရီ' ရောက်လာခဲ့ခြင်းပင်။

" 'မေရီ' ကို တို့ဒီမှာရှိတယ်ဆိုတာ ဘယ်သူပြောလိုက်လဲ"

" 'ကိုကောင်းမြတ်' ပြောလိုက်တာ"

"လာ 'မေရီ' "

'သန့်စင်' စာကြည့်တိုက်ထဲမှ ထွက်လာခိုက် 'မေရီ' ပြေး





င်ကာလာသည်။

" 'ကျော်' က သိပ်နေနိုင်တာပဲ"

"ဘာလဲ 'မေရီ' ရဲ့... ဘာဖြစ်လို့လဲ"

လမ်းလျှောက်နေရာမှ 'မေရီ' ဘက်ကိုလှမ်းအကြည့် မေရီ' က မျက်မှောင်တွန့်တွန့်လေးနဲ့ 'သန့်စင်' ကို မျက်စောင်း ခဲ့သည်။

"ဒီနေ့ 'မေရီ' ဘာထူးခြားလာလဲ"

"ဟာ..."

ခုမှ 'သန့်စင်' သတိပြုမိသွားသည်။

ကြည့်စမ်း 'မေရီ' က ထမီနှင့်အင်္ကျီနှင့်ပဲ။

ခါတိုင်းဝတ်နေသလို ဘိုဆန်ဆန် အဝတ်အစားတွေ မဟုတ်ဘဲ ဒီနေ့ဝတ်လာတာက မြန်မာဆန်ဆန် အဝတ်အစားတွေပါ။

မြန်မာရက် စိမ်းပြာရောင်အဆင်ဆန်းဆန်းလေးကို ရင်ခွဲလက်စက ချုပ်ဝတ်ကာ အချိုးကျသော 'မေရီ' ကိုယ်ပေါ်မှာ အင်္ကျီနှင့်ဆင်တူလုံချည်က ချပ်ရပ်လှပ၍နေသည်။

ရွှေဝါရောင်ဆံပင်ကိုတော့ ပြင်သစ်ဆံထုံးထုံးကာ အနက်ရောင်ဆံထိုးလေးထိုးစိုက်ထားတာကြောင့် 'မေရီ' ပုံစံကသွယ်

သွယ်နွဲ့နွဲ့ဖြင့် တစ်မျိုးချစ်စရာကောင်းနေရသည်။

တဒင်္ဂမျှ 'သန့်စင်' ငေးမောနေပြီးမှ ပြုံးလိုက်မိသည်။

'သန့်စင်' အပြုံးကိုအမြင် 'မေရီ'က လှမ်းမေးသည်။

"ဘာလဲ 'ကျော်' မကြိုက်လို့လား"

"ကြိုက်ပါတယ်"

"'မေရီ' နဲ့လှကောလှလို့လားဟင်... ဟိုတစ်နေ့က 'ကျော့်' ညီမလေး 'ထွေး' ဝတ်ထားတာ မြင်ပြီးတည်းက 'မေရီ' အရမ်းကို ဝတ်ချင်နေခဲ့တာ"

'မေရီ' က 'ထွေး' ဆိုမှ ဒီကောင်မလေး 'သန့်စင်' ကို ရှောင်ဖယ်ဖယ်သတိထားမိလိုက်သည်။ ခါတိုင်း သူ ကျောင်းအ လာကော၊ အပြန်မှာပါ 'ထွေး' က အိမ်ပေါက်ဝမှ စောင့်ကြိုနေ ကြပါ။

ခုတလော 'သန့်စင်' ကလည်း ကိုယ့်အလုပ်နဲ့ကိုယ် မ အားတာကြောင့် 'ထွေး' ကို ဂရုမပြုမိတာ ခုတော့ 'မေရီ' ကြောင့် 'ထွေး' ကိုသတိရလာသည်။

ချက်ခြင်းလိုလို 'မေရီ' ကိုလှမ်းမေးလိုက်သည်။

"'မေရီ' အားလား"

'မေရီ' က သူ့ကိုအံ့ဩသလိုကြည့်ရင်း...





"အားသားပဲ... 'ကျော်' ဘာလုပ်ချင်လို့လဲ... 'မေရီ' က လပ်(စ်) က နေ့ခင်းပိုင်းတစ်ချိန်ပဲရှိတာ... တက်ရင်လည်းရတယ် မတက်ရင်လည်းရတယ်"

"ဒါဆို အိမ်မှာထမင်းလိုက်စားပါလား"

"good တာပဲ... သွားမယ်လေ"

နှစ်ယောက်သား 'မေရီ' ကားနှင့်ပင် 'သန့်စင်' တို့အိမ်ကို ထွက်လာခဲ့ကြသည်။

'သန့်စင်' နှင့်အတူသွားရတာကြောင့် 'မေရီ' မျက်နှာလေး က ပြုံးပျော်နေသည်။ လမ်းတစ်ဝက်ကိုအရောက် 'မေရီ' ရဲ့အ ထိတ်တလန့် အသံလေးထွက်လာခဲ့သည်။

"'ကျော်' ရေ... ကားဘီးပေါက်ပြီနဲ့တူတယ်"

ကားကတစ်ဖက် စောင်းနေလေသည်။ 'သန့်စင်' ကားထဲ မှခေါင်းပြူကာ ထွက်ကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

"အစစ်ပဲ စပယ်ယာဝှီးပါလား"

"ပါတယ် 'ကျော်'... 'ကျော်' ပါလာတာ 'မေရီ' အတွက် ကံကောင်းတာ... နင်မို့ဆို 'မေရီ' တစ်ယောက်တည်း ဒုက္ခရောက် ဦးမှာ"

"'မေရီ' လိုမိန်းမလှလေး ဒုက္ခရောက်ရင် ကူညီမယ့်သူ

တွေ အများကြီးရှိနေမှာပါ”

“ဟင့်အင်း ‘မေရီ’ ကတစ်ယောက်ပဲ ကူညီစေချင်စေတာ အဲ့ဒီလူကဘယ်သူလဲ သိလား”

‘မေရီ့’ ရဲ့ ညှို့မျက်လုံးကို ရင်ဆိုင်ကာမကြည့်ရဲသလို ကားဘီးကိုအဖြုတ်...

“ဟော မိုးရွာလာပြီ”

‘မေရီ’ ‘သန့်စင်’ ရဲ့ဘေးနားတွင်ရပ်နေရာမှ လွယ်အိတ်ကိုလှမ်းယူကာ ထီးထုတ်ပြီး ‘သန့်စင်’ ကိုလာမိုးပေးသည်။

“ရပါတယ် ‘မေရီ’ ရယ်... ‘မေရီ’ မိုးတွေစိုကုန်မှာပေါ့”

“အို ‘ကျော်’ တောင် မိုးအစိုခံပြီး ‘မေရီ့’ ရဲ့ကားကိုပြင်ပေးနေသေးတာ... စိုတော့လည်း ဘာဖြစ်သေးလဲ နှစ်ယောက်အတူပေါ့”

မိုးကပိုပိုသည်းလာတာကြောင့် ‘မေရီ’ ကိုယ်တစ်ခြမ်းလုံး စိုရွှဲလာသည်။

“ကားပေါ်တက်ပါ ‘မေရီ’ ရယ်... ကိုယ်ကယောကျ်ားလေးပဲ စိုလည်းဘာဖြစ်လဲ”

“ဟင့်အင်း... ‘ကျော့်’ အနားမှာပဲအတူတူနေချင်တယ်”

ခေါင်းမာတဲ့ ‘မေရီ’ ကိုပြောနေလည်း မထူးတာကြောင့်





ဘီးကိုအမြန်လဲနေဆဲ ‘မေရီ’ ဆီက စကားသံတွေ တိုးထွက်လာသည်။

“ ‘ကျော်’ က သိပ်တော်တာပဲနော်... ”

“ဘာဖြစ်လို့လဲ ‘မေရီ’ ရဲ့”

“ဩော် စာလည်းတော်တယ်... အကုန်လုံးလည်းလုပ်တတ်ကိုင်တတ်တယ်လေ”

တစ်ခါက ‘မေရီ’ အိမ်ကိုအရောက် ‘ကျော်’ ကားပြင်နေတာကို တွေ့ခဲ့ရသည် မဟုတ်ပါလား။

“ဒါကတော့ ‘မေရီ’ ရယ်... ကိုယ်တစ်ယောက်တည်း မဟုတ်ပါဘူး... ကားရှိတဲ့ယောကျ်ားလေး အတော်များများ တတ်ကြမှာပါ”

“မေမေကတော့ ‘ကျော့်’ ကိုသဘောကျနေတယ်”

‘မေရီ’ ကကောဟု မေးမည်ပြုပြီးမှ မမေးတော့ဘဲ ‘သန့်စင်’ ‘မေရီ့’ ကိုလှမ်းအကြည့်၊ ‘မေရီ’ မျက်ဝန်းလေးများက ‘သန့်စင်’ မျက်ဝန်းများကို စိုက်ကြည့်နေတာ တွေ့လိုက်ရသည်။

အနီးကပ်ထိုင်ကာ ထီးမိုးပေးနေသော အနေအထားကြောင့် ဖြူနုသော ‘မေရီ’ ရဲ့ပါးပြင်မှ သွေးကြောခရမ်းရောင်မျှင်လေးများကို မြင်နေရကာ သင်းပျံ့သော ‘မေရီ’ ရဲ့ကိုယ်သင်းနံ့

ကလည်း 'သန့်စင်' ရဲ့ရင်ခုန်သံကို နိုးထစေပါသည်။

"'မေရီ'…"

'သန့်စင်' ရဲ့ခေါ်သံက ခြောက်ကပ်ကပ်နိုင်လှသည်။

"ဘာလဲ 'ကျော်'…"

'မေရီ' အသံကလည်း 'သန့်စင်' နည်းတူပါ။ စိတ်လှုပ်ရှားနေမှန်း သိသာသည်။

'မေရီ' သူ့ကိုမျှော်လင့်နေမှန်း 'သန့်စင်' သိပါသည်။ သူကိုယ်တိုင်လည်း 'မေရီ' ကို စိတ်ဝင်စားမိပါသည်။

ဒါပေမဲ့ 'အင်ကြင်း' ရဲ့စကားက 'သန့်စင်' ရဲ့နှလုံးသားနိုးထမှုကို လမ်းတစ်ဝက်မှာတင် ရပ်တံ့သွားစေသည်။

"'မေရီ' က ဒီမြန်မာပြည်မှာနေချင်ပေမယ့် သူ့ဒယ်ဒီက 'မေရီ' ဘွဲ့ရတာနဲ့ပြန်ခေါ်မှာ 'ကိုသန့်စင်ကျော်' ရဲ့"

သည်စကားကြားပြီးတည်းက 'သန့်စင်' တွေဝေနေတာကြာပါပြီ။

နောင်တစ်နေ့ ခွဲကြရမယ့်အတူတူ ခုတည်းက သူ့အချစ်တွေကိုရင်ထဲမှာပဲ ချုပ်တီးသိမ်းဆည်းထားတော့မည်အတွေးဖြင့် 'မေရီ' ရဲ့ ထီးရိပ်အောက်မှ အသာရှောင်အထွက်…

"'ကျော်'…"





'မေရီ' ရဲ့မျက်နှာ ငိုမဲ့မဲ့ဖြစ်လာသည်။ အသံလေးကသည်း ဝမ်းနည်းသံထွက်လာသည်။

"'ကျော်' 'မေရီ' ကို မုန်းနေတာလားဟင်"

"ဘာဆိုင်လို့လဲ 'မေရီ' ရယ်"

"ဒါနဲ့များ 'ကျော်' ရယ်"

'သန့်စင်' 'မေရီ' ရဲ့အငိုမျက်လုံးလေးကို ဘယ်လိုရှောင်မလဲ။

တဆတ်ဆတ်တုန်နေအောင် စိတ်မကောင်းဖြစ်နေသော နှုတ်ခမ်းပါးလေးများကို ဘယ်လိုနှစ်သိမ့်ရပါ့မလဲ။

တကယ်ဆို 'သန့်စင်' သည် 'မေရီ' ကို မချစ်မိအောင်နည်းချုပ်တည်း ထိန်းချုပ်နေရသူပါ။

ခုတော့ ချုပ်တီးနိုင်မှုစွမ်းအားတွေလည်း လျော့ရဲကုန်ပြီသင့်။

# ၇

“ ‘မေရီ’...”

“ ‘ကျော်’...”

“ ‘မေရီ’ ရယ်”

မိုးသည်းသည်းအောက်တွင် အနမ်းသည်းသည်းတွေ ဝေဆာတွေ ဖူးပွင့်လာကြသည်။

‘သန့်စင်’ ‘မေရီ’ ကိုရင်ခွင်ထဲဆွဲသွင်းကာ လှိုက်လှဲစွာ ပြောလိုက်မိသည်။

“ကိုယ် ‘မေရီ’ ကို သိပ်ချစ်တယ်”





“ ‘မေရီ’ လည်းကိုယ့်လိုပါပဲ... ‘ကျော်’ ရယ်”

အချစ်သည်အရာအားလုံးကို မေ့လျော့စေသလို ‘သန့်စင်’ နဲ့ ‘မေရီ’ တို့လည်း ပတ်ဝန်းကျင်ကို တဒင်္ဂမျှ မေ့လျော့သွားကြသည်။

မိုးကတခြား ထီးကတခြား။ မိုးရေထဲမှာတစ်ယောက်နဲ့တစ်ယောက် လွတ်ထွက်သွားမှာစိုးတဲ့အလား ဖက်တွယ်ထားမိကြသည်။

အတန်ကြီးကြာမှ ‘မေရီ’ ‘ကျော်’ ရင်ခွင်တွင်းမှရုန်းထွက်ကာ ‘ကျော့်’ ကို မော့ကြည့်လိုက်သလို ‘သန့်စင်’ ကိုယ်တိုင်လည်း မိုးရေထဲမှ ‘မေရီ’ ရဲ့မျက်နှာလေးကို ငုံ့ကြည့်လိုက်မိသည်။

ရေစက်ရေပေါက်များတင်နေတဲ့ ‘မေရီ’ ရဲ့မျက်နှာလေးက အာရုံဦးမှာ ပွင့်စပန်းလေနှယ် ရှင်းသန့်နေသည်။

‘သန့်စင်’ မိုးရေများစိုရွှဲနေသော ‘မေရီ’ ဆံပင်လေးများကို သပ်တင်ကာ နဖူးပြေပြေလေးကို မြတ်နိုးစွာ ရှိုက်နမ်းလိုက်မိသည်။

ကားဘီးလည်း တပ်ပြီးသွားပြီမို့ ချစ်သူကို ငုံ့ပြောလိုက်မိသည်။

“သွားကြရအောင်”

“ဘယ်သွားမှာလဲ ဟင်”

“မောင်တို့အိမ်ကိုပေါ့”

“မောင် ဟုတ်လား”

‘မေရီ’က အံ့ဩစွာ ‘သန့်စင်’ ကို လှမ်းကြည့်နေသည်။ ‘သန့်စင်’ ပြုံးလိုက်ရင်း...

“တစ်ယောက်နဲ့တစ်ယောက် ချစ်လာကြရင် ချစ်စနိုးနဲ့ မောင်လို့ ခေါ်ကြတယ်... ‘မေရီ’ ခေါ်ကြည့်ပါလား”

“မောင့်”

“အဲ့ဒီလိုအသံမာမာနဲ့မဟုတ်ဘူး... အသံပျော့ပျော့လေးနဲ့ အားကိုးတကြီးခေါ်တဲ့အသံ... အဲ့ဒီအသံထဲမှာ ချစ်ခြင်းလည်းပါတယ် မြတ်နိုးခြင်းလည်းပါတယ်... ပိုင်ဆိုင်လိုခြင်း ရယူလိုခြင်းလည်းပါတယ်... ‘မေရီ’ ခေါ်ကြည့်ပါဦး”

“မောင်”

‘သန့်စင်’ ကိုငေးကြည့်နေတဲ့မျက်ဝန်းလေးရယ် နှုတ်ခမ်းလုလုလေးရယ်ကိုကြည့်ကာ ‘သန့်စင်’ မြတ်နိုးစွာ ရင်ခွင်တွင်းကို ဆွဲသွင်းလိုက်မိသည်။

‘မေရီ’ နဲ့ ဒီလောက်လျင်မြန်စွာ ချစ်သူဖြစ်သွားကြလိမ့်မည်ဟု သူ တစ်ခါမှမတွေးဖူးခဲ့ပါ။





ခုတော့လည်း မခွဲနိုင်သလို ချစ်သူရဲ့ ပခုံးလေးကိုသိုင်းဖက် ‘မေရီ’က သူ့ကိုမော့ကြည့်ကာ တိုးတိုးလေးမေးသည်။

“မောင့်ကိုတော့ မောင်လို့ခေါ်ပြီးပြီ... ‘မေရီ’ ကိုကော မောင် ဘယ်လိုခေါ်မှာလဲဟင်”

‘သန့်စင်’ ပြုံးလိုက်သည်။ သူ့အတွေးထဲမှာ ‘မေရီ’ နဲ့ လိုက်တဲ့နာမည်လှလှလေး တစ်လုံးရှိသည်။ ‘မေရီ’ က လှသလို ‘မေရီ’ ရဲ့နာမည်လေးကိုလည်း လှစေချင်သည်။

“ပြောလေ မောင်... ‘မေရီ’ ကိုဘယ်လိုခေါ်မှာလဲလို့”

“ ‘မိုး’ လို့ခေါ်ချင်တယ်”

“ ‘မိုး’ ဟုတ်လား မောင်... ဘာဖြစ်လို့လဲ”

“ ‘မေရီ’ စိတ်ကမြန်မာဆန်တယ်... ‘မေရီ’ ဆိုတဲ့နာမည်က ဘိုဆန်တယ်... မြန်မာဆန်တဲ့ ‘မေရီ’ ကို မြန်မာဆန်ဆန် ‘မိုး’ ဆိုတဲ့နာမည်လေးပဲ မောင်ပေးချင်တယ်”

“ဟောလီးဝုဒ်မင်းသမီး ဂျူလီယာမိုးလို ‘မေရီ’ ကိုလည်း ‘ရို့(စ်)မေရီမိုး’ လို့ ခေါ်ချင်တာလား”

ဂျူလီယာမိုးပါသော ရုပ်ရှင်ကားတွေကို သူကြည့်ဖူးပါသည်။ နှစ်လည်းနှစ်သက်ပါသည်။

ဒါပေမဲ့ ‘မိုး’ ဆိုတဲ့နာမည်ကို သူပေးချင်တဲ့ အဓိပ္ပါယ်က

တစ်မျိုးပါ။

"မောင်က 'မိုး' ဆိုတဲ့ တစ်လုံးတည်းပဲပေးချင်တာ"

"ဘာဖြစ်လို့လဲ မောင်"

'သန့်စင်' ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်သည်။ မိုးရေကြောင့် သစ်ပင်ပန်းမာန်တို့ စိမ်းလန်းစိုပြေကြရသည်။

'မေရီ' အချစ်ကြောင့်လည်း 'သန့်စင်' နှလုံးသားက အချစ်ပန်းတွေ ဖူးပွင့်လာရတာကြောင့်...

"မိုးကြောင့်သစ်ပင်တွေ ပန်းမာန်တွေ ပွင့်ဖူးဝေဆာရသလို 'မေရီ' ကြောင့်လည်း မောင့်အချစ်တွေ ဖူးပွင့်လာတာမို့ 'မိုး' လို့အမည်ပေးချင်တာ... ပြီးတော့ရှိသေးတယ်... မောင်တို့နိုင်ငံမှာ ရာသီဥတုသုံးမျိုးရှိတယ်... နွေရယ် မိုးရယ် ဆောင်းရယ် အဲ့ဒီသုံးမျိုးထဲမှာ မိုးရာသီက အရေးအပါဆုံးပဲ... မိုးရာသီရောက်မှ လယ်သမားတွေထွန်ရေးငယ်ရတယ်... စပါးစိုက်ရတယ်...

မိုးသာမရွာရင် စပါးပင်လည်း ဖြစ်လာမှာမဟုတ်ဘူး... မောင်တို့လည်း ဒီလိုနေရမှာမဟုတ်ဘူး... မောင့်ဘဝမှာလည်း 'မိုး' ဆိုတဲ့ 'မေရီ' နဲ့သာမတွေ့ရင် အချစ်ဆိုတဲ့ ဝေါဟာရလည်း ဖြစ်လာမှာမဟုတ်ဘူး... ချစ်မိမှာလည်း မဟုတ်ဘူး... မိုးကာလကို လယ်သမားတွေ မျှော်ကြသလို မောင်ဆိုတဲ့ 'သန့်စင်' က





ည်း 'မိုး' ကိုမမျှော်ပါရစေနဲ့ မလွမ်းပါစေနဲ့ မခွဲပါရစေနဲ့"

"မောင် ရယ်"

'မေရီ' သည် 'သန့်စင်' ကိုယ်ကြီးကို လွတ်ထွက်သွားမှာ း သည့်အလား တင်းကြပ်စွာ ဖက်တွယ်ထားမိသည်။

သူမရဲ့ဘဝမှာ 'ကျော့်' လောက် ဘယ်ယောကျ်ားလေးကို မခွဲလမ်းမတွယ်တာ မချစ်ခင်ခဲ့ဖူးပါ။

'ကျော့်'ကိုတော့ မညာတမ်းပြောရလျှင် တွေ့စကပင်ချစ် င်ခွဲလမ်းမိခဲ့ပါသည်။

ဒီလိုလူကို 'မေရီ' က ခွဲသွားပါ့မလား။

"'မိုး'... 'မိုး' လေ... မောင့်ကိုဘယ်တော့မှစပြီး ခွဲမသွား ူး... မောင်နဲ့ပဲနေမယ်... 'မိုး' မောင့်ကိုသိပ်ချစ်ပါတယ်"

"'မိုး' လိုပဲ မောင်လည်း ချစ်ပါတယ်အချစ်ရယ်"

# ၈

"ဟဲ့ ဘယ်လိုဖြစ်လာကြတာလဲ"

'သန့်စင်' တို့တိုက်ကို ရောက်လာတဲ့အချိန်တွင် နှစ်ယောက်လုံး ရွှဲရွှဲစိုကာ ကြွက်စုတ်ဖြစ်နေ၍ မေမေက တိုက်ပေါက်ဝမှ လှမ်းအော်သည်။

"မိုးရေထဲမှာများ စိမ်ပြေနပြေဆော့လာတာလားကွယ်"

'သန့်စင်' 'မိုး' မျက်နှာကိုကြည့်ကာ ပြုံးလိုက်သလို 'မိုး' ကိုယ်တိုင်လည်း ခေါင်းလေးငုံ့ကာ ငြိမ်ရပ်နေတာကြောင့်...

"ဟုတ်တယ်မေမေ... သားနဲ့ 'မေရီ' အဲ 'မိုး' နဲ့မိုးရေထဲ





မှာ ဆော့လာခဲ့ကြတာ"

"ကွယ် ကလေးကျနေတာပဲ"

မေမေ 'သန့်စင်' ခေါင်းကိုလှမ်းမခေါက်မီ 'သန့်စင်' မေမေ့ကိုယ်ကြီးကို အတင်းဖက်လိုက်သည်။

"ဟဲ့ ဘာလုပ်တာလဲ... ငါပါ အကုန်စိုကုန်ပြီ ဒီကလေးတွေတော့"

မေမေနောက်ထပ်မအော်မီ 'သန့်စင်' 'မေရီ' ကိုမျက်ရိပ်ပြကာ အတွင်းခန်းထဲကို ခေါ်လာခဲ့လိုက်မိသည်။ ခေါ်လာပြီးမှ

"မေမေ 'ထွေး' ကော"

"ရှိမှာပေါ့"

"'ထွေး' ရေ... 'ထွေး'"

'ထွေး' သည်အပေါ်ထပ်တွင် ငြိမ်ငြိမ်လေးထိုင်နေရာမှ အောက်ထပ်ကို ခပ်သွက်သွက်ဆင်းလာခဲ့လိုက်သည်။

ကိုကိုတို့လာတည်းက 'ထွေး' မြင်ပြီးပါပြီ။

'ထွေး' ကိုမြင်လျှင် ကိုကိုမကြိုက်မှာစိုးတာကြောင့် အပေါ်ထပ်တွင် တက်ပုန်းနေပြီးမှ ကိုကို့အော်သံကြောင့် ပြန်ဆင်းလာခဲ့ရတာဖြစ်ပါသည်။

"ဘာလဲ ကိုကို"

ထမင်းစားခန်းအဝတွင် ကိုကိုနဲ့ 'မေရီ' ကို တွေ့လိုက်ရသည်။ ကိုကို့မျက်နှာက ချိုပြုံးနေကာ 'ထွေး' ကိုခပ်တိုးတိုးလှမ်းပြောသည်။

"ကိုကိုတို့ကိုကူပါဦး... ကိုကိုအတွက်မျက်နှာသုတ်ပုဝါရယ် 'မိုး' အတွက်က 'ထွေး' အဝတ်အစားတချို့ထုတ်ပေးလိုက်ပါ"

"ရပါတယ် မောင်ရဲ့... 'မိုး' မလဲတော့ပါဘူး"

"ဟာ မဟုတ်တာ... 'မိုး' အအေးမိမှာပေါ့... ဘာလဲ မောင်လဲပေးရမှာလား"

"မောင်နော်"

'မေရီ' က လှမ်းထုသည်။ 'ထွေး' ရှေ့မှာရှိနေပါလားဆိုတာကိုပင် မသိတော့လောက်အောင် ကိုကိုတို့နှစ်ယောက်လုံး မွှန်ထူနေကြလေသည်။

'ထွေး' 'မိုး' ကို သူမအခန်းတွင်းသို့ ခေါ်လာခိုက်မခွဲနိုင်သလို မခွဲရက်သလို ငေးကြည့်နေတဲ့ 'ကိုကိုကျော်' မျက်ဝန်းများကို လှမ်းကြည့်ကာ 'ထွေး' ရင်ထဲ ငိုချင်လာပါပြီ။

'မိုး' ရဲ့ရှေ့မှာမို့ ဟန်လုပ်ကာမျက်ရည်မကျအောင် ချုပ်တိမ်းနေရဆဲ...





" 'ထွေး'..."

'မိုး' က လှမ်းခေါ်သည်။

" 'ကိုကိုကျော်' ကို သိပ်ချစ်တာပဲလား ဟင်"

'ထွေး' ဘယ်လိုဖြေရပါ့မလဲ။ မချစ်ဘူးလို့လည်း 'ထွေး' မညာချင်ပါ။ 'ထွေး' 'ကိုကိုကျော်' ကို ဟိုးငယ်ငယ်လေးတည်းက ချစ်ခဲ့မိတာ၊ လေးစားခဲ့မိတာပဲ။

ယုတ်ဆွအဆုံး 'ထွေး' ဘဝကို 'ကိုကိုကျော်' အတွက်လို့ပင် 'ထွေး' က သတ်မှတ်ထားတာ။ 'ထွေး' အဲ့ဒီလိုသည်းသည်းလှုပ်နေ၍ 'ကိုကိုကျော်' ရဲ့ဖေဖေမေမေတို့ကပင် ရိပ်မိနေကြတဲ့ဥစ္စာ။

ဒီလို 'ထွေး' က မချစ်ဘူးလို့ မညာရက်တာကြောင့် ခေါင်းကိုညိတ်အပြ...

" 'မိုး' လည်းမောင့်ကို သိပ်ချစ်တာပဲ 'ထွေး' ရယ်"

"ဟင်"

'မိုး' မျက်နှာကိုငေးကြည့်ကာ ဘာပြန်ပြောရမှန်းမသိ။ ခေါင်းထဲမှာတော့ လောလောလတ်လတ် မေမေပြောခဲ့တဲ့စကားတွေ ကြားယောင်ကာ ရင်ထဲမှာ ကြေကွဲနေရလေသည်။

"တကယ်တော့ သမီးနဲ့ သမီး 'ကိုကိုကျော်' တို့ကမောင်

နှအေရှင်းတွေမှ မဟုတ်ကြတာပဲကွယ်... တခြားလူနဲ့လက်ထပ်တာထက် ကိုယ့်အချင်းချင်း ပြန်လက်ထပ်ကြတော့ ဥမကွဲသိုက်မပျက် ညီညီညွတ်ညွတ်ရှိတာပေါ့... သမီးသဘောက ဘယ်လိုရှိလဲ"

ကိုကို 'မေရီ' ကိုအိမ်ခေါ်လာပြီး နောက်ပိုင်း 'ထွေး' မှုပျက်နေတာကို မေမေတို့ရိပ်မိကာ သည်စကားပြောသည်ဟု 'ထွေး' ထင်ပါသည်။

"'ထွေး' သဘောထက် ကိုကို့သဘောက ပိုအရေးကြီးတယ်လို့ထင်ပါတယ်"

"အိုအေ မိဘကကောင်းမယ်ထင်လို့ စီစဉ်ရင် သားသမီးက လိုက်နာရမှာပေါ့... 'ထွေး' သဘောကိုလည်း မေမေကြီးတို့က ပြတ်ပြတ်သားသားသိချင်တာ"

"'ထွေး'... 'ထွေး' လေ ကိုကို့ကိုချစ်ပါတယ်"

"အေးလေ ဒါဆိုပြီးရောပေါ့"

ကျေနပ်သလို မေမေ့ရဲ့အပြုံးနောက်ကွယ်မှာ ဘာတွေဖြစ်လာဦးမယ်ဆိုတာ 'ထွေး' မသိပါ။

လောလောဆယ် 'ထွေး' ကိုကိုတို့အနားက ထွက်လာကာ အပေါ်ထပ်ကိုတက်လာခဲ့လိုက်သည်။





# ၄

"သား.."

မနေ့ကမိုးမိလာတာကြောင့် ညကကိုယ်တွေလက်တွေကိုက်ကာ မနက်ကျတော့ 'သန့်စင်' တော်တော်နဲ့မနိုးပါ။

နေမြင့်မှနိုးလာကာ အိပ်ယာကမထသေးဘဲ မနေ့က 'မေရီ' နဲ့ချစ်ခဲ့ကြတဲ့ အဖြစ်တွေကိုတွေးကာ ရင်မှာကြည်နူးမဆုံးဖြစ်နေဆဲ မေမေရောက်လာခဲ့တာဖြစ်ပါသည်။

"နေကောင်းရဲ့လား"

"ကောင်းပါတယ်... မေမေ ထိုင်လေ"

မေမေက ကုတင်ဘေးရှိစားပွဲတွင် ဝင်ထိုင်သည်။ အတန်ကြာသည့်တိုင်အောင် ဘာစကားမှ မပြောတာကြောင့် 'သန့်စင်' မေမေ့ကိုလှမ်းမေးလိုက်သည်။

"မေမေ ဘာပြောချင်လို့လဲ"

"ဩော် မနေ့က သားနဲ့ပါလာတာ ဘယ်သူလဲ"

"'မိုး' လေ မေမေရဲ့... အိမ်ကိုနှစ်ခါတော့လာဘူးတယ်လေ... မေမေနဲ့လွဲ,လွဲနေလို့"

"သူကဘာလုပ်တာလဲ ဘာလဲ"

'သန့်စင်' မေမေ့ကို ဇာတ်စုံခင်းပြရသည်။

"ဒါဆို သူက မြန်မာမ မဟုတ်ဘူးပေါ့"

"အမေကမြန်မာပဲ မေမေရယ်"

"အဖေကနိုင်ငံခြားသားဆိုတော့ ဘိုမပေါ့"

"'မိုး' မချောဘူးလား မေမေ"

'သန့်စင်' မေမေ့ကိုပြုံးကာ မေးလိုက်သည်။

"ချောပါတယ်"

မေမေ့အသံက အေးစက်စက်မို့ 'သန့်စင်' မေမေခါးကိုဖက်ကာ ခေါင်းငုံ့ရင်းတီးတိုး ပြောလိုက်မိသည်။

"'မိုး' က ကျွန်တော့်ကိုသိပ်ချစ်တာ"





"သူကချစ်တယ်ဆိုတော့ သားကကော"

"သားလည်း 'မိုး' ကိုသိပ်ချစ်ပါတယ်"

မေမေက သက်ပြင်းချကာ ငြိမ်သက်နေသည်။ခဏနေမှ

"အသွင်မတူ အိမ်သူမဖြစ်တဲ့သားရဲ့... ဒါ အိမ်ထောင်ပြုမယ့်သူတိုင်း သိထားသင့်တဲ့အချက်ပဲ... ဘယ်လောက်ပဲချစ်ချစ် အသွင်မတူရင် ကွဲသွားတတ်ကြတယ်"

"သားကတော့ မထင်ဘူး... သား 'မိုး' ကိုသိပ်ချစ်သလို 'မိုး' ကလည်း သားကိုချစ်နေမှတော့ အချစ်နဲ့အရာရာကို ရင်ဆိုင်လို့ဖြစ်တာပဲ"

"မေမေကတော့ 'မိုး' အစား သားနဲ့အသွင်တူပြီး သားကိုချစ်ကြောက်ရိုသေတဲ့မိန်းကလေးနဲ့ပဲ ပေးစားချင်တယ်... ဒါမှ သားဘဝအေးချမ်းရမယ်... မဟုတ်လား"

မေမေဘာပဲပြောပြော 'သန့်စင်' မျက်ဝန်းတွင်းမှာတော့ 'မိုး' မျက်နှာလေးကိုပဲ မြင်ယောင်ကာ 'မိုး' နဲ့ပျော်ရွှင်ခဲ့ရတာတွေကိုပဲ သတိရနေတာကြောင့် 'မိုး' ကို အမြန်ဆုံးသာ တွေ့ချင်လာမိသည်။

ဒါကြောင့်နေရာမှထကာ မေမေ့ကို ပြောလိုက်မိသည်။

"သား အပြင်သွားဦးမယ် မေမေ"

ခေခေ ဘာမှပြန်မပြောနိုင်ခင် ရေမိုးချိုးကာ ကျောင်းကို ထွက်လာခဲ့လိုက်သည်။

အတန်းထဲကိုအရောက်...

"မောင်"

"ဟင် 'မိုး' "

'မိုး' က ကုတ်အင်္ကျီဖြူဖြူလေးကို စကပ်ဖြူဖြူလေးနဲ့တွဲဝတ်ကာ အတွင်းမှာရိုးလ်ကော်လံပါ အနီရဲရဲ စပို့ရှပ်ကို ခံဝတ်ထားသည်။

" 'မိုး' မောင့်ကို စောင့်နေတာကြာပြီ"

"မောင် အိပ်ယာထနောက်ကျသွားတယ် 'မိုး' ရယ်"

ပြောရင်းမှ 'မိုး' ဘေးတွင်ဝင်ထိုင်ကာ 'မိုး' ရဲ့လက်ကလေးကိုအကိုင် 'သန့်စင်' 'မိုး' မျက်နှာကို ဖျတ်ကနဲလှမ်းကြည့်ကာ အလန့်တကြားမေးလိုက်မိသည်။

" 'မိုး' ကိုယ်တွေပူနေပါလား"

'မိုး' က ခေါင်းညိတ်သည်။

ဒါကြောင့်စတွေ့တည်းက 'မိုး' မျက်နှာလေးတစ်မျိုးဖြစ်နေပါလား အောင်းမေ့တာ။ 'မိုး' က ဖျားနေတာကို။

"ဒါဆိုလည်း ကျောင်းမလာဘဲနေတာမဟုတ်ဘူး ဘာ





ဖြစ်လို့လာရတာလဲ"

"မောင် မျှော်နေမှာစိုးလို့"

" 'မိုး' ရယ်..."

စာသင်ခန်းတွင်းမှာပါလားဆိုတာကိုပင် မေ့လျော့ကာ 'မိုး' ရဲ့လက်ကလေးကို ရင်ခွင်ထဲဆွဲသွင်းကာ ရှိုက်နမ်းလိုက်မိသည်။

ဒီလို အချစ်တွေနဲ့ နင့်ကနဲနေအောင် ချစ်မိမှာစိုး၍ 'သန့်စင်' 'မိုး' ကိုရှောင်ခဲ့မိပါသေးသည်။

ဒါပေမဲ့'မရှောင်သာတဲ့ လမ်းမြှောင်ကြား နင်နဲ့ငါနဲ့ညား' ဆိုတာလို ရှောင်တိမ်းမရတဲ့လမ်းမှာ 'သန့်စင်' ဘယ်လိုရင့်ကျက်မှုတွေ ဘယ်လိုချုပ်ထိန်းမှုတွေနဲ့ 'မိုး' ကိုရှောင်လို့ရမှာတဲ့လဲ။

ပြီးတော့ 'မိုး' က အရမ်းကိုချစ်စရာကောင်းသူ။

'သန့်စင်' ကိုလည်း အရမ်းကိုတွယ်တာနေတဲ့သူ။

ဒီလိုဖြူစင်လှတဲ့သူ ရိုးသားလှတဲ့သူလေးကို 'သန့်စင်' ဘယ်လိုနှလုံးသားနဲ့ ရှောင်တိမ်းလို့ ယိမ်းနိုင်မှာတဲ့လဲ။

မညာတမ်းပြောရလျှင် 'သန့်စင်' 'မိုး' ကို အရမ်းချစ်ပါသည်။

သည်အသိ သည်အတွေးကြောင့် 'မိုး' ကို တီးတိုးပြော

လိုက်မိသည်။

"လာ 'မိုး'... 'မိုး' တို့အိမ်ကိုသွားရအောင်... 'မိုး' နဲ့မောင် လိုက်ခဲ့မယ်... 'မိုး' တို့အိမ်မှာတစ်နေ့လုံးနေမယ်... 'မိုး' မပျင်းရအောင် စကားတွေတဝကြီးပြောမယ်... 'မိုး' ဆေးသောက်ရမယ် အိပ်ယာထဲလှဲနေရမယ် ဟုတ်ပြီလား"

'မိုး' က ပြုံးပြုံးလေးခေါင်းညိတ်သည်။

နေမကောင်းနေတော့လည်း ကလေးပေါက်စနလေးလို မျက်လုံးလေးတွေ နီမြန်းကာ နှာသီးဖျားလေးတွေပါ ရဲရဲနီနေတာကြောင့် 'သန့်စင်' ပိုလို့ပင် ကြင်နာမိပါသည်။

မေမေ့စကားတွေကိုလည်း စိတ်ထဲမှ ပြန်လည်ကာတိုက်နိုက်မိပါသေးသည်။

အသွင်မတူပေမယ့်လည်း သိပ်ချစ်ရင် သိပ်ညှိလို့ရပါတယ် မေမေရာ... သားနဲ့ 'မိုး' ပိုပြီးချစ်ကြမယ်... သား 'မိုး' ကို ပဲလက်ထပ်မယ်...

ကားမောင်းရင်းမှ 'သန့်စင်' မျက်နှာက တည်သွားတာကြောင့် 'မိုး' က လှမ်းကြည့်ရင်း စိုးရိမ်သလိုမေးလိုက်သည်။

"မောင် ဘာတွေစဉ်းစားနေတာလဲ"

"ဩော် မောင်က 'မိုး' ကိုချစ်မိပြီမဟုတ်လား... တော်





ကြာ 'မိုး' ကမောင့်ကို အပျော်ကြံသွားမှ ခက်နေမယ့်မောင့်အဖြစ် ကိုတွေးမိလို့ပါ"

"မောင်ရယ်"

'မိုး' က မျက်ရည်များ ကျလာသည့်တိုင်အောင် ရယ်သည်။

"အဲ့ဒီစကားက 'မိုး' ကမောင့်ကိုပြောရမှာ မဟုတ်ဘူးလား"

"လက်ရှိအဖြစ်မှာ မောင်က ထွက်ပြေးမယ့်လူ မဟုတ်ဘူးလေ... 'မိုး' သာ 'မိုး' ဒယ်ဒီလာခေါ်ရင် ပြန်ပါသွားမှာ မဟုတ်ဘူးလား"

" 'အင်ကြင်း' ပြောပြတာ မဟုတ်လား မောင်... "

'မိုး' ရဲ့မျက်နှာလေးက ညိုနေသည်။

"အရင်တုန်းကတော့ 'မိုး' လည်း ဒယ်ဒီကိုသနားတာနဲ့ ခဏတဖြုတ်တော့ လိုက်မလားလို့ စဉ်းစားထားပါတယ်... အခုတော့ မလိုက်တော့ဘူး မောင်... မေမေကလည်း လွှတ်မှာမဟုတ်ပါဘူး... မေမေလွှတ်တောင် မောင်မပါဘဲနဲ့ 'မိုး' ဘယ်မှမသွားဘူး... မောင့်အနားမှာပဲနေမယ်... မောင့်ကိုပဲချစ်မယ်... မောင် 'မိုး' ကို လက်ခံမှာလား တစ်သက်လုံးချစ်နိုင်မှာလား"

"အချစ်ရယ်... 'မိုး' ရယ်"

'မိုး' ပခုံးကိုခပ်နာနာလေးဖိရင်း ရင်ခွင်ထဲဆွဲသွင်းလိုက်မိသည်။

နက်ရှိုင်းလှသော အသဲထောင့်တစ်နေရာမှ ခိုင်မာလှသောအချစ်တွေနဲ့ 'မိုး' ကိုချစ်နေမိပြီဆိုတာ 'မိုး' မသိလေရော့သလားကွယ်။





# ၁၀

"အန်တီက ကျောင်းမတက်ပါနဲ့ဆိုတာ မရဘူးလေ တစ်ခါတစ်ခါ 'မေ' က ဇွတ်ပဲ 'မောင်သန့်စင်' ရေ"

'မိုး' တို့အိမ်ကိုပြန်အရောက် 'မိုး' မေမေက ဆူနေတာဖြစ်ပါသည်။

"ဟုတ်လား 'မိုး' "

'မိုး' ဘက်ကိုလှည့်ကာ တီးတိုးမေးမိတော့ 'မိုး' ကရယ်နေလေသည်။

"မောင်နဲ့ယူပြီးလို့ 'မိုး' က အဲ့ဒီလိုခေါင်းမာရင်တော့

မောင်က ရိုက်မှာနော်"

"ဘာနဲ့လဲ"

"ဟောဒီ နှာခေါင်းနဲ့လေ"

"မောင်ကလည်း လေ"

'မိုး' သည် 'သန့်စင်' အိမ်ကိုလိုက်လာတဲ့အတွက် ပျော်ရွှင်နေပုံရကာ အဖျားလည်းကျလာပုံနှင့် ပိုလို့ပင် သွက်လက်နေပါသေးသည်။

"မောင်နဲ့ဆိုရင် 'မိုး' ကခေါင်းမာပါ့မလား"

"'မိုး' မေမေကြားရင် 'မိုး' ကို မွေးရကျိုးမနပ်တဲ့သမီးဆိုပြီး ရိုက်လိမ့်မယ်"

"ဒါကြောင့် မောင့်ကိုတိုးတိုးလေး ပြောနေတာပေါ့"

'မိုး' ၏မေမေကတော့ သမီးဖြစ်သူ ရွှင်လန်းနေတဲ့ အတွက် ပီတိပြုံးဖြင့် ကျေနပ်နေရှာလေသည်။

'မိုး' သည် သူ့မိခင်ရှေ့မှာပင် 'သန့်စင်' ၏ခါးကိုဖက်ရင်း လှမ်းမေးလိုက်သည်။

"မေမေ... မောင် မချောဘူးလား"

'သန့်စင်' မျက်နှာတွေ ထူပူသွားအောင် ရှက်သွားမိ၏။

မြန်မာဓလေ့စရိုက်တွင် မစေ့စပ်ရသေးဘဲ၊ လက်မထပ်





[...]သေးဘဲ လူကြီးတွေ့ရဲ့ရှေ့တွင် ဖက်လဲတကင်းနေခွင့်မရှိသော်[...]ည်း 'မိုး' သည် နိုင်ငံခြားသွေးနွယ်သူမို့၊ ရဲရင့်လွန်းသူ ပွင့်လင်း[...]န်းသူတစ်ယောက်ပါ။

"မောင်က 'မိုး' ကြိုက်တဲ့မင်းသား ဂျူ(ဒ်)လော နဲ့အရမ်း[...]င်တာ"

ဂျူ(ဒ်)လောကို မင်းသမီး နစ်ကိုးကစ်(ဒ်)မင်းပါဝင်သော[...]ိုးမောင်တိန်ကားတွင် 'သန့်စင်' ကြည့်ဖူးပါသည်။

အသားဖြူဖြူပိန်ပိန်ပါးပါး ဆံပင်ကောက်ကောက်ဖြင့်[...]ျူဒ်လော၏မျက်လုံးတွေအပြုံးတွေက အသက်ဝင်လှသည်။

မင်းသမီးနဲ့တွေ့ခဲ့ရတာ အချိန်အားဖြင့် မကြာလှသေး[...]သော်လည်း မင်းသမီးကိုချစ်တဲ့စိတ်ဖြင့် ရွာကိုပြန်ခဲ့ရသော သူ့[...]ရိုးကား ကြမ်းတမ်းလှသည်။

ပြန်တွေ့ရတဲ့အချိန်ကျပြန်တော့လည်း အချိန်ကတို[...]ောင်းလှပါသည်။

ထိုတိုတောင်းလှသော အချိန်လေးတွင် ဂျူဒ်လောသရုပ်[...]ဆောင်မှုတွေသည် ပီပြင်လှပါသည်။

"မောင်လည်း သူ့ကိုကြိုက်ပါတယ်"

အနေအေးကာတည်ကြည်သော 'သန့်စင်' သည် မိန်းက

[illegible]နဲ့ အရောတဝင် အလွန်နည်းသည်။ တစ်အိမ်တည်းအတူနေသော 'ထွေး' ကိုပင် မေးထူးခေါ်ပြောလောက်ပဲ နေတတ်ကာအားလျှင် စာဖတ်လျှင်ဖတ်၊မဖတ်လျှင် အင်တာနက်ထိုင်ကြည့်နေတတ်သူဖြစ်ပါသည်။

'အင်ကြင်း' နှင့်တောင် 'ကောင်းမြတ်' ကြောင့်သိရသလို 'အင်ကြင်း' ကြောင့်လည်း 'မိုး' ကိုသိကျွမ်းခဲ့ရတာဖြစ်ပါသည်။

"မောင်တော့ ဘယ်လိုနေမယ်မသိဘူး... 'မိုး' ကတော့ မောင့်ကိုတွေ့စတည်းက သဘောကျခဲ့တာ... မောင့်ပုံစံကလည်း မိန်းကလေးတွေ သဘောကျလောက်တဲ့ ပုံစံမဟုတ်လား"

" 'မိုး' ရယ် "

သူ့အမေကိုရှေ့တွင်ထားကာ ပွင့်လင်းစွာပြောနေသော 'မိုး' ကိုကြည့်ကာ 'မိုး' မေမေကိုအားနာမိပါသည်။ ရှက်လည်းရှက်မိပါသည်။

ရှက်ရှက်ဖြင့်အပြုံး 'မိုး' မေမေကသူ့ကို ဟန်မပျက်လှမ်းပြောသည်။

"အဲ့ဒါသာကြည့်တော့ 'မောင်သန့်စင်ကျော်' ရေ... 'မေရီ' က အရမ်းကလေးဆန်တာ... 'မောင်သန့်စင်ကျော်' တော့စိတ်ညစ်မှာပဲ"





"မညစ်ပါဘူး အန်တီရယ်... ကျွန်တော် ပျော်တောင်ပျော်ပါသေးတယ်"

"တွေ့လားမေမေ... မောင်ကမေ့ကို သိပ်ချစ်တာ"

"အေးပါကွယ်... 'မောင်သန့်စင်ကျော်' လိုလူမျိုးနဲ့သမီးလေးနဲ့တွေ့ဆုံရတာ အန်တီဝမ်းသာပါတယ်... သမီးလေးကိုအစစအရာရာကူညီတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်"

"မလိုပါဘူးအန်တီရယ်... ကျွန်တော်လည်း အပန်းကြီးတာမှမဟုတ်တာ... "

"အေးပါကွယ်... 'မေ့' ဒယ်ဒီက အဝေးမှာနေရတာဆိုတော့ အဖေလည်းအန်တီ အမေလည်းအန်တီပါပဲ... 'မေ' လိုအပ်တာရှိရင်ဆိုးမပါနော်"

"စိတ်ချပါ အန်တီ... ခုလည်း ကျွန်တော် 'မိုး' ကိုနားခိုင်းမလို့"

"အေး အေး... အန်တီသမီးအတွက် ဆန်ပြုတ်လေးပြုတ်ခိုင်းလိုက်ဦးမယ်"

'မိုး' မေမေ ကနောက်ဖေးကိုထွက်အသွား 'မိုး' ကနှာခေါင်းရှုံ့သည်။

"ဆန်ပြုတ်ကြီး မသောက်ချင်ပါဘူး မောင်ရယ်"

“ဒါဖြင့် ‘မိုး’ဘာစားချင်လဲ... မောင်သွားဝယ်ပေးမယ်”

“ဟော့ပေါ့လေးဘာလေးဆို ဟုတ်သေးတယ်... ”

“ရတယ်လေ... စီးတီးမတ်မှာ ဟော့ပေါ့ထုပ်တွေအသင့်ရှိတယ်... မောင် ပြေးဝယ်လိုက်မယ်”

“ ‘မိုး’ လည်းလိုက်ချင်တယ်”

“ဟောဗျာ နေမကောင်းတဲ့လူက ဘာလိုက်လုပ်မှာလဲ”

“အိပ်ယာထဲနေရမှ ပိုလို့တောင်နေမကောင်းဖြစ်ဦးမှာ... မောင်နဲ့သွားလိုက်လာလိုက်ရင် ချွေးထွက်ပြီးပြန်ကောင်းချင်ပြန်ကောင်းသွားမှာ... နော် မောင်... ‘မိုး’ လည်းလိုက်ပါရစေ”

‘သန့်စင်’ ကိုငေးကြည့်နေတဲ့ မျက်လုံးကြီးတွေက ‘သန့်စင်’ ကိုခေါင်းမခါနိုင်အောင် ပြုစားထားပါသည်။

“ဒါဆို ‘မိုး’ မေမေ့ကိုသွားပြောလေ”

“ဒါမှ ‘မိုး’ ရဲ့မောင်ကွ”

လှစ်ကနဲဆို ‘သန့်စင်’ ရဲ့ပါးကိုလှမ်းနမ်းကာ နောက်ဖေးကိုပြေးဝင်သွားတဲ့ ‘မိုး’ ရဲ့နောက်ကျောလေးကို ငေးကြည့်ရင်း ‘သန့်စင်’ ပြုံးလိုက်မိပါသည်။

တကယ့်ကိုကလေးဆန်တဲ့ ‘မိုး’ ပါလား။

သည်လိုနှင့် စီးတီးမတ်ကိုရောက်လာကာ ဟော့ပေါ့ထုပ်





င့်ငါးဖယ်လုံးထုပ်များကို ဝယ်လိုက်သည်။

အိမ်မှာလည်းမကြာခဏ ပြုတ်စားနေကြမို့ ‘သန့်စင်’ ယ်သမျှ ‘မိုး’ က တအံ့တဩလိုက်ကြည့်နေရှာသည်။

‘မိုး’ တို့အိမ်ပြန်ရောက်တော့လည်း ‘မိုး’ ကိုနားခိုင်းကာ သန့်စင်’ ကိုယ်တိုင်ဟော့ပေါ့ပြုတ်ပေးပြန်တာကြောင့် ‘မိုး’ က ံ့ဩ၍နေလေသည်။

“ဒါလည်း မောင်လုပ်တတ်ပြန်တာပဲလား”

“ဘာခက်လို့လဲ ‘မိုး’ ရယ်... သူ့ဒါရိုက်ရှင်အတိုင်းလိုက် ုပ်ရတာပဲဟာ”

“အိမ်မှာကော မောင်လုပ်နေကြလား”

“မောင်ကတစ်ခါတလေမှပါ... အများအားဖြင့် ‘ထွေး’ ဲလုပ်တာပေါ့”

‘သန့်စင်’ ကိုလှမ်းကြည့်နေတဲ့ ‘မိုး’ ရဲ့မျက်လုံးတွေကအ င်ကြီးခြင်း၊ လေးစားခြင်းတွေဖြင့် ပြည့်နှက်ကာ ချစ်ခင်မြတ် ်းစိတ်ဖြင့် ရွှန်းလဲ့၍နေသည်။

“ ‘မိုး’ ပူပူလေးသောက်လိုက်ပါလား”

“မောင်ကော”

“မောင်ကလူကောင်းပဲ”

"ဟုတ်တယ် 'မောင်သန့်စင်' ကို မေမေတို့ထမင်းကျွေးမှာသမီးပဲ သောက်"

'မိုး' က သူ့အလိုကျဖျော့ပေါ့ကို သောက်နေရှာသည်။ တစ်ဝက်ခန့်သောက်ပြီး...

"သမီးအိပ်လိုက်ပါလား... 'မောင်သန့်စင်' ကို မေမေတို့ထမင်းကျွေးလိုက်ဦးမယ်"

"ရပါတယ် အန်တီရယ်"

"မဟုတ်တာ... ကိုယ့်ဆီလာလည်ပြီး ကိုယ့်သမီးကိုလာပြုစုနေတဲ့သူကို အန်တီတို့ဒီလိုပဲထားလို့ ဖြစ်ပါ့မလားကွယ်... 'မငွေအိမ်'... မမတို့ထမင်းစားဖို့ ပြင်လိုက်တော့နော်"

'မိုး' ရဲ့မေမေသည် သူ့ညီမဝမ်းကွဲကိုမှာကာ 'သန့်စင်' ကို ဧည့်ခန်းတွင် ဧည့်ခံနေရှာသည်။

"'မငွေအိမ်' က အန်တီနဲ့ညီအစ်မနှစ်ဝမ်းကွဲလောက်တော်တယ်... သူ့ခမြာလင်ရက်မကောင်းရှာတော့ ဆင်းဆင်းရဲရဲနဲ့ဒုက္ခရောက်နေလို့ အန်တီခေါ်ထားလိုက်တာ... အန်တီ့အတွက်လည်း အဖော်ဖြစ်တယ်လေ"

အသားညိုညိုပိန်ပိန်ပါးပါးဖြင့် 'ဒေါ်ငွေအိမ်' သည် လောကဓံအထုအထောင်းခံရမှုကြောင့် သိမ်ငယ်နေရှာလေ





သည်။

"သားသမီးကော မရှိဘူးလား..."

"ရှိပါ့ လင်တွေယူပြီး အမေကိုပဲဒုက္ခတွေလာပေးနေတဲ့ သားသမီးဆိုးတွေလေ... ဒါကြောင့် 'မိုး' ကိုလည်းယောကျ်ားယူရင် ယောကျ်ားကောင်းနဲ့ပဲ အန်တီဆုံစေချင်တယ်... ပညာရှိတာငွေရှိတာမရှိတာအရေးမကြီးဘူး... သမီးကိုညာတာတဲ့ယောကျ်ားမျိုးနဲ့ပဲ ဖူးစာဆုံစေချင်တာ"

ပြောရင်း 'သန့်စင်' ကိုလှမ်းကြည့်တာကြောင့် 'သန့်စင်' မလုံသလို ခေါင်းကိုငုံ့ချလိုက်သည်။

သူကတော့ 'မိုး' ကိုတစ်သက်လုံး ချစ်ခင်ယုယသွားမည့်သူပါ။

ဒါပေမဲ့ ခုချိန်မှာပြောလျှင် စောနေဦးမည်ထင်ပါသည်။

ထမင်းစားပြီးချိန်တွင် 'သန့်စင်' က စာအုပ်တစ်အုပ်ထိုင်ဖတ်နေကာ 'မိုး' ရဲ့မေမေက စိတ်ပုတီးစိပ်နေပါသည်။

ထိုအချိန်တွင် 'မိုး' ရဲ့အခန်းတွင်းမှ အသံတိုးတိုးလေးထွက်လာခဲ့ပါသည်။

"မောင်ရေ... မောင်"

'သန့်စင်' 'မိုး' ရဲ့မေမေကိုခွင့်တောင်းသလို လှမ်းကြည့်

လိုက်သည်။

"သွားပါကွယ်... သမီးကနေမကောင်းရင်အဲ့ဒီလိုပဲ သိပ်ဂျီကျတယ်... အန်တီတော့ 'မောင်သန့်စင်ကျော်' ကိုအားနာတာပါပဲ"

"ရပါတယ် အန်တီရယ်"

'သန့်စင်' အခန်းတွင်းကိုအရောက် 'မိုး' သည်ကြည်ကြည်လင်လင်နှင့်နိုးနေကာ 'သန့်စင်' ကိုပြုံးပြသည်။

"'မိုး' နဖူးကိုစမ်းကြည့်ပါဦး"

ချွေးစေးများနှင့်အေးစက်နေ၍ 'သန့်စင်' ဝမ်းသာသွားရသည်။

"'မိုး' အကျီလဲလိုက်ပါဦးလား... မောင် 'ဒေါ်ငွေအိမ်' ကိုလွှတ်လိုက်မယ်လေ"

"အင်း..."

'မိုး' အဝတ်လဲနေခိုက် 'သန့်စင်' 'မိုး' အတွက်အအေးတစ်ခွက် ဖျော်လိုက်သည်။ အိမ်တွင် 'သန့်စင်' ဒီလောက်မလုပ်ပေမယ့် ဒီမှာတော့ 'မိုး' ကိုစိတ်ချမ်းသာစေချင်စိတ်ကပိုနေသည်။

'သန့်စင်' အအေးခွက်ကိုယူကာ 'မိုး' ရဲ့အခန်းတွင်းကိုပြန်ဝင်လာချိန်မှာတော့ 'မိုး' အဝတ်အစားလဲပြီးကာ 'သန့်စင်'





ကိုထိုင်စောင့်နေတာတွေ့ရလေသည်။

"'မိုး' ဘယ်လိုနေသေးလဲ"

"ကောင်းသွားပါပြီ"

"ရော့ လန်းသွားအောင် အအေးသောက်လိုက်ဦး"

'မိုး' သည်အအေးကိုမော့သောက်ရင်း 'သန့်စင်' ကိုလှမ်းပြောသည်။

"'မိုး' ခုလိုမြန်မြန်ဆန်ဆန်နေကောင်းတာ မောင့်ကြောင့်မောင်ဆေးကုပေးလို့ကောင်းတာ... မောင်က 'မိုး' ရဲ့ဒေါက်တာဒေါက်တာကိုဆေးဖိုးပေးရဦးမယ် ရော့"

"ဟောဗျာ 'မိုး'..."

'သန့်စင်' အံ့သြကာကြောင်နေဆဲ 'မိုး' သည်အအေးခွက်ကို စားပွဲပေါ်လှမ်းတင်ကာ 'သန့်စင်' ရဲ့နဖူးကို ခြေဖျားလေးထောက်ကာ လှမ်းနမ်းပြီးအပြင်ကို ပြေးထွက်သွားသည်။

"'မိုး' ရယ်"

'သန့်စင်' စာရေးစားပွဲတွင်ဝင်အထိုင် 'မိုး' ၏စားပွဲပေါ်တွင် အရုပ်လေးနှစ်ရုပ်ကို တွေ့လိုက်ရသည်။

ကိန္နရီကိန္နရာစဥ့်ထည် ရုပ်လေးနှစ်ရုပ်။

အနက်ပေါ်တွင် ရွှေရောင်းဆေးခြယ်ထားပြီး တောင်ပံ

လေးများဖြန့်ထားသည်က ယခုပဲ ထပ်ပျံတော့မည့်ဟန်ပါ။

'မိုး' ဘယ်ကရတာပါလိမ့်။

'သန့်စင်' ပုံလေးကိုသေသေချာချာကြည့်နေဆဲ 'မိုး' အခန်းတွင်းပြန်ဝင်လာသည်။

မျက်နှာသစ်လာပုံရသော မျက်နှာလေးက ဝင်းစက်လန်းဆန်းကာ ကြည်လင်၍နေသည်။

ကြည့်ကောင်းကောင်းနှင့် 'မိုး' ကိုငေးကြည့်နေဆဲ 'မိုး' က သူ့အနားတွင် ဝင်ထိုင်လိုက်သည်။

"မောင် ခုနကထိုင်ကြည့်နေတဲ့ အရုပ်လေးတွေက ဘာရုပ်လေးတွေလည်း မောင်သိလား"

"သိတာပေါ့ 'မိုး' ရဲ့... အဲ့ဒီအရုပ်လေးတွေကို ကိန္နရီကိန္နရာလို့ခေါ်တယ်... 'မိုး' ဘယ်ကရလာတာလဲ"

" 'မိုး' လိုချင်လို့ မေမေ့ကိုရှာဝယ်ခိုင်းထားတာ... အဲ့ဒီအရုပ်လေးတွေအကြောင်း မေမေပြောပြတာ သိပ်နားထောင်လို့ကောင်းတာပဲ မောင်ရယ်... 'မိုး' ဖြင့် အဲ့ဒီအကြောင်းနားထောင်ပြီး မျက်ရည်တောင်ကျတယ်"

"ဘာအကြောင်းလည်း 'မိုး' "

"ဟိုလေ... အဲ့ဒီအရုပ်လေးနှစ်ခု တစ်ခုနဲ့တစ်ခုကွဲကြ





ဘော့ အရှမ်းငိုတာလေ"

'သန့်စင်' ပြုံးလိုက်မိသည်။

'မိုး' ပြောနေတာ တစ်ညတာဝေးရတာကို ရက်ပေါင်း ...နှစ်ရာတိုင်ပူဆွေးနေကြတဲ့ ကိန္နရီကိန္နရာမောင်နှံအကြောင်းပါ။

" 'မိုး' လည်း မောင်နဲ့အဲ့ဒီလိုဝေးရရင်ငိုမှာပဲ"

သိပ်ချစ်ရပါလား 'မိုး' ရယ်။

'သန့်စင်' 'မိုး' ကို မြတ်နိုးတွယ်တာစွာ ဖက်ထားလိုက်...သည်။ ချစ်တာကိုစိတ်ထဲမှာ မထားနိုင်ဘဲ ဖွင့်ဟပြောနေသည့် ...' ရဲ့အချစ်ကိုလည်း ပိုလို့ပင်လေးစားမိသည်။

ဒါကြောင့်လည်း ချစ်သူကိုအလေးအနက် ပြောလိုက်မိသည်။

"မောင်လည်း 'မိုး' လိုပဲဖြစ်မှာပါ အချစ်ရယ်... ဒါပေမဲ့ ...' ရယ်... မောင်တို့က ဘာလို့ဝေးကြရမှာလဲ... 'မိုး' ကိုမောင် ...တယ် မောင့်ကိုလည်း 'မိုး' ကချစ်တာပဲ... တစ်ယောက်နဲ့ ...တစ်ယောက် ဒီလောက်ကြီးတောင်ချစ်နေကြမှာပဲ ဘာလို့ဝေးကြ ...မှာလဲ... ဝေးဆိုတဲ့စကားလုံးဟာ မောင်တို့လောက်မချစ်ကြတဲ့ ...သူတွေအတွက်ပဲ ဖြစ်မှာပါ... မောင်တို့အတွက်ကတော့ နီးဆိုတဲ့ ...ကားလုံးပဲလေ"

"မောင်ရယ်"

'မိုး' သည်ချစ်သူ၏လက်မောင်းကို အားကိုးစွာဖက်တွယ်ထားမိသည်။ သည်လိုသာ အမြဲမခွဲမခွာနေရလျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။

"ရော့ မောင်... ဒါမောင့်အတွက် 'မိုး' ရဲ့လက်ဆောင် 'မိုး' ကတော့ ဒီအရုပ်လေးယူထားမယ်"

'မိုး' သည် ကိန္နရီရုပ်လေးကို သူ့ကိုလှမ်းပေးကာ သူမရဲ့လက်ထဲမှာတော့ ကိန္နရာရုပ်လေးကို ကိုင်ထားသည်။

"ဒီအရုပ်လေးတွေ့တိုင်း 'မိုး' ကိုမောင် သတိရနိုင်ပါစေ 'မိုး' ကလည်း ဒီအရုပ်လေးရှိတိုင်း မောင်တစ်ယောက် 'မိုး' အနားမှာ အမြဲရှိနေတယ်လို့ သဘောထားမယ်"

သည့်နောက်ကိန္နရာရုပ်လေးကို စားပွဲပေါ်လှမ်းတင်ထားလိုက်သည်။

ထိုနေ့ကစကားတွေဝအောင် ပြောပြီး ညနေခြောက်နာရီကျော်မှ 'သန့်စင်' အိမ်ကိုပြန်လာခဲ့လိုက်သည်။





# ၁၁

"နောက်ကျလှချည်လား သားရယ်"

အိမ်ထဲလှမ်းအဝင် မေမေကလှမ်းမေးတာကြောင့် 'သန့်စင်' ဖြေလိုက်မိသည်။

"'မိုး' တို့အိမ် ဝင်နေလို့မေမေ"

"အင်း ထင်တော့ထင်သား... တစ်အိမ်အိမ်တော့ဝင်နေပြီလို့... ထမင်းစားတော့မလား"

"ရေချိုးလိုက်ဦးမယ် မေမေ... ပြီးမှစားမယ်... 'ထွေး' ရေ 'ထွေး'..."

'သန့်စင်' အော်လို့မှမဆုံးသေး 'ထွေး' နောက်ဖေးမှပြေး ထွက်၍လာသည်။

သနပ်ခါးပါးကွက်ကြားကွက်ကာ ဆံပင်ကိုကလစ်နှင့် ဖြစ်သလိုညှပ်ထားတဲ့ကြားက နုနုယ်သောမျက်နှာလေးက ချစ် စရာကောင်းလှပါသည်။

"ရော့ 'ထွေး'... ဒီအရုပ်လေးကိုသေသေချာချာကိုင်ပြီး ကိုကို့စာရေးစားပွဲပေါ်သွားတင်ထားလိုက်... သေသေချာချာကိုင် နော်"

"ဘာအရုပ်လေးမို့ ဒီလောက်ဖြစ်နေရတာလဲ သားရယ် မေမေ့ကိုပြစမ်းပါဦး"

"ကိန္နရာရုပ်လေးပါ မေမေ"

မေမေသည် 'သန့်စင်' ပေးလာသော ကိန္နရာရုပ်လေးကို စေ့စေ့စပ်စပ်ကြည့်နေလေသည်။

"သား ဘယ်ကဝယ်လာတာလဲ"

"ဝယ်လာတာမဟုတ်ပါဘူး... 'မိုး' အမှတ်တရပေးလိုက် တာပါ"

'သန့်စင်' စကားကြောင့် မေမေ့မျက်နှာပျက်သွားကာ 'ထွေး' ထွက်သွားသည်နှင့် လေသံကိုနှိမ့်ကာ 'သန့်စင်' ကိုလှမ်း





မေးသည်။

"သားတို့က သိပ်ရင်းနှီးနေကြပြီလား"

"ကျွန်တော်တို့လက်ထပ်ဖို့အထိ ရည်မှန်းပြီးကြပါပြီ"

"ဘာကွဲ့"

'သန့်စင်' ရဲ့စကားကြောင့် မေမေကအံ့ဩသလိုငေး ကြည့်နေပါ၍ 'သန့်စင်' ကြောင်သွားရကာ မေမေ့ကိုလှမ်းမေး လိုက်မိသည်။

"ဘာဖြစ်လို့လဲ မေမေ"

"မင်း မသိဘူးလား"

'သန့်စင်' အူကြောင်ကြောင်ဖြင့် ခေါင်းအခါ...

"မင်းကိုမေမေ 'ထွေး' နဲ့သဘောတူနေတယ်ဆိုတာလေ"

"ဟာ မေမေကလည်းမဖြစ်နိုင်တာ"

'သန့်စင်' အလန့်တကြားခေါင်းကိုခါရမ်း လိုက်မိသည်။

'ထွေး' က သူ့ညီမလေးပဲ။

အရင်းမဟုတ်ဦးတော့ သူ့ရင်ထဲမှာ ညီမအရင်းလေးလို သတ်မှတ်ပြီးသားမို့...

"မဖြစ်နိုင်ပါဘူး"

သူခေါင်းကိုဖွတ်အခါ မေမေသည် အလိုမကျသလိုလေ

သံကမာထန်လာသည်။

"ဘာမဖြစ်နိုင်ရမှာလဲ... မင်းနဲ့သွေးသားမတော်စပ်ဘူး ဆိုတာ အားလုံးသိတယ်... မေမေမိသားစုထဲကို တခြားသူစိမ်း ဝင်လာတာထက် ရှိပြီးသားလူနဲ့ပဲ မေမေကျေနပ်ချင်တယ်"

"မဟုတ်တာ"

'သန့်စင်' စိတ်ပျက်သလို ငြီးတွားလိုက်မိလေသည်။

'ထွေး' ကို ညီမအရင်းလေးလို ချစ်ခဲ့မိသည်။ ကြင်နာ ခဲ့သည်။ တခြားစိတ်မျိုးထားဖို့ဆိုတာ ယောင်လို့ပင်မတွေးတော့ ခဲ့ဘူးသောအရာပါ။

ခုမမျှော်လင့်ဘဲ မေမေ့ဆီက စကားကြားလိုက်ရတော့ သူ့နားကိုပင် သူမယုံချင်ပါ။ ဒီအရွယ်ကြီးကျကာမှ သူ့ရင်ထဲက အချစ်ကို မပြောင်းလွဲပါရစေနဲ့တော့။

ပြီးတော့ သူ့မှာအသည်းနင့်အောင် ချစ်ရတဲ့ချစ်သူလည်း ရှိနေခဲ့ပြီပဲ။

"ကျွန်တော်လက်မခံဘူး မေမေ... ဒီကိစ္စကို ကျွန်တော် လုံးဝသဘောမတူဘူး"

သားအမိနှစ်ယောက် စကားပြောနေရာမှ ရန်ပွဲလိုအသံ တွေ ကျယ်ကျယ်လောင်လောင်ထွက်လာတော့ ဖခင်ဖြစ်သူက





ဝင်ထိန်းသည်။

"မအေ ကလည်းကွာ... ဘာလို့သားကို ဒီလောက်အ လောသုံးဆယ် ပြောနေရတာလဲ... တကယ်ဆိုနောက်မှ အေး အေးဆေးဆေး ပြောလဲရတဲ့ဥစ္စာကို... သား သွားသွား ရေသွား ချိုးချေ"

'သန့်စင်' အပေါ်ထပ်ကိုတက်လာကာ ရေချိုးခန်းထဲဝင် သာခဲ့ပေမယ့် မေမေ့စကားကို လုံးဝမကျေနပ်ပါ။ 'မိုး' ကိုသ ဘောမတူရအောင် 'မိုး' ကရုပ်ဆိုးတာလည်းမဟုတ်။

ပညာမဲ့တာလည်း မဟုတ်။ 'သန့်စင်' ကိုလည်းချစ်လိုက် ဘာအရှုံးအမူးပင်။

ဒါကိုမသိဘဲ 'ထွေး' မှ 'ထွေး' ဖြစ်နေရအောင် 'ထွေး' များ ဘာစကားတွေသွင်းထားသလဲ မသိပါ။

နေရင်းထိုင်ရင်းစိတ်တိုကာ 'ထွေး' ကို ရန်လိုနေမိသည်။

ထမင်းစားသည်အထိ 'သန့်စင်' မျက်နှာက သုန်မှုန်ကာ ုပ်ပွနေ၍ မေမေကလေချိုလေးနဲ့ လှမ်းခေါ်သည်။

"သား..."

'သန့်စင်' သည်မေမေ့ကို အေးခဲစွာပြန်ကြည့်လိုက်မိ သည်။ မွေးကတည်းက တစ်ချိန်တစ်ခါမှ မိဘကိုပြန်မပြောဘူး

သော်လည်း သည်နေ့သည့်အချိန်မှာတော့ 'သန့်စင်' မေမေ့ရဲ့ စကားတွေကို မကျေနပ်ပါ။

လိုက်လဲမလိုက်နာချင်ပါ။

မကျေနပ်သလို မျက်မှောင်ကုပ်ကာ မေမေ့ကိုစိုက်ကြည့်ဆဲ...

"သား မေမေ့ကိုစိတ်ဆိုးနေတာလား"

'သန့်စင်' ထမင်းကိုသာ ငုံ့စားနေလိုက်သည်။

'မိုး' နဲ့ပတ်သက်၍သာ မကျေမနပ်ဖြစ်နေသော်လည်း 'သန့်စင်' သည် နဂိုထဲကအေးဆေးသော လူငယ်တစ်ယောက်ပါ။ မိဘကိုလည်း ဆန့်ကျင်ဖက်ပြိုင်ပြုသူ မဟုတ်ပါ။ ဒါကြောင့် ဘာတစ်လုံးမှပြန်မပြောဘဲ ငြိမ်ပြီး ထမင်းကိုငုံ့စားနေခိုက် မေမေ့ဆီက လေသံအေးအေးလေး ထွက်လာခဲ့သည်။

"အေးလေ မေမေမှားသွားတယ်... တကယ်ဆို မေမေ သားဆန္ဒကိုအရင်မေးဖို့သင့်တယ်... ခုတော့ မေမေသားကိုစိတ်ဆင်းရဲအောင်လုပ်သလို ဖြစ်သွားပြီ"

'သန့်စင်' သက်ပြင်းချလိုက်သည်။ မေမေ့စေတနာကိုလည်း သူလေးစားပါသည်။ ဒါပေမဲ့ သူ 'မိုး' ကို ကတိပေးခဲ့ပြီးပြီမို့...





"ကျွန်တော် 'ထွေး' ကိုလက်ထပ်ဖို့ကိစ္စကလွဲရင် ကျန်ဘာအားလုံး နားထောင်ပါ့မယ် မေမေ... 'ထွေး' ကိုလက်ထပ်ဖို့ ကတော့ လုံးဝကိုမဖြစ်နိုင်လို့ပါ"

"အေးလေ မေမေတို့စဉ်းစားကြသေးတာပေါ့"

မေမေနဲ့ထိုကိစ္စပြောပြီးတည်းက 'သန့်စင်' မေမေ့ကို ချောင်သလို 'ထွေး' ကိုလည်းရှောင်မိသည်။

အရောက်များသည်က 'မိုး' ဆီကိုပါ။

'မိုး' နဲ့နေရလျှင် 'သန့်စင်' အရာအားလုံးကို မေ့နိုင်သည်။ 'မိုး' မေမေကိုယ်တိုင်ကလည်း 'သန့်စင်' ကိုသားတစ်ယောက်လို ယုံစားအားကိုးနေသူမို့ 'သန့်စင်' အတွက်ဘာကိုမှ တွေးပူနေစရာမရှိပါ။

သည်လိုနှင့်အချိန်တွေကုန်လွန်ကာ နှစ်လခန့်ကြာမြင့်လာခဲ့သည်။

## ၁၂

“သား”

တနင်္ဂနွေကျောင်းပိတ်ရက်မို့ အိပ်ယာထဲဖိမ်နဲ့အိပ်ကာ စာအုပ်ဖတ်နေဆဲ မေမေသူ့အခန်းထဲကို ဝင်လာခြင်းဖြစ်သည်။

ခါတိုင်းလည်းလာနေကြမို့ ဖတ်လက်စစာမျက်နှာကို လက်ညှိုးနှင့်ညှပ်ကာ လှမ်းအကြည့် မေမေကသူ့ကုတင်နားက ကုလားထိုင်တွင် ဝင်ထိုင်သည်။

“သားကို မေမေအကူအညီတောင်းစရာရှိလို့”

“ဘာလဲ မေမေ”





‘သန့်စင်’ မေမေ့မျက်နှာကိုအကြည့် မေမေ့မျက်နှာက နူးညံ့ချိုသာကာ ပျော့ပျောင်း၍နေသည်။

“ဒီနေ့နေ့လည် မေမေတို့အရေးကြီးတဲ့မိတ်ဆွေတစ်ဦးရဲ့ မင်္ဂလာဧည့်ခံပွဲလေး သွားစရာရှိလို့ သားကိုလာခေါ်တာ”

ခါတိုင်းဆိုလျှင်တော့ ‘သန့်စင်’ အကြောက်အကန်ငြင်း မိမှာ အသေအချာပါပဲ။

ခုချိန်မှာတော့ သားကိုမျက်နှာချိုသွေးကာ အောက်ကျခံ ပြီး မျက်နှာငယ်ဖြင့် လာပြီးပြောနေရှာသော မေမေ့ကိုကြည့်ကာ သူ မငြင်းရက်ပါ။

“မင်္ဂလာဧည့်ခံပွဲသာဆိုတယ် သိပ်ကြီးကြီးကျယ်ကျယ် လည်း မဟုတ်ပါဘူးသားရယ်... အသိမိတ်ဆွေလေးနည်းနည်း ပါးပါးကို ဖိတ်ပြီး အကျဉ်းရုံးလုပ်တဲ့ ပွဲလေးပါပဲ”

ခုတလော သူနဲ့မေမေနဲ့ အနေစိမ်းနေတာကြာပြီ မဟုတ် ပါလား။

မိုးလင်းတာနဲ့ ‘သန့်စင်’ က အကြောင်းမရှိအကြောင်း ရှာကာ အပြင်ထွက်သလို မိုးစုပ်စုပ်ချုပ်မှ အိမ်ကိုပြန်လာတတ် သည်။

သူ့အဖို့ ‘မိုး’ နဲ့လျှောက်လည်နေရတာကြောင့် အိမ်ကို

မေ့နိုင်သေမယ့် မေမေတို့ကတော့ သူ့ကိုဘာမှ မပြောကြရှာပါ။

မွေးကတည်းကပင် ယခုလိုအရွယ်ရောက်လာသည်အထိ လက်ပွန်းတတီးနေလာခဲ့ပြီးမှ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ စကားအကြာကြီးမပြောဘဲနေနေရတော့ 'သန့်စင်' ရင်ထဲမှာလည်း ဘယ်လိုမှမကောင်းပါ။

ဖြစ်နိုင်လျှင် မေမေတို့နဲ့အရင်ကလိုပဲ ရင်းရင်းနှီးနှီးပျော်ပျော်ရွှင်ရွှင်နေချင်တာကြောင့် လျှောလျှောရှူရှူပဲ ခေါင်းညိတ်လိုက်မိပါသည်။

"သွားလိုက်ခဲ့မယ် မေမေ"

"ဝမ်းသာလိုက်တာ သားရယ်"

မျက်ရည်ဝဲလာသည်အထိ မေမေကြည်နူးနေတာမြင်ရတော့လည်း 'သန့်စင်' ရင်မှာပါ ကြည်နူးချမ်းမြေ့လာရပါသည်။

"ဒီမှာသားအတွက် မေမေဝယ်ထားတဲ့ ပုဆိုးနဲ့အင်္ကျီ"

သင်္ဂြိုဟ်ရွှေဝါပိုးပုဆိုးအဝါနုရောင်နှင့် ရှပ်ဖြူအင်္ကျီအပြင် တိုက်ပုံအဖြူဆွတ်ဆွတ်လည်းပါသည်။ ကတ္တီပါဖိနပ်ကအစိမ်းရင့်ရောင် မှောင်မှောင်။

"သားအဖေအတွက်ဝယ်ရင်း သားအတွက်ပါတစ်ခါတည်း ဝယ်လာခဲ့တာ"





"ရှိတာဝတ်သွားလည်း ဖြစ်ရဲ့နဲ့ မေမေရယ်"

"အဲ့ဒီလိုရှိတာဝတ်နေရတာနဲ့ပဲ မဝယ်ဖြစ်လို့တမင်ကို ...ယ်ပစ်လိုက်တာသားရေ"

'သန့်စင်' ရေမိုးချိုးအဝတ်အစားလဲပြီး ထွက်လာတော့ ...ဖေနဲ့မေမေကိုလည်း လှပကျော့ရှင်းစွာ တွေ့လိုက်ရသည်။

"ဘယ်သူမင်္ဂလာဆောင်မို့လို့လည်း မေမေရဲ့"

ပြောင်လက်တောက်ပနေတဲ့ မတ်တူးခဲပုပ်ရောင်ပေါ ...က်ရင်း 'သန့်စင်' မေမေ့ကို လှမ်းမေးလိုက်မိသည်။

"မေမေ့အရင်းနှီးဆုံးသူရဲ့ မင်္ဂလာပွဲပဲသားရေ... သား ...လယ်ကထိုင်ပါလား"

ကားရှေ့ခန်းတွင် 'သန့်စင်' ၏ဦးလေးက နေရာယူထား ...ကြောင့် 'သန့်စင်' ဖေဖေနဲ့မေမေကြားတွင် နေရာယူလိုက်ရ ...ည်။

ဒူးဆစ်အင်းယားလိတ်ဟိုတယ်တွင်းကို အဝင်...

"လာကြ လာကြ"

အတွင်းမှဆီးကြိုမှုကြောင့် 'သန့်စင်' မိဘနှစ်ပါးကိုခြံရဲ့ ...ခန်းမအတွင်းကိုအဝင်...

"လာ 'မောင်သန့်စင်' လာဒီမှာထိုင်"

ရင်းနှီးသောအသံတစ်သံကိုကြားရပြီး နေရာတစ်နေရာတွင်ဝင်ထိုင်ပြီးမှ 'သန့်စင်' သူ့ဘေးကိုကြည့်လိုက်မိသည်။

"ဟင် 'ထွေး'..."

'ထွေး' သည်နောက်တွဲဆံထုံးလေးထုံးကာ ပန်းလှလှတစ်ပွင့်ပန်ပြီး လှပကျော့ရှင်းစွာ သူ့ဘေးနားတွင် ထိုင်နေလေသည်။

အဝါနုရောင်ပိုးပျော့အင်္ကျီ၊ ကြိုးကြီးချိတ်အဝါနုရောင်လေးဖြင့် လက်ဝတ်လက်စားပြည့်စုံစွာဝတ်ထားသော 'ထွေး' ရဲ့ပုံစံက သတို့သမီးတစ်ယောက် ပုံစံမျိုးပါ။

'ထွေး' ရဲ့ သတို့သားက ဘယ်သူလဲ။

ဘေးဘီကိုပြူးပြဲအကြည့်...

"ဟာ..."

'သန့်စင်' ၏မျက်လုံးတွေပြာဝေသွားအောင် ဗွီဒီယိုတွေ ဓါတ်ပုံမီးဆလိုက်တွေက သူတို့ရှေ့မှာစုပြုံကာ ရောက်ရှိလာပါသည်။

ခန်းမဆောင်တစ်ခုလုံးမျက်လုံးတွေက သူနဲ့ 'ထွေး' ရဲ့ထံပါးတွင်သာ ဝေ့ဝဲနေကြလေသည်။

အလင်းရောင်စူးစူးတွေကို အံကြိတ်ခံကာ 'သန့်စင်' ငို





ချင်သွားမိသည်။

ကျောချမှဝါးပြမှန်းသိလိုက်ရသလို ထပြေးရအောင်ကလည်း လူကြီးတွေနဲ့မို့ ဘယ်လိုမှမဖြစ်နိုင်ပါ။

ဒေါသဖြစ်ရအောင်ကလည်း ကိုယ်ကိုယ်တိုင်က မိခင်ဖြစ်သူကို ယုံကြည်ကာလိုက်လာခဲ့မိတဲ့အဖြစ်မို့ ကိုယ့်ကိုယ်ကိုယ်အပြစ်တင်ကာ အံကြိတ်ကာထိုင်နေရဆဲ အနီးမှ 'ထွေး' ရဲ့အသံတိုးတိုးလေး ထွက်ပေါ်လာပါသည်။

" 'ထွေး' ကိုခွင့်လွှတ်ပါ ကိုကိုရယ်... 'ထွေး' 'ထွေး' ငြင်းပါသေးတယ်... ဒါပေမဲ့ မေမေကြီးက သူ့စကားနားမထောင်ရင် အိမ်ပေါ်ကဆင်းဆိုလို့ 'ထွေး' ခုလိုလက်ခံရတာပါ... 'ထွေး' ဘဝက ကိုကိုတို့မိသားစုကလွဲရင် ဘယ်သူ့ကိုမှ အားကိုးစရာမရှိပါဘူး"

'သန့်စင်' နာကြည်းစွာပြုံးကာ နှုတ်ခမ်းကိုတွန့်မဲ့လိုက်မိပါသည်။ တလက်စတည်း ပရိသတ်တွေရဲ့အလည် အပြုံးတွေတဝေဝေရှိနေသော မိခင်ဖြစ်သူကိုလည်း လှမ်းကြည့်လိုက်မိပါသေးသည်။

အောင်နိုင်သူမို့ မေမေ့အသွင်က ပြုံးရွှင်နေနိုင်ပေမယ့် 'မိုး' မျက်နှာကိုမြင်ယောင်မိတဲ့ သူ့ရင်တွင်းမှာတော့ သစ္စာဖောက်

တစ်ယောက်လို ခံစားမိကာ နေရာမှထွက်ပြေးချင်စိတ်က လွှမ်းမိုးလာပါတော့သည်။

ညှော့ပရိသတ်များနဲ့မို့ ရင်တွင်းမှခံစားချက်ကို ဟန်လုပ်ကာ ခန်းမအဝတွင်ရပ်နေမိဆဲ...

" 'သန့် စင်'..."

'ကောင်းမြတ်'က 'သန့်စင်' လက်ကိုလာဆုပ်ကိုင်သည်။

"စိတ် မကောင်းဘူး သူငယ်ချင်းရာ"

'သန့်စင်' အံကိုကြိတ်ကာ လက်သီးကို တင်းတင်းဆုပ်ထားလိုက်မိသည်။

"မင်း အမေကဒီကိစ္စကို မင်းကိုလုံးဝမပြောဖို့မှာထားလို့ ငါတို့မပြောခဲ့ရဘူး"

"ဒါဖြင့် မင်းတို့ကြိုသိနေခဲ့တယ်ပေါ့"

'ကောင်းမြတ်' ကော 'အင်းကြင်း' ပါ ခေါင်းငုံ့နေခဲ့ကြသည်။

နှစ်ဘက်စလုံးက အရင်းနှီးဆုံးသူငယ်ချင်းတွေ ဖြစ်နေခဲ့ကြတာမို့ သူတို့ရင်ထဲမှာလည်း လုံးဝမကောင်းနိုင်ကြပါ။

တားမြစ်ရအောင်ဆိုတော့လည်း သူတို့ဘယ်လိုတားရက်ကြပါ့မလဲ။





ခုချိန်ဆို 'မိုး'လည်း 'သန့်စင်' အကြောင်းကိုသိလောက်ကြပြီထင်ပါသည်။ သူ ဘယ်လိုရှင်းပြရပါ့မလဲ။

ဧောချွေးများပြန်ကာ လူကကတုန်ကရီဖြစ်လာ၍ 'ကောင်းမြတ်' က တည်ငြိမ်စွာလှမ်းပြောသည်။

"မင်းစိတ်တွေအရမ်းကို လှုပ်ရှားနေတယ်ဆိုတာ ငါသိပါတယ် 'သန့်စင်'... မင်းအိမ်ကိုပြန်လို့ဖြစ်မှာ မဟုတ်ဘူး"

ဟုတ်သည်။ အိမ်ကိုပြန်လျှင် 'သန့်စင်' စိတ်တွေဘယ်လောက်ပေါက်ကွဲမည်ဆိုတာ 'သန့်စင်' လည်းမခန့်မှန်းနိုင်ပါ။

"မင်းအမေကို ငါသွားပြီး ခွင့်တောင်းလိုက်မယ်... မင်း ငါတို့နဲ့လိုက်ခဲ့"

မင်္ဂလာပွဲအပြီးတွင် 'သန့်စင်' သူငယ်ချင်း 'ကောင်းမြတ်' တို့နှင့် ပါလာခဲ့သည်။

လူကတော့သူငယ်ချင်းတွေနဲ့ လိုက်လာခဲ့ရပေမယ့် 'သန့်စင်'ရဲ့နှလုံးသားက သေဆုံးသွားခဲ့ရပါပြီ။

အရှင်လတ်လတ် 'သန့်စင်' သေဆုံးသွားခဲ့ရပြီ။

"ငါ... ငါ 'မိုး' ကိုဘယ်လိုရှင်းပြရမလဲ 'ကောင်းမြတ်' ရယ်... 'မိုး' တော့ ငါ့ကိုလူလိမ်တစ်ယောက်လို့ ထင်တော့မှာပဲ"

'သန့်စင်' မချိတင်ကဲပြောကာ ပါးပေါ်မျက်ရည်များစီး

ကျလာခဲ့ပါသည်။

သည့်မတိုင်ခင် တစ်ရက်နှစ်ရက်ကပင် စာမေးပွဲဖြေပြီး သည်နှင့် 'မိုး' နဲ့လက်ထပ်ဖို့ 'မိုး' မေမေကို ဖွင့်ပြောခဲ့ကြသေးသည်။

'မိုး' ရဲ့မေမေကလည်း သူ့ကိုသားအရင်းတစ်ယောက်လို ချစ်ခင်နေသည်မို့ ကြည်ဖြူစွာပဲ သဘောတူခွင့်ပြုခဲ့ပြီးပြီ။

သည်လောက်အဆင်ပြေနေတဲ့ ဘဝခရီးမှာ ဒီလိုအဖြစ်ဆိုးမျိုးကြုံလာလိမ့်မည်ဟု 'သန့်စင်' အိပ်မက်ပင်မမက်ဘူးပါ။

ခု 'သန့်စင်' သူ့ဘဝခရီးကို ဘယ်လိုဆက်သွားရမလဲ။

"ငါ အိမ်မပြန်တော့ဘူးကွာ"

အံကြိတ်ကာ 'ကောင်းမြတ်' ကိုအပြော 'ကောင်းမြတ်' က သက်ပြင်းချကာ သူငယ်ချင်းကို နှစ်သိမ့်သည်။

"ဖြစ်လာမှတော့ ဘယ်တတ်နိုင်ပါ့မလဲဗျာ... မင်းအမေ အကြောင်းလည်း သိရဲ့နဲ့"

အဲ့ဒီလိုသိလို့ကို သူ မပြန်ချင်တာပါ။

ကာယကံရှင်ရဲ့ဆန္ဒမပါဘဲ သူမ ဖြစ်ချင်တာကိုမဖြစ်ဖြစ်အောင်လုပ်တတ်တဲ့ မေမေ့ရဲ့စိတ်ကို သူမုန်းသည်။

ဒါတစ်ဖက်သပ်ဆန်တာ မဟုတ်ဘူးလား။ ငါမိဘဆိုတဲ့





...ဘ်နဲ့ အနိုင်ကျင့်တာ မဟုတ်ဘူးလား။

'မိုး' နဲ့သဘောမတူရအောင် 'မိုး' က ဘာဖြစ်နေလို့လဲ။

ပါးပေါ်မျက်ရည်များ စီးအကျ...

"မင်းအမေမှာ နှလုံးရောဂါရှိတယ်ဆိုတာ မင်းသိတယ် ...ဟုတ်လား"

မေမေ့မှာရုတ်တရက်သေစေနိုင်တဲ့ နှလုံးရောဂါရှိသလို ...ိုး' မေမေမှာလည်း နှလုံးရောဂါရှိတာ သူသိသည်။

မေမေကလုပ်ချင်တာ လုပ်ခွင့်ရသူမို့ ဘာမှမဖြစ်နိုင်ပေ ...ယ့် 'မိုး' မေမေ တစ်ခုခုဖြစ်သွားလျှင် သူ့ပရောဂမကင်းပါ။

ပြီးတော့ခုချိန်မှာ ရုတ်တရက်နှလုံးသားသေဆုံးသွားရ ...ာ 'သန့်စင်' ပါ။ မေမေ့ကိုသာ သူ သနားကာ မေမေ့အလိုကျ ...ီမင်္ဂလာပွဲကို အောင်မြင်အောင် သူချုပ်တီးသည်းခံခဲ့ပေမယ့် ...မေမေကကော သူ့ကိုမသနားဘူးတဲ့လား။

မေမေက မသနားလျှင်တောင် 'နုထွေးငယ်' သူ့ကိုသနား ...့်သင့်သည်။

"'မိထွေး'... ဒင်းလည်းအလကားပဲ... တကယ်ဆိုငါနဲ့ ...ိုး' နဲ့ချစ်နေကြတာကို သူလည်းသိနေရဲ့နဲ့ ဒင်းမို့ငါ့ကိုဒီလိုလုပ် ...က်တယ်... တော်ပြီ ငါအိမ်မပြန်တော့ဘူး... 'မိုး' ကိုလည်း

ရင်မဆိုင်ရဲတော့ဘူး"

'သန့်စင်' တငိုငိုရယ်ရယ်ဖြင့် နေရာမှအတင်းကာရော ထွက်ပြေးမည်ပြုနေ၍ 'ကောင်းမြတ်' နှင့် သူငယ်ချင်းများက ဝိုင်းချုပ်ထားရလေသည်။

"မင်းတို့လည်းအလကားပဲ... တကယ်ဆိုသူငယ်ချင်း ကောင်းပီသတယ်ဆိုရင် ငါ့အမေလာပြောတည်းက ငါ့ကိုနည်း နည်းပါးပါးဖွင့်ပြောပြဖို့ သင့်တယ်... ခုတော့ငါ့ရင်ထဲကအစ် အစဥ်တွေ အားလုံးပျက်စီးသွားပြီး... ငါ့အသည်းနှလုံးလည်းတစ် စစီကြေမွသွားပြီ"

စားပွဲခုံကိုလက်သီးနှင့်ထုကာထုကာ ရှိုက်ကြီးတငင်ငို ကြွေးနေသော သူငယ်ချင်းကိုကြည့်ကာ 'ကောင်းမြတ်' ရင်ထဲ မှာပါ 'သန့်စင်' နှင့်အတူ လိုက်ပါငိုကြွေးနေမိပါတော့သည်။





# ၁၃

"ဟင်"

'သန့်စင်' 'ထွေး' ကိုဖက်ထားရာမှ အလန့်တကြား နောက်ဆုတ်ကာ ပတ်ဝန်းကျင်ကို ပြူးတဲပြဲတဲဖြင့် လှမ်းကြည့် လိုက်မိသည်။

သူဘယ်ကို ရောက်နေတာပါလိမ့်။

သူ့အိမ်ဆိုတာကိုတော့ သူသိသည်။ ဒါပေမဲ့သူ့အခန်း မဟုတ်ပါ။ ဘယ်အခန်းထဲကို ရောက်နေတာပါလိမ့်။

အခန်းတွင်းတွင် နှစ်ယောက်အိပ်ကုတင်၊ ဗီရို၊ မှန်တင်

ခံ့အားလုံးသည် အသစ်စက်စက်တွေပါ။

'သန့်စင်' လက်ရှိရောက်နေတဲ့ဘဝက ဘဝသစ်။

လှမ်းမြင်နေရသောမှန်တွင် ပုံရိပ်ထင်နေသော ကိုယ့်ကိုယ်ကိုယ်ရွံရှာသလို ငေးကြည့်ကာ နေရာမှလူးလဲထလိုက်မိလေသည်။

ညက 'သန့်စင်' အိမ်ကို ဘယ်နှစ်နာရီ ပြန်ရောက်လာမှန်းပင် မမှတ်မိလေပါ။

စိတ်ထဲမှာတော့ ချစ်ရလေသော 'မိုး' ကိုသာသတိရနေမိသည်။ 'မိုး' ပြောခဲ့သောစကားတွေကို ပြန်လည်ကာကြားယောင်နေမိသည်။

ဘာတဲ့ မောင်နဲ့ဝေးရရင် 'မိုး' လည်း ကိန္နရာမလေးလို ငိုကြွေးနေမိမှာပဲတဲ့။

မငိုပါနဲ့ 'မိုး' ရယ်။ 'မိုး' ငိုရင် မောင်ဘယ်လိုနေရမှာလဲ။

မောင့်ကို 'မိုး' ချစ်သလို မောင်လည်း 'မိုး' ကိုသိပ်ချစ်ပါတယ်။

'မိုး' က တ,လွမ်း၍ထင်သည်။ 'မိုး' သူ့အပါးကိုရောက်လာခဲ့သည်။





'သန့်စင်' ပျော်လိုက်သည်မှာ ငြင်းဖွယ်ရာမရှိတော့ပါ။

'မိုး' လက်ကိုဆွဲကာ တတွတ်တွတ် တောင်းပန်နေမိသည်။ နောက်တစ်ခါ ဒီလိုအဖြစ်မျိုးနဲ့ ထပ်မကြုံရအောင် 'မိုး' ကိုသူ့ရင်ခွင်ထဲ ဆွဲသွင်းထားမိသည်။

'မိုး' သည် 'သန့်စင်' ကိုတော်တော်နဲ့ ခွင့်မလွှတ်ပါ။ သူလိမ်၊လူညာ၊ လူကောက် သစ္စာဖောက်အဖြစ်စွပ်စွဲကာ သည်းသည်းထန်ထန်ငိုသည်။

သူမ အချစ်နဲ့ မထိုက်တန်တဲ့သူဟုလည်း သူ့ကိုအတင်းတွန်းလွှတ်သည်။

'သန့်စင်' 'မိုး' ကို အတင်းဆွဲကာတောင်းပန်မိသည်။ 'မိုး' ခွင့်မလွှတ်ကြားမှ 'မိုး' ပါးပြင်မှမျက်ရည်တွေကို သူ့ပါးပြင်ဖြင့် ဖိကပ်ကာ သုတ်ပေးမိသလို၊ ငိုရလွန်း၍ မို့ဖေါင်းနေသော မျက်ခွံမို့မို့လေးများကို သူ့နှုတ်ခမ်းဖြင့် ဖိထားပေးမိသည်။

တတွတ်တွတ်ရန်လိုနေသော နှုတ်ခမ်းလေးများကို သူ့အနမ်းပန်းတွေဖြင့် အသာအယာဖိအပိတ် 'မိုး' တစ်ယောက်သူ့ကိုရန်လို၍ မရနိုင်တော့သလို ပျောင်းနွဲ့စွာဖြင့် သူ့ကိုပြန်လည်ကာ ဖက်တွယ်လာခဲ့ပါသည်။

ယခုက 'မိုး' အိမ်မှာမဟုတ်ပါ။ သူ့အိမ်မှာ။

ပြီးတော့ သူ့အခန်းထဲမှာ...။

ရှိတာကလည်း 'မိုး' နဲ့သူနဲ့နှစ်ယောက်တည်းမို့...

"ချစ်တယ် 'မိုး' ရယ်"

ညကအဖြစ်ကို ကြည်နူးစွာတွေးကာ 'မိုး' ကိုလှမ်းအဖက်...

"ဟာ..."

ရင်ထဲမှလိပ်ပြာပင် လွင့်စင်ထွက်သွားမတတ် 'သန့်စင်' လန့်တုန်သွားရလေသည်။

သူ ဖက်မိသည်က ရွှေရောင်ဆံပင်နှင့် ချစ်ရသော 'မိုး' မဟုတ်လေပါ။

မည်းနက်သောဆံနွယ်များကြားမှ နှစ်ခြိုက်စွာအိပ်မောကျနေသူက 'ထွေး'။ သူ့ညီမအရင်းလေးလို သတ်မှတ်ထားသော 'နုထွေး'။

မှားကုန်ပြီဟူသော အသိနဲ့အတူ 'ထွေး' ရဲ့ပခုံးကိုခပ်ကြမ်းကြမ်းကိုင်လှုပ်ကာ အားကုန်အော်လိုက်မိသည်။

"မင်း... မင်း ဘာလို့ငါ့ကုတင်မှာ လာအိပ်နေရတာလဲ ထွက်သွား... ငါ့အခန်းထဲက အခုထွက်သွား"

မိုးထစ်ခြုန်းသလို ကိုကို့ရဲ့အလန့်တကြား အော်သံကြီး





ကြောင့် 'ထွေး' လန့်နိုးလာရကာ ကိုကို့ကို ကြောက်အားလန့်အား မော့ကြည့်လိုက်မိသည်။

ညက မိုးစုပ်စုပ်ချုပ်မှ ကိုကိုပြန်ရောက်လာခဲ့သည်။

ကိုကို့ပုံစံက လူမှန်းသူမှန်းမသိအောင် မူးရူးနေတာကြောင့် 'နုထွေး' ငိုချင်သွားရသည်။

'ထွေး' ဒီအိမ်ကိုရောက်စတည်းက ကိုကို့ကိုဒီလိုပုံစံမျိုးဖြင့် တစ်ခါမှ မတွေ့ဖူးတာကြောင့် ကြောက်လည်းကြောက်မိသည်။

ကိုကိုသည် အရက်သောက်တတ်သူ မဟုတ်ပါ။

ဒီလိုမသောက်တတ်တဲ့သူက ဘာဖြစ်လို့ အရက်တွေအလွန်အကျွံသောက်ခဲ့ရတာပါလိမ့်။

အပေါ်ထပ်ရှိ မေမေတို့ကို ပြေးနှိုးချင်ပေးမယ့်လည်း 'ထွေး' မနှိုးရဲပါ။

မေမေတို့ကိုယ်တိုင် 'ထွေး' ကို ကိုကို့ကိုစောင့်နေဖို့မှာသွားပြီး အပေါ်တက်သွားကြတာကြောင့် 'ထွေး' မှာ တာဝန်ရှိနေလေသည်။

'ကိုကောင်းမြတ်' တို့က 'ထွေး' လက်ထဲ ကိုကို့ကိုအပ်ပြီးတာနဲ့ ပြန်သွားကြပေမယ့် 'ထွေး' မှာကိုကို့ကိုယ်ကြီးကို မနိုင်

မနေ့၊ကတဲ့သူကာ အိပ်ခန်းထဲကို ခေါ်လာခဲ့ရသည်။

ကုတင်ပေါ်ချပြီးပြန်တော့လည်း မပြီးသေး။ ကိုကို့ကို အဝတ်တွေလဲပေးရသေးသည်။

'ထွေး' ဒီလိုလုပ်ပေးနေတာတွေကို လုံးဝမသိအောင် ကိုကိုသည် မူးရူးနေလေသည်။

'ထွေး' ရဲ့ပထမအစီအစဉ်က ဒီညကိုကိုနဲ့ဆွေးနွေးမည်။

'ထွေး' နဲ့လက်ထပ်ရတဲ့ကိစ္စကို ကိုကိုမကျေနပ်လျှင် 'ထွေး' တို့လုံးဝမပေါင်း။ ကိုကို့ကို 'မိုး' ဆီပြန်လွှတ်မည်။

လူကြီးတွေစကားနားထောင်ကာ ကိုကိုနဲ့လက်ထပ်ပြီးပြီ မို့ လူကြီးတွေလည်း 'ထွေး' ရဲ့ဆန္ဒကို ဖျက်ဆီးရက်သည်။ မထင်ပါ။

'ထွေး' ဘဝကတော့ ဘာဖြစ်လဲ။ နာမည်ပျက်ချင်လည်း ပျက်ပါစေအတွေးဖြင့် မအိပ်နိုင်ဘဲ ထိုင်စောင့်နေသမျှ ခုတော့ ကိုကို့ပုံစံကြောင့် 'ထွေး' အကြံအစည်တွေ ပျက်စီးခဲ့ရပါပြီ။

ကိုကိုကတော့ 'ထွေး' ကို 'ထွေး' မှန်းလည်းမသိတော့ပါ။ မူးရူးကာ ဘာတွေပြောနေမှန်းလည်း မသိ။

'ထွေး' ကိုကို့ကို ငေးကြောင်၍ကြည့်နေမိဆဲ...

"အံမယ်လေး"





ကိုကိုက 'ထွေး' ကိုလှမ်းဖက်ကာ ရင်ခွင်ထဲဆွဲသွင်းထား လိုက်သည်။

"ကိုကို လွှတ်ပါ"

"ချစ်တယ် အရမ်းချစ်တယ်"

ကိုကိုရဲ့အပြုအမူတွေက 'ထွေး' တစ်ခါမှမကြုံတွေ့ဖူး ဘဲ့ အပြုအမူတွေပါ။

ရင်တွင်းမှာဝမ်းသာရခြင်းလား၊ ကြည်နူးရခြင်းလား၊ 'ထွေး' ဝေခွဲမရလေပါ။

'ထွေး' ဆိုတာ ကိုကို့ကို တိတ်တခိုးမျှော်လင့်ပြီး ချစ်နေ မိခဲ့တဲ့ ကောင်မလေးတစ်ယောက်ပါ။

ကိုကို့ရဲ့ရင်ခွင်တွင်းကို 'ထွေး' မဝင်ချင်ဘဲနေပါ့မလား။

ကြည်နူးပျော်ရွှင်စိတ်ဖြင့် 'ထွေး' အိပ်ပျော်သွားခိုက် ကိုကို့အော်သံနက်နက်ကြီးကြောင့် လန့်နိုးခဲ့ရတာဖြစ်ပါသည်။

'ထွေး' ကိုကို့ကိုကြောင်ကာ ငေးကြည့်နေမိဆဲ ကိုကို့ရဲ့ ဒေါသသံက ထပ်ထွက်လာသည်။

"သွားလေကွာ... ဘာလုပ်နေတာလဲ"

ညကကိုကိုနဲ့ ဆန့်ကျင်စွာဖြင့် ကိုကိုသည် ဘီလူးတစ် ကောင်လို 'ထွေး' ကိုပြူးပြဲကြည့်နေလေသည်။

'ထွေး' မသွားလျှင်ပဲ ကိုကိုကထရိုက်တော့မယ့်ပုံစံမို့ 'ထွေး' အခန်းပြင်ကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထွက်ခဲ့ရတော့သည်။

ရင်ထဲမှာတော့ ကိုယ့်ဘဝကိုယ် ဝမ်းနည်းကြေကွဲမိ၏။ 'ထွေး' လိုအိမ်ထောင်ဦးဘဝကို ဘယ်သူကြုံကြုံရမှာလဲ။

ညကပင် ချစ်ရည်လူးကာ ပျော်ရွှင်မြူးတူးခဲ့ရတဲ့ဘဝကို ခဏတာပိုင်ဆိုင်ခွင့်ရခဲ့ပြီး မိုးလင်းတာနဲ့ ပျော်ရွှင်မှုအပေါင်းက 'ထွေး' ထံပါးမှထွက်ပြေးကာ ဝမ်းနည်းရခြင်းသာ 'ထွေး' ရင်ထဲမှာ ကျန်ရစ်ခဲ့ရလေသည်။

ကိုယ့်ဘဝကိုယ် ဝမ်းနည်းကြေကွဲရလွန်း၍ တံခါးကိုမျက်နှာအပ်ကာ တစ်ယောက်တည်းကြိတ်ကာ ရှိုက်ငိုနေမိဆဲ မေမေ 'ထွေး' အပါးကိုရောက်လာခဲ့သည်။

"သမီး ဟိုကောင်စောစောစီးစီးဘာတွေ ထအော်နေတာလဲ"

"မေမေ... မေမေရယ်"

'ထွေး' မေမေ့ရင်ခွင်တွင်းကို တိုးဝင်ကာ ကလေးတစ်ယောက်လို ဝမ်းနည်းစွာရှိုက်ငိုလိုက်မိပါသည်။

သည်လိုမှန်းသိလျှင် ကိုကို့ကို လက်ထပ်ဖို့ 'ထွေး' သ





ဘောမတူခဲ့ပါဘူး။

မေမေတို့ကအတင်းကာရော စီစဉ်တဲ့အဖြစ်။ 'ထွေး' မှာလည်း အားကိုးစရာမယ်မယ်ရရ ဘယ်သမှုရှာမတွေ့ပါ။

အခိုက ကိုကို့ကို လက်ခံရတဲ့အချက်က 'ထွေး' ကိုယ်တိုင် ကိုကို့ကိုချစ်နေမိတဲ့ အချက်ကြောင့်ပါ။

ခုတော့ 'ထွေး' ဆုံးဖြတ်ချက်တွေ မှားယွင်းသွားခဲ့ပြီလား။

ဝမ်းနည်းစွာငိုရှိုက်ကာ မေမေ့ကိုရင်ဖွင့်မိသည်။

"ကိုကို... ကိုကို 'ထွေး' ကိုမချစ်ပါဘူး မေမေရယ်... 'ထွေး' ကိုကို့ကိုလက်ထပ်တာ မှားသွားခဲ့ပြီ"

"သမီးဘာတွေ လျှောက်ပြောနေတာလဲ... အလကားမငိုနဲ့တော့... ဒီကောင် အရူး... အရူးမို့လို့သာ သမီးလိုမိန်းကလေးရတာကို ဒီကောင်နာနေတာ... နောက်မှသမီးနောက် တကောက်ကောက်လိုက်ပြီး သမီးကိုတောင်းပန်နေမှာ မြင်ယောင်မိသေးတယ်"

နောက်မှတောင်းပန်တာ မတောင်းပန်တာကိုထားပါ။ ခု လောလောဆယ်မှာတော့ 'ထွေး' ကိုကို့ကို ရင်မဆိုင်ရဲတော့ပါ။ 'ထွေး' ကိုကို့ကို ကြောက်သည်လေ။

ကြောက်ကြောက်နဲ့မို့ မေမေ့ကိုဖက်ကာ ရှိုက်ငိုနေဆဲ...

"သမီး မငိုနဲ့တော့လေ... ဘာဖြစ်လို့ငိုနေရတာလဲ"

"'ထွေး' ကိုကို့ကိုကြောက်တယ် မေမေ... အခန်းထဲကို လည်း ပြန်မသွားရဲတော့ဘူး"

"ဘာမသွားရဲရမှာလဲ... ဒီကောင်က ဘာကောင်မို့လို့လဲ လာ မေမေ လိုက်ပို့ပေးမယ်"

"ဟင့်အင်း မေမေ... ကိုကို 'ထွေး' ကိုရိုက်လိမ့်မယ်"

ကြောက်ရလွန်းတာမို့ 'ထွေး' ရဲ့အသားလေးတွေ တဆတ်ဆတ်တုန်နေတာကို 'ထွေး' ပဲသိပါသည်။

ဒါပေမဲ့ မေမေသည် 'ထွေး' ရဲ့လက်ကိုဆွဲကာ ကိုကို့အခန်းထဲကို ခေါ်ချလာသည်။ ပြီးတော့ 'ထွေး' ရှေ့မှာပင်ကိုကို့ကို ဆူပါတော့သည်။

"မင်း ဒါဘာလုပ်တာလဲ 'သန့်စင်'... မင်းဖါသာမွှန်ထူပြီး ဟိုကောင်မကိုသတိရနေတာနဲ့ ငါ့သမီးနဲ့ဘာဆိုင်လို့လဲ... မင်း 'ထွေး' ကိုဆူစရာလည်းမလိုဘူး အော်ဟစ်စရာလည်းမလိုဘူး... ငါကိုယ်တိုင်သဘောတူလို့ 'ထွေး' နဲ့ပေးစားခဲ့တာ နောက်တစ်ခါ ဆူသံပူသံကြားရင် မင်းအသိပဲ"

မေမေ့ရဲ့အတင်းကာရော ခေါ်ဆောင်မှုကြောင့်သာ





'ထွေး' တစ်ယောက် အခန်းတွင်းကို ပြန်ရောက်လာခဲ့ရပေမယ့် ကိုကို့ကို မျက်နှာချင်း မဆိုင်ရဲလောက်အောင် ကြောက်ရွံ့လှပါသည်။

ကြောက်ကြောက်နှင့်မို့ အိပ်ယာကိုကပျာကယာသိမ်းကာ အခန်းပြင်ကိုပြန်ထွက်ဖို့အပြင်...

"ဟိတ်..."

"အမယ်လေး"

'ထွေး' နှလုံးဆတ်ကနဲ ဆောင့်ခုန်သွားရလေသည်။

"နင် မေမေ့ကို ဂုံးသွားချောတာမဟုတ်လား"

'ထွေး' လျင်မြန်စွာခေါင်းခါကာ ကိုကို့ကိုဖြေရှင်းချက်ထုတ်လိုက်မိသည်။

"မ မဟုတ်ပါဘူး ကိုကိုရယ်... 'ထွေး' ကိုမေမေ့ဖါသာတွေ့သွားပြီး ခေါ်လာခဲ့တာပါ... ဂုံးမချောဝံ့ပါဘူး"

"အေး နင်ဂုံးချောလည်းငါက ဂရုစိုက်မယ့်ကောင်မဟုတ်ဘူး"

'သန့်စင်' ပြောချင်ရာပြောကာ အခန်းထဲကထွက်လာခဲ့လိုက်သည်။

လောလောဆယ် 'မိုး' ဆီကိုသွားလျှင် သူ့ကိုစိတ်ဆိုးနေ

မှာသေချာသည်။

ထွက်တွေ့မယ်လည်းမထင်ပါ။ 'မိုး' ထက် 'မိုး' မေမေ က ပိုပြီးများစိတ်ဆိုးနေလေမလား။

'မိုး' ကိုကော 'မိုး' မေမေ ကိုပါ 'သန့်စင်' မျက်နှာခြင်း မဆိုင်ဝံ့ပါ။

တကယ်ဆို 'မိုး' တို့သားအမိနှစ်ယောက်လုံးသည် အပြစ် ကင်းသူတွေပါ။

'သန့်စင်' ကြောင့်သာ သူမတို့သားအမိနှစ်ယောက်လုံး အရှက်ရကြရရှာသည်။ 'သန့်စင်' ဘယ်လို တောင်းပန်ရပါ့မလဲ။

လောလောဆယ် သူ အိမ်တွင်လုံးဝမနေချင်ပါ။

ဘယ်သွားရမှန်းလည်း မသိချေ။

ထွက်မိထွက်ရာ ထွက်လာခဲ့ပြီးမှ မနေ့က 'ကောင်းမြတ်' တို့နဲ့သွားခဲ့သော စားသောက်ဆိုင်ကိုသတိရမိသည်။

ကားကို ကန်တော်ကြီးဘက်ကို ဦးတည်လိုက်သည်။





၁၄

"ဟိုကောင် ဘယ်သွားတာလဲ သမီး"

'သန့်စင်' ရဲ့ကား ခြံထဲကထွက်သွားသည်နှင့် ဖေဖေနှင့် မေမေ 'ထွေး' အပါးကိုရောက်လာခဲ့ကြသည်။

"ပြောလေ သမီး"

"'ထွေး' မသိဘူး မေမေ"

'ထွေး' မျက်ရည်များဝဲကာ တိုးတိုးလေးပြန်အဖြေ မေမေ သည် 'ထွေး' မျက်နှာကို ဂရုဏာသက်သလိုစိုက်ကြည့်ကာ သက် ပြင်းချလိုက်သည်။

"သမီးအဲ့ဒီလိုပျော့ညံ့နေလေ ဟိုကောင်ကပိုဆိုးလေဖြစ်နေတာ"

'ထွေး' ဘဝကနဂိုတည်းက ကိုကိုတို့မိသားစုကိုသာ မှီခိုအားထားနေရသူမို့ ဘယ်သူ့ကိုကလန်ကဆန် မပြုဝံ့ပါ။

အထူးသဖြင့် ကိုကို့ကိုဆို ပိုလို့တောင် စိုးပါသေးသည်။

နဂိုတည်းက ကိုကိုက အနေတည်သူစကားနည်းသူ ကိုကို့ရဲ့အရိပ် အခြေကိုသာ 'ထွေး' က အကဲခတ်ကာ စကားပြောရသူပါ။

ဒီလိုအခြေအနေကဆို ရုတ်တရက်ကိုကို့ဇနီးဖြစ်လာခဲ့ရတော့ 'ထွေး' ပိုထိတ်လန့်ရပါသည်။ ပိုအားငယ်ရပါသည်။

ကိုကိုကအရေးပေးနေသော အခြေအနေဆို 'ထွေး' အတွက်အရေးမဟုတ်ပေမယ့် ခုအခြေအနေက ကိုကို့ဘဝကို 'ထွေး' က အတင်းကာရော ဝင်ရောက်ကာ ဖျက်စီးခဲ့တဲ့သူ။

'ထွေး' ဘယ်လိုအခြေအနေနဲ့ ရဲရဲရင့်ရင့် သတ္တိတွေရှိနေဝံ့ပါ့မလဲ။

"သွားပစေ... သွားစရာမရှိရင် ဒီကောင်အိမ်ကိုပဲပြန်လာရလိမ့်မယ်"

ဖေဖေပြောသလိုပင် ကိုကိုသည် မိုးစုပ်စုပ်ချုပ်တဲ့အချိန်





ဘှင် အိမ်ကိုပြန်ရောက်လာခဲ့ပါသည်။

လူကသိုင်းကွက်နင်းကာ တံခါးဝတွင်ရပ်နေပါ၍ 'ထွေး' တံခါးကို အမြန်သွားဖွင့်ပေးရသည်။

မတော်အပေါ်ထပ်ရှိ ဖေဖေတို့နိုးသွားလျှင် မလွယ်ပါ။

ကိုကို့ကိုပဲ ဝိုင်းဝန်းကာ ဆူကြပါဦးမည်။

ကိုကိုသည်လိုဖြစ်နေတာကို မေမေတို့ မြင်တွေ့လို့မဖြစ်ပါဘူး။

ကိုကို့ကိုယ်ကြီးကို မနိုင်မနင်းတွဲကာ အိပ်ခန်းထဲအပို့ 'ထွေး' မျက်ဝန်းမှမျက်ရည်များ စီးကျလာခဲ့သည်။

ကိုကိုက 'ထွေး'အဖြစ်ကို မသိပါ။ အိပ်ယာပေါ်ပုံပျက်ပန်းပျက်လဲကျကာ ဖြစ်ချင်တိုင်းဖြစ်နေသော ကိုကို့ကို 'ထွေး' မကြည့်ရက်ပါ။

ဒါ ကိုကို 'ထွေး' ကိုလက်ထပ်လိုက်ရလို့ ဖြစ်ရတာမဟုတ်လား။

ကိုကို့ကို ကွာရှင်းပေးလိုက်လျှင် ကိုကို ဒီလိုဖြစ်ချင်မှဖြစ်တော့မည်။

သည်အတွေးဖြင့် 'ထွေး' အခန်းပြင်ကိုထွက်အလာ...

"ဟင် .မေမေ"

မေမေသည် 'ထွေး' မျက်နှာကိုစိုက်ကြည့်ကာ တီးတိုးလှမ်းမေးသည်။

"ဟိုကောင်ပြန်ရောက်လာပြီ မဟုတ်လား"

"ဟုတ်ကဲ့ပါ"

'ထွေး' ဘယ်လောက်ပဲတီးတိုးလုပ်ပါစေ၊ တံခါးပိတ်သံ အိမ်တံခါးဖွင့်သံတို့ကို မေမေမကြားဘဲနေပါ့မလား။

ပြီးတော့ မေမေကိုယ်တိုင်လည်း 'ထွေး' နဲ့ကိုကိုရဲ့အခြေအနေကိုစောင့်ကြည့် အကဲခတ်နေတဲ့သူတစ်ယောက်ပါ။

မထူးတော့ပြီမို့ 'ထွေး' မေမေ့ကိုဖွင့်ပြောလိုက်မိသည်။

" 'ထွေး' ကိုကို့ကို ကွာလိုက်တော့မယ် မေမေ"

"ဘာ"

မေမေသည် 'ထွေး' မျက်နှာကို အံ့ဩသလိုငေးကြည့်နေလေသည်။ မေမေ့စိတ်ထဲမှာ 'ထွေး' ဘက်ကသည်လိုစပြောလိမ့်မည်ဟု ဘယ်လိုမှတွေးထင်ထားပုံမရ။

'ထွေး' သူ့သားကိုချစ်တာ၊ သိနေတာကြောင့်လည်း အံ့ဩနေပုံရသည်။

"ကိုကိုခုလို အရက်တွေသောက်လာတာ 'ထွေး' ကြောင့်ပါ... 'ထွေး' နဲ့သာမယူဖြစ်ရင် ကိုကိုခုလိုဖြစ်မှာမဟုတ်ဘူး...





ဒီလိုလည်းအရက်တွေသောက်လာမှာ မဟုတ်ဘူး"

"ဒါများအေ... ကွာရှင်းရမယ်လို့... ဒါအစမ္ဘီလို့ပါ အရက်သမားအရက်ဖြစ်ရင် ဘယ်လောက်ခံရသလဲ... အဲ့ဒီလိုပဲ အချစ်သမားအချစ်ဖြစ်တော့ ဒီလိုပဲခံစားရမှာပေါ့... နောက်တော့လည်းမေ့သွားမှာပါ သွား သွား... ညည်းကိုကို့ကို ခြင်ထောင်ချပေးလိုက်ချည်"

မေမေအတင်းတွန်းလွှတ်၍သာ 'ထွေး' ပြန်ဝင်ခဲ့ရသော်လည်း ကိုကို့အနားတွင် လုံးဝမအိပ်ချင်ပါ။

ကိုကို့အနားတွင်အိပ်မိလျှင် 'မိုး' အမှတ်ဖြင့်ကိုကိုချစ်ဦးမည်။ 'မိုး' အမှတ်ဖြင့် ကိုကိုထွေးပွေ့ဦးမည်။

ကိုကို့အချစ်အတွက် 'ထွေး' ပျော်ရွှင်ကြည်နူးမိသော်လည်း ကိုကိုချစ်တာ 'ထွေး'ကိုမဟုတ်ပါ။ 'မိုး' ကိုပါ။

သည်အသိဝင်လာသည်နှင့် ဝမ်းနည်းအားငယ်စိတ်ကကြီးစိုးလာကာ 'ထွေး' ၏ပါးပြင်ပေါ် မျက်ရည်များစီးကျလာခဲ့သည်။

ကိုကိုကတော့ 'ထွေး' ရဲ့အဖြစ်ကို မသိပါ။ 'ထွေး'၏ မျက်ရည်ကိုလည်း မမြင်ပါ။ တခေါခေါဖြင့်ဟောက်ကာ အိပ်မောကျနေခဲ့ပါပြီ။

ကိုကို့မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ 'ထွေး' စိတ်မကောင်းစွာတွေးနေမိချိန် ကိုကိုကတော့ 'ထွေး' ကိုမေ့ကာအိပ်မက်ကမ္ဘာမှာ 'မိုး' နဲ့ပျော်နေမှာသေချာပါသည်။

ကိုကို့မျက်နှာက ပြုံးရွှင်၍နေလေသည်။ ခါတိုင်းအချိန်ဆို ကိုကိုဒီလိုပြုံးရွှင်နေတာ ကြည့်ကောင်းမှာသေချာပေမယ့် ခုချိန်မှာတော့ 'ထွေး' မကြည့်ဝံ့ပါ။

မျက်နှာခြင်းဆိုင် အနေအထားမှ ကျောခိုင်းကာအသာအယာအလှည့်...

"အမေ့"

ကိုကို့လက်က 'ထွေး' ရဲ့တစ်ကိုယ်လုံးကို ရစ်ပတ်၍လာသည်။ ပြီးတော့ 'ထွေး' နားကိုကပ်ကာ တီးတိုးခေါ်လိုက်သေးသည်။

" 'မိုး'..."

" 'မိုး' မဟုတ်ဘူး ကိုကို"

'ထွေး' ဘယ်လိုပင်ပြောသော်လည်း ကိုကိုသည်မူးနေသူပါ။ 'ထွေး' စကားကိုနားထောင်ဖို့ထက် ကိုကိုဆန္ဒကိုသာ ဦးစားပေးနေမှုကြောင့် ဒုတိယအကြိမ် ကျရှုံးခဲ့ရပြန်ပါပြီ။

'ထွေး' မျက်ရည်ကျယုံအပြင် ဘာမှမတတ်နိုင်ပါ။





ဒါပေမဲ့ဒီတစ်ခါတော့ 'ထွေး' ပါးပြီ။

ကိုကိုမနိုးခင် အိပ်ယာမှအသာလေးထကာ အပြင်ကိုအထွက်...

"ဟင်"

"အို..."

"ခွမ်း..."

'ထွေး' ထိတ်လန့်စွာကြောင်ကြည့်နေဆဲ ကိုကို့စားပွဲပေါ် ကိုကိုတမြတ်တနိုးတင်ထားသော ကိန္နရီရုပ်လေးက 'ထွေး' ာက်နဲ့တိုက်မိကာ သံမံတလင်းပေါ်တစ်စစီ ကျကွဲသွားပါတော့သည်။

'ထွေး' နှလုံးသားလည်း တစ်စစီကြေကွဲသွားခဲ့ပါပြီ။

## ၁၅

"ဒီမှာ နောင်ကြီး... ကားရပ်ပြီးဘယ်သွားမှာလဲ"

"ဗျာ"

'သန့်စင်' မျက်လုံးကိုပွတ်လိုက်သည်။ ဒေါပွပွဖြင့်အိမ်ကထွက်လာပြီး တွေ့ရာကားကိုလက်လှမ်းပြကာ တက်စီးလာပေမယ့် ဘယ်ကားမှန်းမသိ။

ဘယ်သွားရမှန်းလည်းမသိ။ လိုက်မိလိုက်ရာ စွတ်ရှ လိုက်လာခဲ့ပြီးမှ ယခုလာနှိုးတော့မှ ဘေးဘီးကိုပြူးပြဲကြည့်လိုက်မိသည်။





ပိုပြီးတိကျစွာပြောရလျှင် မြို့တစ်မြို့။

"ဒါ ဘာမြို့လဲဗျ"

"ကျိုက်ထိုမြို့"

"ဘုရားရေ"

သူ ဘုရားတကကာ ကားစပါယ်ယာကို ပြူးကြည့်လိုက်မိသည်။ သူ့နဖူးသူလည်း ယောင်ရမ်းကာ ရိုက်လိုက်မိသည်။

သူတက်စီးစဉ်က ရန်ကုန်မြို့တွင်း မောင်းတဲ့ကားလို့ပဲထင်လိုက်မိလို့ပါ။ ယခုတော့ ရန်ကုန်နဲ့မိုင်ပေါင်းများစွာကွာဝေးသော ကျိုက်ထိုမြို့ကိုပင် ရောက်လို့နေပေပြီ။

သူ ငါးနာရီကျော်ကျော်လောက် အိပ်လိုက်လာခဲ့တာဖြစ်မည်။

ခုမှကားခပေးဖို့ သတိရကာ ပိုက်ဆံအိတ်ကိုအနှိုက် စပါယ်ယာက ယဉ်ကျေးစွာဆိုသည်။

"မပေးနဲ့တော့ခင်ဗျ... ဟိုလူက ခင်ဗျားအတွက်ပေးပြီးသွားပြီ"

ဟိုလူဆို၍ဘေးဘီဝဲယာကို ယောင်ရမ်းကာလှမ်းအကြည့် သူ့ဆီကိုဆိုက်ကားတစ်စီးငှားကာ လျှောက်လာနေသူက 'မှိုင်းဝေ' ပါ။

သူနဲ့အတူ မြန်မာစာတတိယနှစ်အထိ တက်ပြီးတော့မှ ကျောင်းထွက်သွားသူပါ။

'သန့်စင်'လိုအေးဆေးငြိမ်းချမ်းတဲ့ သူတစ်ယောက်မို့ ဝမ်းသာအားရ နှုတ်ဆက်လိုက်မိသည်။

"'မှိုင်းဝေ'... မင်းဒီကိုဘာလာလုပ်တာလဲ"

"အဲ့ဒါငါက မင်းကိုမေးရမှာလေကွာ... ငါဒီနားကရွာမှာ ကျောင်းဆရာဖြစ်နေတာ... ရန်ကုန်ကိုကိစ္စတစ်ခုနဲ့သွားပြီး အပြန်မှာ မင်းကားပေါ်ပါလာတာကိုတွေ့ရတာ"

'သန့်စင်'ခေါင်းညိတ်လိုက်သည်။

"မင်းအခုဘယ်သွားမလို့လဲ"

'သန့်စင်'အတွက် သွားစရာနေရာမရှိပါ။ အိမ်ကိုလည်း လုံးဝမပြန်ချင်တော့ပါ။

ရောက်ရာပေါက်ရာ လွင့်လာခဲ့တဲ့သူမို့ မချိသလိုအပြုံး 'မှိုင်းဝေ'က 'သန့်စင်' အဖြစ်ကိုနားလည်သလို သက်ပြင်းချသည်။

"ငါသိပါတယ်ကွာ... ငါမင်းအကြောင်း ရန်ကုန်မှာကြားလာခဲ့ပြီးပါပြီ"

"ငါ့အကြောင်း ဟုတ်လား"





'သန့်စင်'အံ့ဩတုန်လှုပ်စွာ လှမ်းမေးလိုက်မိသည်။

"အေး မင်းနဲ့သိတဲ့ 'အင်ကြင်း'ဟာ ငါ့ညီမဝမ်းကွဲပဲ"

'အင်ကြင်း'က ညီမဝမ်းကွဲဆိုမှတော့ သူ့အကြောင်းအားလုံးသိနေပြီပေါ့"

သိနေမှတော့လည်း မထူးတော့မယ့်အတူတူ 'မှိုင်းဝေ'ကို အကူအညီတောင်းလိုက်မိသည်။

"ဒါဆိုငါ့ကိုကူညီပါ 'မှိုင်းဝေ'ရယ်... ငါ့အိမ်ကိုမပြန်ချင်တော့ဘူး"

"ဖြစ်ပါ့မလားကွာ... မင်းမပြန်တော့ ဟိုမိန်းကလေးဘယ်လိုလုပ်မလဲ"

"ဟာ ဖေဖေတို့မေမေတို့ရှိသားပဲ... သူတို့အတင်းပေးစားလို့ယူရတာ... ငါသူ့ကိုချစ်တာမှ မဟုတ်တာ"

'သန့်စင်'ခါးခါးသီးသီးပင် ငြင်းဆန်ကာ ခေါင်းခါလိုက်မိသည်။

တကယ်ပဲ 'မိထွေး'ကိုသူ မချစ်ခဲ့ပါ။ ညီမအရင်းလေးတစ်ယောက်လိုသာ သူသဘောထားခဲ့သည်။ သည်သဘောထားကို သူဘယ်လိုမှပြောင်းလဲနိုင်မည်မထင်။

"အေးလေ မင်းမကူညီချင်ရင်လည်းနေပါ... ငါကတော့

ရောက်ရာပေါက်ဖို့ သွားဖို့ ဆုံးဖြတ်ထားပြီးသားပဲ”

'မှိုင်းဝေ' လက်မခံလည်း ဆက်သွားလျှင် သာမညကို ရောက်တာ 'သန့်စင်' သိသည်။ သာမညတွင် အေးအေးဆေးဆေးနေကာ စိတ်ပြေလောက်မှ ရန်ကုန်ပြန်ဖို့ စိတ်ကူးထားလိုက်မိသည်။

ဒါမှသူပြန်ရောက်တဲ့အချိန် 'ထွေး' အတွက်လည်းလုံလောက်တဲ့အချိန်ရကာ 'သန့်စင်' အတွက် စဉ်းစားပေးနိုင်မည်ဟုထင်သည်။

သူကတော့ 'ထွေး' ကိုဘယ်လိုနည်းနဲ့မှ ဆက်မပေါင်းချင်ပါ။

ဖြစ်နိုင်လျှင် 'မိုး' နှင့်သာ သူ့ဘဝခရီးလမ်းကို အတူတွဲသွားချင်ပါသည်။

ထွေနေသောစိတ်နှင့် ခြေဦးတည့်ရာကို ဆက်အသွား...

“ကဲပါကွာ ရောက်လာမှတော့ ဘယ်ကိုမှလည်းဆက်မသွားနေပါနဲ့တော့... မင်းပျော်သလောက်နေ မပျော်ဘူးဆိုရင်တော့ တခြားကိုဆက်သွားမယ့်အစား အိမ်ကိုပဲပြန်ပါလို့ငါတိုက်တွန်းပါရစေ”

'သန့်စင်' သက်ပြင်းကိုချကာ 'မှိုင်းဝေ' နှင့်အတူလိုက်





လာခဲ့လိုက်သည်။

အိမ်ကိုတော့ သူလုံးဝမပြန်ချင်တော့ပါ။ အိမ်ကိုပြန်လျှင် 'ထွေး' ကိုတွေ့ရတော့မည်။ 'ထွေး' ကိုတွေ့လျှင် သူ 'မိုး' ကိုသတိရမည်။

သူ 'မိုး' ကိုသတိမရပါစေနဲ့။

ဆိုက်ကားအတော်စီးပြီးမှ 'မှိုင်းဝေ' နေတဲ့ရွာလေးကို ရောက်လာသည်။

စပါးပင်တွေ၊ စိမ်းစိမ်းစိုစိုကြားမှ 'မှိုင်းဝေ' တို့ရွာလေးက သာမောဖွယ်ရွာလေးတစ်ရွာပါ။

'မှိုင်းဝေ' နေတဲ့ ခြေတံရှည်အိမ်လေးကလည်း သွပ်မိုး၊ထရံကာလေးနဲ့ပေမယ့် သေသေသပ်သပ်သန့်သန့်ရှင်းရှင်းလေးပါပဲ။

အိမ်လေးထဲတွင် 'မှိုင်းဝေ' ၏တပည့်တွေက အပြည့်အသိပ်ပါ။

သူတို့ဆရာရန်ကုန်မှ ပြန်လာမည်ဆို၍ ကြိုပြီးလာစောင့်နေကြတဲ့ ကလေးတွေပါ။

သည်ကလေးတွေကို 'မှိုင်းဝေ' က စာအုပ်တွေပေး၊ ဘောပင်တွေပေး၊ သကြားလုံးတွေပေးနဲ့ ကြည်နူးပျော်ရွှင်စရာ

ကောင်းလှသော 'မှိုင်းဝေ' ဘဝကိုကြည့်ကာ 'သန့်စင်' အားကျမိသည်။

သူ့မှာတော့ ကျောင်းနေစဉ်ကလည်း ဘာရည်ရွယ်ချက်မှကိုမရှိ။

ကျောင်းပြီးပြန်တော့လည်း ဘာလုပ်ရမလဲမတွေးတော။

ရည်းစားထားတဲ့အချိန်၊ မိန်းမယူတဲ့အချိန်အပြင် ယူပြီးပြန်တော့လည်း ရည်းစားဦးကိုလွမ်းတဲ့စိတ်ဖြင့် ပျက်စီးခဲ့ရပြန်သေးသည်။

'မှိုင်းဝေ' ကတော့ သူနဲ့ဆန့်ကျင်စွာ ဘဝကိုအကျိုးရှိစွာ အသုံးချနေလေသည်။

သူ 'မှိုင်းဝေ' ကိုကြည့်ကာ အားကျလိုက်တာ။

အားကျစိတ်ဖြင့် ငေးငိုင်နေသော 'သန့်စင်' ကိုကြည့်ကာ 'မှိုင်းဝေ' က လှမ်းပြောသည်။

"ငါ့ဘဝက သူတို့ပဲ... ငါ့ချစ်သူကလည်း သူတို့တွေပဲ သူတို့နဲ့နေရတာ ပျော်စရာကောင်းတယ်... ဒီအိမ်ကလေးကလည်း သူတို့နဲ့ငါနဲ့ အတူတူဆောက်ထားတဲ့ အိမ်လေး... မနက်ကျမှ မင်းကိုငါကျောင်းခေါ်သွားရဦးမယ်"

ထိုနေ့ကခရီးပမ်းလာ၍ 'သန့်စင်' စောစောပဲ အိပ်ယာဝင်ဖြစ်သည်။

လူကအိပ်နေပေမယ့် အတွေးတွေကတော့ ချာချာလည်နေပါသည်။

## ၁၆

နောက်တစ်နေ့မနက်စောစောတွင် 'မှိုင်းဝေ' နဲ့အတူ သူ့ရဲ့ကျောင်းလေးရှိရာကို 'သန့်စင်' လိုက်လာခဲ့လိုက်သည်။

ယာခင်းစိမ်းစိမ်း ပတ်လည်ရံနေသော မူလတန်းကျောင်းလေးက နေချင်စဖွယ်လေးပါ။

'မှိုင်းဝေ' နေတဲ့အတူ အခြားဆရာဆရာမငါးဦးခန့်ရှိကာ အားလုံးက 'သန့်စင်' ကို ခင်မင်ရင်းနှီးစွာ ကြိုဆိုကြသည်။

ရောက်ကာခါ တစ်ပတ်နှစ်ပတ်လောက်က အသားမကျမသေး၍ 'မိုး' ကိုသတိရသလိုရှိသော်လည်း တစ်လနှစ်လခန့်ကြာ





သာတော့ ကလေးတွေကိုစာပြနေရတာကြောင့် 'မိုး' ကိုသတိရတဲ့အချိန်နည်းပါးလာခဲ့သည်။

'သန့်စင်' ရောက်လာတဲ့အတွက် 'မှိုင်းဝေ' လည်းဝမ်းသာနေသလို ကလေးတွေကလည်း 'မှိုင်းဝေ' ကိုခေါ်သလိုဆရာလေးဟုပင် ခေါ်နေကြပါပြီ။

တစ်ထောင့်ငါးရာအချစ်နှင့် ပတ်သက်ခြင်းသည် စွဲလန်းပ်မက်ခြင်းကြောင့် ပူလောင်သော သံယောဇဉ်ကြိုးဖြင့် ချည်နှောင်ခံရသလိုခံရပြီး...

ငါးရာနှစ်ဆယ့်ရှစ်အချစ်ကြတော့ အေးမြသောသံယောဇဉ်ကြိုးကို တွေ့ရှိရခြင်းအတူတူပင်။

ဘာလိုလိုနှင့် 'သန့်စင်' ပင် 'မှိုင်းဝေ' ၏တပည့်လေးများကို ခင်တွယ်ရမှန်းသိလာသည်။

'မှိုင်းဝေ' ၏ တပည့်လေးများကလည်း သူတို့ချစ်ရသောဆရာ၏သူငယ်ချင်းကို စိတ်ချမ်းသာအောင်ထားကြသည်။

သူ စာရေးနေလျှင် လုံးဝအနှောင့်အယှက်မပေး။ သူတို့ဘာသူတို့ဖါသာ တိတ်တိတ်ဆိတ်ဆိတ်လုပ်နေကြသည်။

ဒီရွာလေးကိုရောက်မှ 'သန့်စင်' သူဘာလုပ်ရမည်ကို တွေးတောလာမိသည်။ ကလေးတွေကိုစာပြပြီး အားတဲ့အချိန်တွင်

ဝတ္ထုရေးဖြစ်သည်။

နဂိုတည်းကစာရေးဖို့ စိတ်ကူးရှိသော်လည်း လက်တွေ့ မရေးဖြစ်ခဲ့ပါ။ ခုတော့ 'သန့်စင်' လုပ်ဖြစ်ခဲ့ပါပြီ။ စာရေးဖို့ကုန်ကြမ်းကလည်း ရင်နဲ့အပြည့်ရှိနေသည်။

'မှိုင်းဝေ' က 'သန့်စင်' ကိုကြည့်ကာ အားပေးသည်။

"ဒါအရှုံးထဲကအမြတ်ပဲ 'သန့်စင်'... ရည်းစားနဲ့ကွဲလို့ခံစားရတာကို ငါမပြောပါဘူး... ဒါပေမဲ့လက်တွေ့ဘဝမှာ လက်တွေ့ကျတဲ့အလုပ်ကိုမင်း ရွေးချယ်ရမယ်"

"အေး ငါရွေးချယ်တဲ့အလုပ်ကို မင်းအားပေးတဲ့အတွက် ငါကျေနပ်တယ်... ဒါပေမဲ့ မင်းငါ့ကိုတစ်ခုခုကူညီရမယ်"

"ပြော သူငယ်ချင်း... ငါဘာကူညီရမလဲ"

"ငါဒီမှာရှိနေတာ ငါ့အိမ်ကိုလုံးဝမသိစေချင်ဘူး"

"မင်းမိဘတွေ စိတ်ပူနေရင်ကော"

သူတို့ကိုပုန်ကန်ကာ အိမ်ပေါ်မှဆင်းသွားခဲ့တဲ့သားအတွက် မေမေတို့စိတ်ပူဖို့ထက် စိတ်ဆိုးနေမယ်ဆိုတာ 'သန့်စင်' သိပါသည်။

ဆိုးလက်စနဲ့ဆက်ပြီး စိတ်ဆိုးနေလျှင် 'သန့်စင်' လည်း လုပ်ချင်တာလုပ်ခွင့်ရနိုင်တာကြောင့်...





"ငါဒီမှာ ကလေးတွေကိုစာပြပေးရင်း စာရေးချင်သေးတယ်"

"အေးပါ ငါကတိပေးပါတယ်"

ရွာကလူကြီးတွေကလည်း 'မှိုင်းဝေ' နည်းတူ 'သန့်စင်' ကိုခင်ကြသည်။ စားဦးစားဖျားလေးတွေ ပို့ပေးကြသည်။

'သန့်စင်' ရောက်မှ 'မှိုင်းဝေ' ၏အိမ်လေးတွင် ငှက်ပျောပင်၊ သဘော်ပင်၊ မာလကာပင်တင်မက ပန်းခြံလေးပါဖြစ်လို့နေလေပြီ။

မနက်မိုးလင်းလျှင် ဇာပည့်မတွေက ဘုရားပန်းလဲသူလဲ သောက်ရေကပ်သူကပ်နှင့် သူ့အလုပ်ဦးသူ လာလုပ်သွားကြသလို ယောကျ်ားလေးတွေကလည်း သောက်ရေဖြည့်သူဖြည့်၊ ပန်းပင်ရေလောင်းသူလောင်းနှင့် 'သန့်စင်' ပီတိဖြစ်ရသည်။

သူ့ဘဝတွင် ဘယ်လိုမှမရနိုင်ခဲ့သော ကြည်နူးမှုမျိုးကို 'သန့်စင်' ခံစားရသည်။

အရွယ်ရောက်သည်မှ ကျောင်းပြီးသည်အထိ 'သန့်စင်' ဘဝသည် မိဘလက်အောက်တွင် လိုလေသေးမရှိ၊ ပြည့်စုံခဲ့၍ စိုးရိမ်ပူပန်စရာမရှိခဲ့သော်လည်း ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်ကာ ကိုယ့်လုပ်အားဖြင့် ပိုက်ဆံရှာမှ ပိုက်ဆံ၏တန်ဖိုးကို

နားလည်လာခဲ့သည်။

မိဘလက်အောက်မှာတော့ 'သန့်စင်' ဘဝသည် လိုတိုင်းတဘဝဖြင့် ပြည့်စုံခဲ့သော်လည်း သည်လိုကြည်နူးမှုကိုမခံစားရပါ။

ကိုယ့်လုပ်အားဖြင့်ကိုယ်ရသော ပိုက်ဆံကြတော့ 'သန့်စင်' တန်ဖိုးထားသည်။

ရွာကိုရောက်တော့ ခြောက်လအတွင်းတွင် 'သန့်စင်' ကလောင်နာမည် 'မိုးမောင်' ဖြင့် ဝတ္ထုတိုနှစ်ပုဒ် မဂ္ဂဇင်းထဲတွင် ပါခဲ့ပြီးပါပြီ။

နောက်ထပ်လည်း ဝတ္ထုတိုပေါင်းများစွာကိုရေးပြီးမဂ္ဂဇင်းတိုက်တွေဆီပို့ထားသေးသည်။

"မင်းဝတ္ထုတိုပဲ ရေးမနေနဲ့... လုံးချင်းလည်းရေးကြည့်ပါလား... ငါအသိစာပေတိုက်တစ်တိုက်နဲ့ ဆက်ပေးမယ်"

'မှိုင်းဝေ' ၏တိုက်တွန်းမှုကြောင့် လုံးချင်းဝတ္ထုတစ်အုပ်ကို 'သန့်စင်' ရေးသားနေပါသည်။

အခြားသူအကြောင်း မဟုတ်ပါ။

'သန့်စင်' နဲ့ 'မိုး' ရဲ့အကြောင်းတွေပါ။ ထိုဝတ္ထုထဲတွင် 'သန့်စင်' 'မိုး' ကိုဘယ်လောက်ချစ်တယ်ဆိုတဲ့အကြောင်းနဲ့အတူ





'ထွေး' ကိုမချစ်မနှစ်သက်ဘဲ လက်ထပ်ခံရ၍ အိမ်မှထွက်လာတဲ့အကြောင်းတွေ စုံလင်စွာရေးသားထားသည်။

ဝတ္ထုအမည်ကိုလည်း မညာချင်ပါ ဟု အမည်ပေးထားသည်။

ဝတ္ထုပြီး၍ 'မှိုင်းဝေ' ကိုပေးဖတ်တော့ 'မှိုင်းဝေ' ကသဘောကျသည်။

"ဒါပေမဲ့ကွာ မင်းနဲ့လက်ထပ်လိုက်ရတဲ့ မိန်းကလေးကမနစ်နာဘူးလား... သူ့ခမြာ ဘာအပြစ်ရှိလို့လဲ"

"သူ့အပြစ်က ငါ့အချစ်ကိုမရနိုင်မှန်းသိရဲ့နဲ့ မျှော်လင့်တာအပြစ်ပေါ့... တကယ်ဆို ငါ 'မိုး' ကိုဘယ်လောက်ချစ်တယ် ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ သူသိနေရဲ့နဲ့ ငါ့ကိုဇွတ်လက်ထပ်ခဲ့တာ"

"လူကြီးတွေစကားကို မလွန်ဆန်ဝံ့လို့ လက်ထပ်ခဲ့ရတယ်ဆိုရင်ကောကွာ"

"ဒါဆို ငါ့ကိုတိုင်ပင်သင့်တာပေါ့... မတိုင်ပင်ဘူးဆိုတည်းက သူငါ့ကိုအရှုံးလုပ်တာပါ... ငါဘယ်တော့မှ သူ့ကိုခွင့်လွှတ်မှာမဟုတ်ဘူး"

အချိန်တွေဘယ်လောက်ပဲ ကြာကြာ 'ထွေး' အကြောင်း

စကားစမိလျှင် 'သန့်စင်' မျက်နှာက တင်းမာကာခံစားချက်တွေ က ပိုမိုပြင်းထန်လာဆဲပါ။

"အေးလေ ဒါက မင်းဆုံးဖြတ်ရမယ့်ကိစ္စပါ...ငါကတော့ မနက်ဖြန် ရန်ကုန်သွားစရာရှိတယ်... မင်းစာမူကို ငါ့သူငယ်ချင်း စာပေတိုက်ကို ဝင်ပို့ပေးမယ်... မင်းဘာမှာဦးမလဲ"

'သန့်စင်' ခေါင်းခါကာ ခြံထဲကိုဆင်းလာခဲ့သည်။

ရန်ကုန်မှာနေလျှင် မတွေ့ချင်တဲ့ 'ထွေး' မျက်နှာကိုတွေ့ ရဦးမည်။ သည်လိုအဝေးမှာရောက်နေတော့ 'သန့်စင်' စိတ်တွေ လွတ်လပ်ပေါ့ပါးလှသည်။

ဝတ္ထုတွေရေးဖို့လည်း အကြံသစ်ဉာဏ်သစ်တွေဖြစ်ထွန်း သည်။

ရွာကမှာသော ကိစ္စတွေဖြင့် 'မှိုင်းဝေ' က နှစ်ရက်ခန့် ကြာမှာဆိုတော့ 'မှိုင်းဝေ' ၏တာဝန်တွေကို 'သန့်စင်' လုပ်ပေး ရသည်။

'မှိုင်းဝေ' ပြန်လာတော့ 'သန့်စင်' အတွက် ဝမ်းသာစရာ စကားပါလာသည်။

"မင်းဝတ္ထုကို ငါ့သူငယ်ချင်းစာပေတိုက်ကကြိုက်တယ် 'သန့်စင်'... ဆယ်အုပ်ချုပ်ချင်တယ်ဆိုပြီး ငါ့ကိုစရံငွေငါးသိန်း





ပေးလိုက်တယ်"

"ငါးသိန်း ဟုတ်လား"

မိဘလက်အောက်တွင် နေစဉ်က ငွေငါးသိန်းသည်သူ့ အတွက်ဘာမှမဟုတ်ပေမယ့် ကိုယ်ကိုယ်တိုင်ရှာဖွေရသောငွေဆို တော့ 'သန့်စင်' ပျော်သည်မှာ ပြောဖွယ်ရာမရှိတော့ပါ။

"အခုဝတ္ထုကိုလည်း ရုံးတင်ပြီးကျတာနဲ့ ချက်ခြင်းထုတ် မှာတဲ့... မင်းစာရေးဆရာဖြစ်ပြီ 'သန့်စင်' "

ပျော်လွန်းတဲ့စိတ်ဖြင့် 'သန့်စင်' မျက်ဝန်းမှမျက်ရည်များ စီးကျလာခဲ့ရသည်။

ဒီအပြောတွေကို ဘယ်သူ့ကိုများ ပြေးပြောရပါ့မလဲ။

'မိုး' နဲ့မကွဲကွဲအောင်ခွဲခဲ့တဲ့ ဖေဖေနဲ့မေမေကိုလည်း ပြောချင်ပါ။

'မိုး' ကိုပြောရအောင်ဆိုတော့လည်း 'မိုး' နဲ့သူနဲ့ဘဝခြား သလို 'သန့်စင်' ရင်မှာ ခံစားရသည်။

စာမူခကြိုရလာသောငွေဖြင့် 'မှိုင်းဝေ' တို့ကျောင်းကိုငွေ ၅သိန်းလှူကာ ကျန်ငွေဖြင့် အခန်းတိုးဆောက်လိုက်သည်။ အခန်းတွင် ကလေးတွေကို သီးသန့်ကျူရှင်ပြသည်။

အားလျှင် 'သန့်စင်' စာရေးသည်။

အရင် 'သန့်စင်' ရေးခဲ့တာတွေက ရည်ရွယ်ချက်မရှိ ဦးတည်ချက်မရှိ။

'မှိုင်းဝေ' ရေးပါဆို၍ အားအားနေ့ထိုင်ရေးခဲ့တာ၊ ခု တော့ 'သန့်စင်' ရေးသမျှ ဝတ္ထုတွေကို ဒိုင်ခံထုတ်ပေးမယ့်သူရှိ လာခဲ့ပြီ။

'မှိုင်းဝေ' သည် 'သန့်စင်' ရေးပြီးသမျှ ဝတ္ထုတွေကို စာပေတိုက်ကိုသယ်သွားပေးကာ စာပေတိုက်ကထုတ်ပြီးသမျှ ဝတ္ထုတွေကိုလည်း ပြန်သယ်လာပေးသည်။

ပထမပိုင်း 'သန့်စင်' အားနာနေမိပေမယ့် 'မှိုင်းဝေ' ကိုယ်တိုင်က ကျေကျေနပ်နပ်ကြီးလုပ်ပေးနေတာကြောင့် အားနာ မနေတော့ပါ။

'မှိုင်းဝေ' ရန်ကုန်မှ ပြန်လာတိုင်း 'သန့်စင်' အတွက် ဝမ်းသာစရာသတင်းကောင်းတွေ သယ်လာပေးတတ်သည်။





# ၁၇

"မင်းရဲ့ 'မညာချင်ပါ' ဝတ္ထုအရမ်းပေါက်သွားတယ် 'သန့်စင်'... ငါ့သူငယ်ချင်းလည်း ဝမ်းသာနေတယ်"

'မှိုင်းဝေ' လက်ထဲတွင် စာအုပ်နှစ်ဆယ့်ငါးအုပ်ပါတစ် စည်းနှင့် စားစရာတွေ တစ်ပုံတပင်ပါလာသည်။

"မင်းအတွက်ဆိုပြီး ငါ့သူငယ်ချင်းက ဝယ်ပေးလိုက် တာ"

မုန့်ပုံး၊ ကော်ဖီမစ်နှင့် သစ်သီးဗူးတွေ။ အဲ့ဒါတွေထက် 'သန့်စင်' က စာအုပ်တွေကို ပိုပြီးစိတ်ဝင်စားသည်။

မိုးရေထဲမျက်နှာကိုမော့ခံကာ မျက်ရည်ကျနေသောမျက်နှာဖုံးသည် အသက်ဝင်လှပါသည်။

သေသေချာချာကြည့်လျှင် 'မိုး' နှင့်ပင် ဆင်ဆင်တူနေသေးတော့။

စာအုပ်ကိုမြင်တော့ 'မိုး' ကိုပိုလို့သတိရမိသည်။

ခုချိန်ဆို 'မိုး' မြန်မာပြည်မှာကော ရှိနေသေးရဲ့လား။

တွေ့ချင်တယ် 'မိုး' ရယ်။ အရမ်းကို တွေ့ချင်ပါတယ်။

'မှိုင်းဝေ' ပြောနေသော နောက်ထပ်ဝမ်းသာစရာစကားတွေကို 'သန့်စင်' မကြားမိတော့ပါ။

စာအုပ်ကိုယူလာပြီး မျက်ရည်ပဲဝဲနေမိသည်။

ဒီစာအုပ်သည် သူ့အသည်းနှလုံးကို ခြေမွပြီးမှထွက်လာသောစာအုပ်မို့ သူအရမ်းကိုတန်ဖိုးထားသည်။

ရှင်းရှင်းပြောရလျှင် သူတကာအမြင်တွင် ဝတ္ထုစာအုပ်ဖြစ်နေသော်လည်း သူ့အတွက်ကတော့ အသည်းနှလုံးတစ်ခုရယ်ပါ။

ကိုယ့်အသည်းနှလုံးကို ကိုယ်ပွေ့ကိုင်ထားသလို ရင်နင့်စွာခံစားရသည်။

"နောက်အုပ်ကစပြီး အုပ်ရေတိုးရိုက်မယ်လို့ ငါ့ကိုပြော





[illegible]က်တယ်"

'မှိုင်းဝေ' သည် သူ့အခန်းတွင်းသို့တိုင် ဝင်လာပြီးဝမ်းသာစရာ၊ စကားကိုလာပြောနေပေမယ့် သူ ဝမ်းမသာမိပါ။

သူ့နှလုံးသားတစ်ခုလုံး ဆုံးရှုံးခံကာ ရေးခဲ့ရသောဝတ္ထု[illegible] သူ့ရင်မှာခံစားနေရသည်။

ဖြစ်နိုင်လျှင် သူ ခရီးထွက်ချင်သည်။ မတည်ငြိမ်ချင်သေးသော သူ့စိတ်ဓါတ်ကို အနည်ပြန်ထိုင်စေချင်သေးသည်။

သည်ဆန္ဒဖြင့် 'မှိုင်းဝေ' ကို တိုင်ပင်တော့ 'မှိုင်းဝေ' [illegible]လည်း သဘောတူသည်။

"ကောင်းသားပဲ မင်းအတွက်လည်း အသစ်အဆန်းဖြစ်[illegible]ပေါ့"

"ကလေးတွေကို မင်းနိုင်ပါ့မလား"

သီတင်းကျွတ်ကျောင်းပိတ်ချိန်မို့ ကလေးတွေကျောင်း[illegible]တ်ထားချိန်ပါ။

"ပူမနေပါနဲ့ 'သန့်စင်' ရာ... မင်းမရှိတုန်းကလည်း [illegible]ါတစ်ယောက်တည်း ဒီလိုပဲ ကလေးတွေကို ထိန်းလာခဲ့တာပဲ [illegible]င်းပဲမင်းရင်ထဲက ဒဏ်ရာကို ကျက်အောင်ကုလာခဲ့ပါ"

အချိန်သည်အကောင်းဆုံးသော သမားတော်ဖြစ်သည်

ဟု ဆိုကြပေမယ့်လည်း 'သန့်စင်' ရင်ထဲက ဝေဒနာသည်တင်နှစ်ဆိုသော အချိန်နှင့်လည်း မလုံလောက်လေပါ။

"အောင် ပန်းမှာ ငါ့သူငယ်ချင်း 'မင်းမင်းထွန်း' ဆိုတာရှိတယ်... ကားမောင်းတယ်... မင်းသူ့ဆီသွားမလား"

ရန်ကုန်နဲ့ဝေးလေ 'သန့်စင်' အတွက် ပိုပြီးကောင်းလေမို့။

"အဲ့ဒါဆို ငါသူ့လိပ်စာရေးပေးလိုက်မယ်"

သည်လိုနှင့် 'မှိုင်းဝေ' ၏အကူအညီဖြင့် 'သန့်စင်' တစ်ယောက် အောင်ပန်းကိုရောက်ရှိလာခဲ့ရပြန်သည်။

အေးမြသောရာသီဥတု၊ သစ်လွင်လတ်ဆတ်သော ပတ်ဝန်းကျင်၊ ရင်းနှီးဖော်ရွေသော ဆက်ဆံမှုတို့ကြောင့် အောင်ပန်းတွင် သုံးလေးလခန့်ကြာမြင့်ခဲ့ပြန်ပါသည်။

အောင်ပန်းပြီးတော့ ပင်းဒယ၊ တောင်ကြီးသို့ပါ ခြေဦးလှည့်မိသည်။

ဝတ္ထုတွေလည်း လေးငါးအုပ်ခန့်ပြီးလာခဲ့သည်။

'မှိုင်းဝေ' တို့ဆီပြန်ရောက်တော့ အားလုံးကဝမ်းသာအားရဆီးကြိုနေကြလေသည်။ 'မှိုင်းဝေ' ကတော့ ဝမ်းအသာဆုံးပါ။





# ၁၈

"မင်းကအရေးမကြီးရင် မဆက်သွယ်ရဘူးဆိုလို့ ငါစာမရေးတာ... ငါ့သူငယ်ချင်းထုတ်ဝေသူလိုက်လာတာ နှစ်ခေါက်ရှိပြီ 'သန့်စင်' "

"ဘာဖြစ်လို့လဲ"

"မင်းရဲ့ထွက်ပြီးသမျှ စာအုပ်တွေလည်းလာပို့ရင်း မင်းပထမဆုံးထွက်တဲ့ 'မညာချင်ပါ' လုံးချင်းဝတ္ထုကိုလည်း ရုပ်ရှင်ရိုက်ချင်လို့တဲ့"

"ဘယ်သူရိုက်မှာလဲ... မင်းသူငယ်ချင်းပဲလား"

"သူတော့ ဘယ်ဟုတ်မလဲကွာ... သူ့ကိုရုပ်ရှင်ကုမ္ပဏီ တစ်ခုကလာဆက်သွယ်ကာတဲ့... အဲ့ဒါနဲ့ မင်းကိုအကြောင်းကြား ချင်လို့လာခဲ့တာ"

ခရီးရောက်မဆိုက် 'မှိုင်းဝေ' ၏စကားတွေကိုနားထောင် ရသည်။

ကလေးတွေကလည်း 'သန့်စင်' တို့နားတွင် ဝိုင်းဝိုင်း လည်နေတာကြောင့်...

"ကလေးတွေ ကျောင်းမသွားကြဘူးလား"

"ကျောင်းပိတ်ထားတယ်လေ"

"ဘာလဲ တနင်္ဂနွေနေ့မို့လား"

"ကျောင်းကြီး ပိတ်ထားတာဆရာရဲ့"

"ဟုတ်လား"

'သန့်စင်' တအံ့တဩခေါင်းညိတ်လိုက်မိသည်။။

သူရှမ်းပြည်နယ်ကိုထွက်သွားတာ ခြောက်လတောင်ဆို တော့လည်း ကလေးတွေ အခြေအနေကို မသိတော့ပါ။

ဘာလိုလိုနှင့် သူ 'မှိုင်းဝေ' တို့ရွာကိုရောက်ခဲ့တာ တစ် နှစ်နဲ့ခြောက်လကျော်လို့ နှစ်နှစ်နီးပါး ကြာမြင့်ခဲ့ပါပြီ။

"ဒါ မင်းစာအုပ်တွေ"





နှစ်လတစ်အုပ်နှုန်းဖြင့် ဝတ္ထုစာအုပ်သုံးစည်းကို တွေ့ရ သည်။

"ထုတ်ဝေသူကလည်း မင်းကိုအရမ်းတွေ့ချင်နေတယ်... စာမူခတွေလည်း ထပ်ရှင်းပေးချင်နေတယ်"

"ဖြည်းဖြည်းပေါ့ကွာ"

ပါလာသမျှ စားစရာတွေကို ကလေးတွေအားဝေပေး လိုက်မိသည်။

"ဟေး..."

နေကြာစေ့လှော်၊ အာလူးကြော်တွေရတာကြောင့် က လေးတစ်သိုက် အပျော်ကြီးပျော်ကာ အိမ်ပေါ်မှ အော်ဟစ်ပြီး ဆင်းပြေးသွားကြသည်။

ကလေးတွေ၏အပျော်သည် 'သန့်စင်' ၏ရင်တွင်းသို့ပါ စီးဝင်လာခဲ့ရသည်။

ကလေးတွေမရှိမှ ရေးလာသောစာမူများကို 'မှိုင်းဝေ'ကို ထုတ်ပေးလိုက်မိသည်။

"ငါသွားရမှာလား... မင်းမသွားဘူးလား"

"မင်းပဲ သွားပေးပါ သူငယ်ချင်းရယ်"

ရောက်ကာစက သူငယ်ချင်း၏ ရင်တွင်းဒဏ်ရာကိုစာ

နာစိတ်ဖြင့် သူ မငြင်းခဲ့ပေမယ့် ခုချိန်မှာတော့ ဒဏ်ရာကကျက်သင့်နေပြီ။

"သွားဆိုင်ါသွားပေးလို့ရတယ် 'သန့်စင်'... ငွေရေးကြေးရေးကြတော့ ကာယကံရှင်နဲ့ပြောတာ ပိုမကောင်းဘူးလား"

"ငါမသွားချင်သေးလို့ပါ 'မှိုင်းဝေ' ရာ"

နယ်ပယ်သစ်တွင် 'မိုး' ကိုမေ့နိုင်ပေမယ့် နေရာဟောင်းကိုပြန်ရောက်လျှင် 'မိုး' ကို ပြန်သတိရမှာသေချာသည်။

"မင်းပဲ ငါ့ကိုယ်စားသွားပေးပါ သူငယ်ချင်းရာ"

နွေရာသီကျောင်းပိတ်ထားသည်ဆိုတော့လည်း 'မှိုင်းဝေ' က အားနေသူပါ။

"အေးလေ မင်းမသွားချင်ဘူးဆိုတော့လည်း ငါပဲသွားရမှာပေါ့... မနက်ဖြန်မှပဲ ပြန်လာခဲ့မယ်"

ရေမိုးချိုးတရေးတမောအိပ်ကာ ခြံထဲကိုဆင်းလာခဲ့မိသည်။

ရှမ်းပြည်နယ်တွင်နေစဉ်က အအေးဓါတ်နှင့် နေလို့ကောင်းသလောက် နွေနေသည်လူကိုပင်ပန်းနွမ်းကျစေသည်။ ခုချိန် 'မိုး' ကော ပင်ပန်းနွမ်းလျနေမလား။

'သန့်စင်' ကိုနာကြည်းမုန်းတီးစိတ်ကြောင့် မေ့သွားခဲ့ပြီ





လား။

မမေ့နိုင်တဲ့သူမှာသာ 'မိုး' နဲ့သူနဲ့ကြည်နူးခဲ့ရတဲ့အချိန်လေးများကို သတိရနေဆဲ...

"ဆရာ..."

အနားမှခေါ်သံကြောင့် လှမ်းကြည့်မိတော့ ခြောက်နှစ်အရွယ် ကောင်မလေးတစ်ယောက်။ လက်ထဲတွင် ချိုင့်လေးကိုင်ကာ သူ့နားတွင်လာရပ်နေတာတွေ့လိုက်ရသည်။

ထိုကလေး၏ဘေးတွင် နောက်ထပ်ဝဝတုတ်တုတ်ကလေးလေးတစ်ယောက်၊ 'သန့်စင်' ကိုမော့ကြည့်နေလေသည်။ နွေကောက်နေသော ဆံပင်ညိုညို၊ ပြူးကျယ်ဝိုင်းစက်သောမျက်နှာကြီးတွေက အပြစ်ကင်းစင်စွာ လှပနေလေသည်။

" 'ပန်ပန်' ပါလား"

'သန့်စင်' ဆီ စာလာသင်နေသော 'ခင်ဆုပန်' ပါ။

မိဘများက ကျိုက်ထီးရိုးတောင်ပေါ်တွင် ဆိုင်ခန်းလေးခွဲကာ ဆိုင်ဖွင့်ကြပြီး 'ပန်ပန်' တို့မောင်နှမက ကြီးဒေါ်နှင့်အတူ နေကြရသူတွေပါ။

မိဘတွေက မိုးကျကာဆိုင်သိမ်းမှ ရွာကိုပြန်လာတတ်ကြသည်။

သည်တော့မှလည်း မိသားစုတွေ စုစုစည်းစည်းနေကြရလေသည်။

မျက်လုံးဝိုင်းဝိုင်းလေးနဲ့ ရိုးသားအေးဆေးသော 'ပန်ပန်' ကို စတွေ့ကတည်းက 'သန့်စင်' ချစ်သလို 'ပန်ပန်' ကလည်း 'သန့်စင်' ကိုတွယ်တာသည်။

"အိမ်မှာကြက်သားဟင်းချက်လို့ ဆရာ့အတွက်ကြီးကြီးက ပေးခိုင်းလိုက်တာပါ... "

"အတော်ပဲ ဆရာလည်းဗိုက်ဆာနေတာနဲ့... လာ 'ပန်ပန်'..."

'ပန်ပန့်' ကိုဦးဆောင်ကာ 'သန့်စင်' ကအတက် အီးကနဲအသံကြား၍ လှည့်အကြည့် 'ပန်ပန်' နဲ့ပါလာသောကလေးလေးခြေဆောင့်ကာ ငိုနေတာတွေ့လိုက်ရသည်။

"တက်ပါလားဟဲ့ နင်ဟာနင်"

သူ့အစ်မကခွင့်ပြုတော့ လှေကားထစ်ကို မမီမကန်းလှမ်းတက်နေ၍...

"သူကဘယ်သူလဲ 'ပန်ပန်' "

"သမီးရဲ့မောင်လေးပါ 'ပိုင်ပိုင်' တဲ့"

"လာ ဆရာ့ဆီ"





'သန့်စင်' ပွေ့ချီလိုက်တော့ ပြုံးပြုံးကြီးပါလာသည်။

ပါးပေါ်တင်ထားသော သနပ်ခါးပါးကွက်က ချွေးစေးများနဲ့ တချို့တဝက်ပျက်နေကာ ပူနေအောင်စားထားသောဗိုက်က တင်းမာ၍နေလေသည်။

" 'ပိုင်ပိုင်' က ကျောင်းမနေသေးဘူးလား"

"သုံးနှစ်ပဲရှိသေးတယ်ဆရာ... ဒါပေမဲ့ 'ပန်ပန်' ဒီကိုလာတိုင်း သူကအမြဲလိုက်ချင်နေတာ"

"ဟုတ်လား သား"

'သန့်စင်' ကမေးတော့ ရှက်စနိုးအမူအယာဖြင့် 'ပိုင်ပိုင်' ခေါင်းညိတ်ပြသည်။

"သားက စာသင်ချင်လို့လား"

"အင်း"

"ဟဲ့ ... ဟုတ်ကဲ့လို့ပြောလေ"

"ဟုတ်ကဲ့"

အသံကဝင်ချင်နေသလို ဟုတ်ကဲ့ဟုပြောလိုက်ပုံကလည်း ချစ်စရာကြီးပါ။

" 'ပန်ပန်' ဒီကိုလာတိုင်း သူလိုက်ချင်လို့ အမြဲဂျီကျနေတာ"

"ဟုတ်လား… ခေါ်ခဲ့တာမဟုတ်ဘူး"

"ကြီးကြီးကမထည့်ဘူး… ဒီနေ့တောင် ကျောင်းပိတ်ထားလို့ထည့်လိုက်တာ"

"ရော့ 'ပိုင်ပိုင်' "

အောင်ပန်းကပါလာသော အာလူးကြော်ထုပ်ကြီးကိုလှမ်းအပေး သဘောကျစွာယူကာ ရင်ပတ်မှာပိုက်ထားလေသည်။

ချိုင့်လှယ်ပြီး 'ပန်ပန်' ကိုပြန်ပေးကာ 'ပိုင်ပိုင့်' ကိုပြောလိုက်သည်။

"နောက်လဲ လာလည်ဦးနော်"

"ဟုတ်ကဲ့"

လှေကားထစ်ကအဆင်း အီးကနဲငိုသံကြောင့် လှမ်းအကြည့်…

"ဘာဖြစ်တာလဲ 'ပန်ပန်' "

"သူလဲကျမှာစိုးလို့ အာလူးကြော်ထုပ်ပေးထားဆိုတာကို မပေးဘူး ဆရာ"

'သန့်စင်' ပြုံးလိုက်မိသည်။ ကလေးသဘာဝကိုယ့်လက်ထဲရောက်ပြီးတာကို ပြန်မပေးချင်ကြတာ ဓမ္မတာ။

"နေ နေ… ဆရာလာချပေးမယ်"





'သန့်စင်' ဆင်းလာကာ 'ပိုင်ပိုင့်' ကိုချီပြီး အောက်ကိုချပေးလိုက်တော့ ကြည်နူးစွာရယ်ပြသည်။

စွပ်ကျယ်အဖြူ၊ ဘောင်းဘီတိုနက်ပြာရောင်လေးဖြင့် ဒီနေ့မှတွေ့ရသော ကလေးလေးဖြစ်ပေမယ့်လည်း 'သန့်စင်'ရင်တွင် ထူးဆန်းစွာတွယ်တာမိသွားရလေသည်။

## ၁၉

"ဟေး"

မနက်စောစောမျက်နှာသစ်ပြီး ခြံထဲတွင်လှပစွာပွင့်လန်းနေသော ပန်းများကိုကြည့်ကာ စိတ်ကြည်နူးနေမိသည်။ ခြံဝတွင်လာရပ်သော ကားလှလှကြီးတစ်စီးကြောင့် အံ့အားသင့်နေမိဆဲ ကားနောက်ခန်းမှ 'မှိုင်းဝေ' ဆင်းလာတာကြောင့် အသံလှမ်းပြုလိုက်မိသည်။

'မှိုင်းဝေ' နဲ့အတူ ပြုံးရွှင်ကြည်နူးနေသော လူနှစ်ယောက် အထုပ်တွေဆွဲကာ 'သန့်စင်' ဆီလျှောက်လာကြတာမို့ ခြံရှေ့ကို





ထွက်လာခဲ့မိသည်။

"'သန့်စင်' ဒါ ငါ ပြောပြောနေတဲ့ ငါ့မိတ်ဆွေ 'ကိုကျော်စွာ'တဲ့လေ... အလှသစ် စာပေတိုက်ပိုင်ရှင်"

အသက်လေးဆယ်ဝန်းကျင်ခန့်ရှိကာ အသားဖြူဖြူ ပုပုပြတ်ပြတ်ဖြင့် သွက်လက်ဖော်ရွေပုံရသော 'ကိုကျော်စွာ' သည် 'သန့်စင်' ကိုလက်ကမ်းပေးသည်။

"ဆရာ့ကိုအရမ်းတွေ့ချင်နေတာ... ဒီနေ့မှပဲ ဆန္ဒပြည့်တော့တယ်"

"ဟုတ်ကဲ့...ကျွန်တော်လည်း တွေ့ချင်နေတာပါ"

တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်အပြီး 'ကိုကျော်စွာ' က ထပ်မံကာ မိတ်ဆက်ပေးပြန်သည်။

"ဒါ ဖက်ဖူးရောင်ရုပ်ရှင်ထုတ်လုပ်ရေးက 'ကိုသိန်းစိုး' ... ဆရာရဲ့ မညာချင်ပါ ဝတ္ထုကို ရုပ်ရှင်ရိုက်ချင်လို့ကျွန်တော့်ဆီမှာ လာပြီးကမ်းလှမ်းနေတာကြာပါပြီ... ဆရာခရီးထွက်နေတယ်ဆိုလို့ မဆုံဖြစ်ကြသေးတာပါ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် ဆရာ"

အသက်လေးဆယ်ဝန်းကျင်ခန့်ရှိ ဝဝတုတ်တုတ်အသားဖြူဖြူ မျက်ခုံးထူထူဖြင့်လူက 'သန့်စင်' ကိုလေးလေးစားစား

လက်ဆွဲနှုတ်ဆက်ပါသည်။

"ကျွန်တော်လည်း တွေ့ရတာဝမ်းသာပါတယ်"

"ကဲဗျာ... အားလုံးအိမ်ပေါ်ကိုကြွကြပါ... ဒီမှာ 'ကိုကျော်စွာ' နဲ့ 'ကိုသိန်းစိုး' တို့က မင်းအတွက်တဲ့ကွာ... လက်ဆောင်တွေဝယ်လာကြတာ"

စီးတီးမတ်တံဆိပ်ပါ ကြွတ်ကြွတ်အိတ်တွေကို 'မှိုင်းဝေ' ဆွဲလာတာ လေးငါးအိတ်ပင် မကပါ။

"အလကားဗျာ ဒုက္ခရှာလို့"

"စေတနာတွေပါ ဆရာရယ်... ဆရာ့စာကိုပဲဖတ်ဖူးထုတ်ဖူးနေပေမယ့် ဆရာ့ကိုမမြင်ရဘဲ ကျေးဇူးတွေတင်နေရတာပါ"

"ဟုတ်ပါတယ်ဗျာ... မနေ့က 'ကိုကျော်စွာ' နဲ့ဆက်သွယ်မိပြီးတည်းက မနက်အစောကြီး ကျွန်တော်တို့ထလာခဲ့ကြတာ"

'ကိုသိန်းစိုး' က ဝင်ပြောတာဖြစ်ပါသည်။

"ဒီတစ်ခါတော့ တွေ့ကြပြီပေါ့"

'မှိုင်းဝေ' သည် ရေနွေးကြမ်းလင်ဗန်းလာချကာ ကျေနပ်သလို ဝင်ပြောလိုက်သည်။

"အေးဗျာ... ဆရာကရန်ကုန်သားဖြစ်ရဲ့သားနဲ့ ရန်ကုန်ကိုလုံးဝမလာတော့ ကျွန်တော်တို့ပဲ လိုက်လာခဲ့ရတာပါ"





'သန့်စင်' အကြောင်းကို 'မှိုင်းဝေ' ဆီမှ တချို့တစ်ဝက် ပြောထားပြီးသားမို့ 'ကိုကျော်စွာ' က ပြောလိုက်တာဖြစ်သည်။

"ဒီမှာနေတာတောင်ဘယ်သူ့ကိုမှ မပြောရဘူး... ပြောတာနဲ့ထွက်သွားမယ်ဆိုလို့ ကျွန်တော်ဘယ်သူ့ကိုမှ မပြောရဲခဲ့ဘူးလေ"

အားလုံးနှင့်အတူ 'သန့်စင်' ပါ ပြုံးနေမိသည်။ ပြီးတော့ အလုပ်ကိစ္စကို ဆက်ပြောကြသည်။

"ဒါထုတ်ပြီးသား ဆရာ့စာမူတွေအတွက် စာမူခတွေပါ ဆရာ... တစ်အုပ်ကိုသုံးသိန်းနှုန်းနဲ့ ငါးအုပ်စာဆယ့်ငါးသိန်းပါ"

"ကြိုယူထားတဲ့ ငါးသိန်းကို မနှုတ်ဘူးလား"

"နှုတ်ပြီးသားပါ ဆရာ... တစ်အုပ်ကိုငါးသောင်းနှုတ်ထားပါတယ်"

"ဒါဆို ကျွန်တော်ငါးအုပ်ထပ်ပေးထားတာ စပေါ်ကြေသွားပြီပေါ့"

"ဟုတ်ကဲ့ပါ ဆရာ... ဒါကနောက်ထပ် ဆယ်အုပ်စာ စပေါ်ဆယ်သိန်းပါ... နောက်ထပ်စာအုပ်တွေက တစ်အုပ်တစ်အုပ်ကို တစ်သိန်းဖြတ်ပါ့မယ်"

'သန့်စင်' ရှေ့တွင် ထောင်တန်အုပ်ရေ နှစ်ဆယ့်ငါးအုပ်

တိတိရှိနေသည်။

"ကျွန်တော်ကလည်း ဆရာ့ဝတ္ထုသုံးအုပ်ကို ရုပ်ရှင်ရိုက်ဖို့ တစ်ခါတည်းဝယ်ထားချင်လို့ပါ"

"ဘာစာအုပ်တွေလဲ"

"ပထမဆုံးထွက်တဲ့ မညာချင်ပါရယ်... နောက်ထပ်နှစ်အုပ်ရယ်ပါ"

"ရုပ်ရှင်ဘက်ကိုတော့ ကျွန်တော်သိပ်မကျွမ်းကျင်လို့ ဘယ်လောက်ယူရမယ်ဆိုတာ မသိဘူး... ခင်ဗျားဖါသာပဲဆုံးဖြတ်ပေးပါ"

နောက်ထပ်ငွေတစ်ပုံ 'သန့်စင်' ရှေ့တွင်ရောက်ချလာပြန်သည်။

သဘောကျလွန်းတဲ့ 'မှိုင်းဝေ' ၏ပါးစပ်တွင် သွားပင်မစေ့တော့ပါ။

လာရင်းကိစ္စတွေပြီးသွားပြီမို့ 'ကိုကျော်စွာ' တို့ကပြန်ဖို့ပြင်သည်။

"ကျွန်တော် ထမင်းကျွေးပါရစေ"

'သန့်စင်' က အားတုံ့အားနာပြောတော့...

"နေပါစေ ဆရာ... ဆရာနဲ့ခုလိုတွေ့ရတာကိုပဲ ဝမ်းသာလှပါပြီ... ဆရာကျွေးချင်ရင် ရန်ကုန်လာမှကျွေးပါ"

ရန်ကုန်ဆိုသည်နှင့် 'သန့်စင်' မျက်နှာက မှုန်မှိုင်းသွားသည်။

သူရန်ကုန်ကိုသွားဖို့ ဆန္ဒမရှိသေးပါ။

'ကိုသန်းစိုး' က...

"မညာချင်ပါ ကန်တော့ပွဲကျရင် ဆရာ့ကိုလာခေါ်ပါရစေ"

"ကျွန်တော်ဒီမှာရှိနေရင် လိုက်ခဲ့ပါ့မယ်"

မယုတ်မလွန်ပြောကာ ခြံထဲကိုဆင်းလာခဲ့ကြသည်။

'ကိုကျော်စွာ' နှင့် 'ကိုသိန်းစိုး' တို့ နှုတ်ဆက်ကာရန်ကုန်ကို ပြန်သွားခဲ့ကြလေပြီ။

## ၂

"မင်း ဝမ်းမသာဘူးလား"

ငွေပုံကြီးကိုကြည့်ကာ 'မှိုင်းဝေ' တစ်ယောက်ကြည်နူးရွှင်မြူးနေသော်လည်း 'သန့်စင်' ၏ရင်တွင်းမှာ ဝမ်းသာခြင်းမရှိလှပါ။

ဒါ သူ့အသည်းနှလုံးကို အရင်းပြုကာ ရလာသောသွေးစက်တွေပဲ မဟုတ်ပါလား။

"ခင်ဗျားပဲ သိမ်းထားလိုက်ပါ"

"မင်းကွာ..."





'မှိုင်းဝေ' သည်စကားပဲပြောကာ ငေးငိုင်သွားရသည်။ သူကတော့ သူ့သူငယ်ချင်း ပျော်စေချင်လွန်း၍ လုပ်လာခဲ့သမျှ ခုတော့ 'သန့်စင်' ကို မပျော်စေနိုင်ပါလား။

"မင်း သူ့ကိုတော်တော်ချစ်တာပဲနော် မင်းချစ်သလောက် သူကကော မင်းကိုချစ်ပါ့မလား"

"ချစ်မယ်လို့ထင်ပါတယ်"

'မိုး' ၏အချစ်ကို သူ အကြွင်းမဲ့ယုံကြည်ပါသည်။

"ဒါဆို မင်းဘာလို့မဆက်သွယ်တာလဲ"

ဘယ်လိုမျက်နှာ၊ ဘယ်လိုအကြောင်းပြချက်ဖြင့် 'မိုး' ကို ဆက်သွယ်ရပါ့မလဲ။

သူနဲ့ 'မိုး' နဲ့ကြားကိုကြီးမားလှသော မဟာတံတိုင်းကြီးတစ်ခုခြားထားသလို သူ့ရင်မှာခံစားနေရပါသည်။

'မိုး' ကော သူ့လိုပဲမခံစားရဘဲ နေပါ့မလား။

သူ့ထက်မပိုလျှင်တောင် လျော့မည်တော့မထင်ပါ။

တကယ်တမ်းစဉ်းစားကြည့်လျှင် 'မိုး'ဘက်က အပြစ်ဆို၍ မြူတစ်မှုန်လေးမျှပင် မရှိလေပါ။

သူ့ဘက်ကအမှားတွေချည်းသာ ဖြစ်လေသည်။

ခုချိန်ဆို 'မိုး' တစ်ယောက် မြန်မာပြည်တွင်ပင် ရှိတော့

မယ်မထင်ပါ။

"မင်းအိမ်ကိုတော့ နည်းနည်းပါးပါး အကြောင်းကြားသင့်တယ်"

"ဒီပိုက်ဆံထဲက ဆယ်သိန်းကို ငါအိမ်ကိုပို့ပေးချင်တယ် မင်းပို့ပေးနိုင်မလား"

'မှိုင်းဝေ' တွေဝေသွားပြီးမှ...

"အေးလေ ငါပို့ပေးမှာပေါ့ကွာ"

'မှိုင်းဝေ' သွားလျှင် ရန်ကုန်အိမ်ကအကြောင်းတွေ သူပြန်ကြားရပါဦးမည်။ ပြီးတော့ဒီကို လိုက်လာတာတွေ ဘာတွေလုပ်ကြပါဦးမည်။

လောလောဆယ် သူ ဘယ်သူ့ကိုမှမတွေ့ချင်သေးပါ။ ဘယ်သူ့အကြောင်းကိုမှလည်း မကြားချင်သေးပါ။

ဒါကြောင့်လည်း...

"မင်းမသွားနဲ့ ငါ ရန်ကုန်အိမ်လိပ်စာပေးလိုက်မယ်... ဘဏ်ကနေပဲ ငွေလွှဲပေးလိုက်ပါ"

'မှိုင်းဝေ' ခေါင်းညိတ်ကာ သူ့အပါးကလေးပင်စွာ ထွက်ခွာသွားသည်။

သူ 'ထွေး' နဲ့ပတ်သက်၍ ဘာကိုမှမသိချင်ပါ။





ဒါပေမဲ့ သူလက်ထပ်ထားရသောဇနီးမယားတစ်ယောက် အနေဖြင့် သူ့မှာတာဝန်ရှိသလို ခံစားရသည်။

'ထွေး' ရဲ့မှတ်ပုံတင်နံပါတ်လည်း သိနေတာကြောင့် 'ထွေး' ရဲ့နာမည်ဖြင့် ငွေလွှဲပေးဖို့ စီစဉ်လိုက်မိပါသည်။

## ၂၁

"အီး..."

"အမယ်လေး 'ပိုင်ပိုင်'..."

"ရှာလိုက်ရတာ 'ပိုင်ပိုင်' ရယ်"

'မှိုင်းဝေ' ပဲခူးသို့ ငွေလွှဲသွားနေတာကြောင့် တစ်အိမ်လုံး တိတ်ဆိတ်နေပုံရလေသည်။

ကျောင်းပိတ်ထားတာကြောင့် ကလေးတွေကလည်း မလာကြပါ။

နေ့ခင်းပိုင်းတွင်နေကအရမ်းပူကာ မနက်ပိုင်းအေးဆေး





တုန်း ရေးလက်စဝတ္ထုကို ပြန်ဖတ်ပြီး ဖီးလ်သွင်းနေခိုက် အိမ်ရှေ့ဆီက မပီမသအသံလေးနှင့်အတူ နောက်ကပီပီသသအသံတွေပါ ကြားလိုက်ရတာကြောင့် လှေကားရှိရာပြေးအလာ လှေကားထိပ်တွင် အိမ်ပေါ်ကိုကုန်းတက်နေသော 'ပိုင်ပိုင်'။

သူ့နောက်က အပြေးလိုက်လာသော သူ့ကြီးဒေါ်နှင့်သူ့အစ်မ 'ပန်ပန်' တို့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

သူ့ကြီးဒေါ်ကလှေကားထစ်ကို အပြေးအလွှားတက်လာရင်း သူ့တူကိုယ်လုံးကို လှမ်းဆွဲကို 'သန့်စင်' ကိုလှမ်းပြောသည်။

"ဟိုတစ်နေ့ ဟင်းလာပေးပြီးတည်းက သူဒီကိုပဲလာဖို့ချောင်းနေတာ ဆရာရေ့... ဒီနေ့လည်း မိုးလင်းတည်းကဂျီကျနေတာလေ... ကျွန်မကဟင်းချက်နေတုန်း နောက်မှပို့ပေးမယ်ပြောတာကို ဘယ်အချိန်တည်းက ထွက်သွားလိုက်တယ်မသိပါဘူး ဆရာရယ်"

အသက်လေးဆယ်ဝန်းကျင်ခန့်ရှိ 'ပန်ပန်' ၏ ကြီးဒေါ်က 'သန့်စင်' ကိုရှင်းပြနေတာဖြစ်ပါသည်။

'ပိုင်ပိုင်' ကတော့ သူလုပ်ချင်တဲ့အလုပ်ကို အောင်မြင်စွာ လုပ်နိုင်ခဲ့ပြီမို့ ကျေနပ်သလိုမျက်နှာဖြင့် 'သန့်စင်' ကိုလှမ်းကြည့်နေသည်။

အပြေးအလွှားလာခဲ့ရတာကြောင့် ချွေးစေးများဖြင့်မျက်နှာက လုံးပြောင်နေရကာ စွပ်ကျယ်ဝတ်ထားတဲ့လက်မောင်းလုံးလေးမှာလည်း ချွေးစို့ကာ ပြောင်လက်နေလေသည်။

"ကြီးကြီးကဟင်းကျက်ရင် 'ပန်ပန်' နဲ့ဒီကိုလွှတ်မလို့ပြောထားတာ... သူ့ဖါသာသူထွက်သွားတာ ဆရာ"

"ဟုတ်လား... သားက ဒီကိုလာချင်နေတာလား"

"အင်း..."

ချွေးစို့နေတဲ့ကြားက ခေါင်းညိတ်ကာ ဖြေလိုက်ပုံကချစ်စရာတကယ်ကောင်းပါသည်။

သူ့ကြီးဒေါ် ဖမ်းဇော်ထားတဲ့ကြားက အတင်းရုန်းကန်ကာ 'သန့်စင်' ဆီကိုလာချင်နေတာကြောင့်လည်း...

"ကဲပါ ရောက်လာမှတော့ ဘာမှပြောမနေပါနဲ့တော့... ကျွန်တော် ပြန်ပို့ပေးပါ့မယ်"

"မဟုတ်ဘူး ဆရာ... ရေလည်းမချိုးရသေးဘူး"

"ညနေ့မှ ချိုးပေါ့"

"ဆရာ အလုပ်ပျက်မှာစိုးလို့ပါ"

"ရပါတယ်ဗျာ... တစ်ရက်တလေပဲ"

"'ပိုင်ပိုင်' နော် 'ပိုင်ပိုင်' "





'သန့်စင်' နားကပ်ခွင့်ရပြီမို့ 'ပိုင်ပိုင်' က သူ့ကိုဆူပူမာန်မဲနေသော ကြီးဒေါ်ကို လုံးဝလှည့်မကြည့်တော့ပေ။

"ဒါဆိုလည်းဆရာရယ်... တအောင့်နေလောက်မှ 'ပန်ပန်' ကိုအခေါ်လွှတ်လိုက်ပါ့မယ်"

'သန့်စင်' ပြုံးကာခေါင်းညိတ်အပြ 'ပိုင်ပိုင်' က 'သန့်စင်' ကို ကျေနပ်သလိုပြုံးပြသည်။

'ပိုင်ပိုင်' ကြီးဒေါ်ကော၊ အစ်မဖြစ်သူပါ ပြန်သွားမှ 'သန့်စင်' အခန်းကို 'ပိုင်ပိုင်' ကိုခေါ်ခဲ့လိုက်သည်။

"သားက ဒီကိုလာချင်နေတာလား"

"ဟုတ်ကဲ့"

ဝင်တင်တင်အက်ကွဲကွဲအသံလေးက ချစ်စရာလေးပါ။

"မမကို ပို့ခိုင်းပေါ့"

"မပို့ပေးဘူး ဒါကြောင့်သားဖါသာ ထွက်လာခဲ့တာ"

"မကြောက်ဘူးလား"

'သန့်စင်' တို့အိမ်နှင့် 'ပိုင်ပိုင်' တို့အိမ်က ဟိုဘက်ထိပ်နှင့်သည်ဘက်ထိပ်ပါ။

"ကြောက်ပါဘူး"

"သားက ဘာလို့လာချင်တာလဲ... အာလူးကြော်စားချင်

လို့လား"

"အင်း"

လူကြီးကိုဟန်မလုပ်ဘဲ ခေါင်းညိတ်နေရှာတဲ့ 'ပိုင်ပိုင့်' ကိုကြည့်ကာ 'သန့်စင်' သဘောကျရလေသည်။

"အာလူးကြော်တော့မရှိဘူး... ဘီစကစ်ပဲရှိတယ် သားစားမလား"

"ဟုတ်ကဲ့"

ဘီစကစ်မုန့်ဘူးကိုဖွင့်ကာ ဘီစကစ်တစ်ထပ်ဆွဲယူလိုက်ပြီး စပရိုက်ပုလင်းကိုလည်းဖွင့်ကာ မတ်ခွက်ဖြင့်တစ်ခွက်ထည့်ပြီး ဧည့်သည်ကိုဧည့်ခံလိုက်ရသည်။

တခြားဧည့်သည်ဆို ငြင်းချင်ငြင်းမှာဖြစ်ပေမယ့် သည်ဧည့်သည်ကတော့ အပြည့်အဝစားမည့် ဧည့်သည်မျိုးပါ။

"အအေးလည်း သောက်လေ 'ပိုင်ပိုင်' "

မုန့်ကြီးပဲစားနေ၍ နင်မှာစိုးတာကြောင့် အအေးခွက်ကိုလှမ်းအပေး...

"အား..."

ချိုပြင်းရှသောစပရိုက်ရဲ့ အရသာကြောင့် မျက်လုံးလေးပြူးသွားလေသည်။





"ဘာဖြစ်လို့လဲ"

"ရှ တယ်"

"မကြိုက်ဘူးလား"

"ကြိုက်တယ်"

"ကြိုက်ရင်သောက်... အများကြီးရှိသေးတယ်"

နှုတ်ခမ်းလေးတွေ နီရဲလာသည်အထိ 'ပိုင်ပိုင်' သည် အအေးခွက်ကို မော့သောက်နေလေသည်။

ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်တည်းပျင်းနေရတာ သက်သာလျှင် 'ပိုင်ပိုင်' လာတာ 'သန့်စင်' ကို ကြည်နူးပျော်ရွှင်စေပါသည်။

'ပိုင်ပိုင်' ကလည်း ချစ်စရာလေး မဟုတ်ပါလား။

"နောက်လာလည်နော် 'ပိုင်ပိုင်' "

"နောက်တစ်ခါလာရင် ဘာကျွေးမှာလဲ"

"ဆရာ့ဆီမှာ ချောကလက်တွေ ဝေဖါတွေအများကြီးရှိတယ်"

'ပိုင်ပိုင်' ကမယုံသလို 'သန့်စင်' ကို ပြူးကြောင်ကြောင်ကြည့်နေတာကြောင့်...

"ဒီမှာတွေ့လား"

လက်ဆောင်ရထားတဲ့ မုန့်ထုပ်တွေကိုထုတ်အပြ 'ပိုင်ပိုင့်' မျက်လုံးလေးတွေ အရောင်တောက်လာသည်။

"လာမှာလား"

ခေါင်းကိုတဆတ်ဆတ်ညိတ်ပြပုံက အရုပ်လေးတစ်ရုပ်လိုပါ။

သူ့မှာလည်း 'ပိုင်ပိုင်' လိုချစ်စရာကောင်းတဲ့ ကလေးလေးရှိမယ်ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

သည်အတွေးကိုအရောက် 'သန့်စင်' မျက်နှာကညှိုးခြုံးသွားရသည်။

'မိုး' ကိုဆုံးရှုံးရပြီးတဲ့နောက် သူ့ဘဝမှာဘယ်လိုလုပ်ရွှေလသာနိုင်ပါတော့မလဲ။

တအောင့်လောက်ကြာတော့ 'ပန်ပန်' ဟင်းချိုင့်လေးနဲ့ ရောက်လာကာ ဟင်းလာပေးပြီးနောက် သူ့မောင်လေးကို ပြန်ခေါ်သွားခဲ့သည်။

'ပိုင်ပိုင်' ရှိနေစဉ်က သာယာကြည်နူးဘွယ်ကောင်းသည်ဟု ထင်နေရသော 'သန့်စင်' ရဲ့ဘဝ 'ပိုင်ပိုင်' ပြန်သွားပြီးနောက် ခါတိုင်းလိုပင် တိတ်ဆိတ်ခြောက်သွေ့ကာ ငြိမ်သက်ကျန်ရစ်ခဲ့ရပါသည်။





တိတ်ဆိတ်ခြောက်သွေ့ခြင်းဟာ 'သန့်စင်' ရဲ့ ဒီလိုဘဝများလား။

'သန့်စင်' စိတ်မောစွာတွေးကာ အိပ်ယာပေါ်လှဲအိပ်လိုက် မိပါတော့သည်။

၂၂

တကယ်တမ်းမသွားမဖြစ်သွားဖို့ ဖြစ်လာရတာ မညာချင်ပါ ရုပ်ရှင်ကန်တော့ပွဲကို ဖြစ်သည်။

ထုတ်လုပ်သူကိုယ်တိုင်က ကားနဲ့တကူးတကလာခေါ်ပေးနေတာဆိုတော့ 'သန့်စင်' ဘယ်လိုမျက်နှာဖြင့် ငြင်းရပါ့မလဲ။

"လိုက်သွားလိုက်ပါ 'သန့်စင်' ရယ်"

'မှိုင်းဝေ' ကိုယ်တိုင်ကလည်း အတင်းကာရော တိုက်တွန်းနေတာကြောင့် ပြန်မနင်းချင်သော ရန်ကုန်မြေကိုပြန်နင်းဖို့





ဖြစ်လာခဲ့ရလေသည်။

ယုဇနဂါးဒင်းတွင် ကျင်းပသော ရုပ်ရှင်ကန်တော့ပွဲတွင် ဒါရိုက်တာ၊ မင်းသား၊ မင်းသမီးနှင့်ဇာတ်ပို့ဇာတ်ရံအားလုံး လာကြကာ ကန်တော့ပွဲအပြီးတွင် မင်းသားမင်္ဂလာဆောင်တဲ့အခန်းကို တန်းရိုက်မှာမို့ မင်းသားသည် အဝတ်အစားသွားလဲနေသည်။

မင်းသားအဝတ်အစားလဲပြီးထွက်အလာ 'သန့်စင်' ငေးငိုင်သွားရသည်။

လွန်ခဲ့တဲ့နှစ်နှစ်ကျော်က 'သန့်စင်' ကို ပြန်မြင်နေရတဲ့ ပုံစံအတိုင်းပါပဲလား။

ဇာတ်ပို့မင်းသမီးဝတ်ထားတာကလည်း 'ထွေး' ဝတ်ထားသလိုပါပဲ။

ဒီပုံစံတွေကိုကြည့်ကာ 'သန့်စင်' ဘယ်လိုမှမခံစားနိုင်တော့ပါ။

သည့်ထက်ပိုကြာလျှင် သည့်ထက်ပေါက်ကွဲလာနိုင်တာကြောင့် ထုတ်လုပ်သူကို တောင်းပန်ကာ ယုဇနဂါးဒင်းအပြင်ကို ထွက်လာခဲ့မိပါသည်။

ဒါတောင်ထုတ်လုပ်သူက ပြေးလိုက်လာကာ သူ့ကိုပြန်ပို့ပေးဖို့ စီစစ်နေသေးသည်။

သူ မပြန်ချင်သေးပါ။

'မိုး' နဲ့စပြီးဆုံတွေ့ခဲ့ရာ နေရာလေးကို အမှတ်တရပြန်သွားချင်ပါသေးသည်။

'မိုး' နဲ့ဆုံနိုင်ခွင့်ရှိလျှင် သူတို့နှစ်ယောက်ရဲ့အကြောင်းကို ရုပ်ရှင်ရိုက်နေတာ ပြောပြချင်သေးသည်။

ဒါကြောင့် တက်စီတစ်စီးငှားကာ ရန်ကုန်တက္ကသိုလ်ရှိရာထွက်လာခဲ့လိုက်သည်။

ကျောင်းဖွင့်ချိန်မို့ ကျောင်းတွင် ကျောင်းသူကျောင်းသား အချို့ကိုတွေ့နေရပါသည်။

'မိုး' နဲ့သူနဲ့ဆုံဆည်းကြရာ တက္ကသိုလ်စာကြည့်တိုက်ဘက်ကို သူဖြည်းလေးစွာ လျှောက်လာခဲ့လိုက်သည်။

ကျောင်းသူကျောင်းသားတွေ ဘယ်လောက်ပြောင်းပြောင်း တက္ကသိုလ်ကြီးက မပြောင်းလွဲပါ။

ထို့အတူ စာကြည့်တိုက်ရှေ့ကခုံတန်းလေးတွေကလည်း မပြောင်းလဲသေးပါ။

ပြောင်းလဲသွားတာ 'မိုး' နဲ့ 'သန့်စင်' တို့ ဘဝနှစ်ခုပါ။

'မိုး' နဲ့သူနဲ့ အတူထိုင်ခဲ့ကြရာ ခုံတန်းလေးတွင်ဝင်ထိုင်ကာ 'မိုး' ကိုသတိရနေဆဲ…





" 'မိုး'…"

သူရှိရာကို 'မိုး' နဲ့တူသော မိန်းကလေးတစ်ယောက် လျှောက်လာတာတွေ့လိုက်ရသည်။

ရွှေညိုရောင်ဆံပင်အညိုနုရောင်ပေါ်တွင် အဖြူလုံးလေးများပါသော လက်ပြတ်ဂါဝန်၊ ကြိုးသိုင်းဂါဝန်၊ ဒေါက်ဖိနပ်ချွန်ချွန်ဖြင့် နေကာမျက်မှန်ကိုတပ်ထားသူက သူ့ရင်ထဲမှ 'မိုး' မှ 'မိုး' ရယ်ပါ။

စွဲလန်းလွန်း၍ သူ စိတ်ထင်နေတာများလား။ အတွေးဖြင့် မျက်လုံးကိုပွတ်ကာ အသေအချာပြန်အကြည့်…

"မောင်… မောင် ဟုတ်တယ်မဟုတ်လား"

'မိုး' ရဲ့ခေါ်သံကြောင့် 'မိုး' ဆိုတာသေချာသွားရသည်။

" 'မိုး'…"

"မောင်"

'သန့်စင်' နေရာမှထကာ 'မိုး' ဆီကိုသွက်လက်စွာ လျှောက်သွားမိသလို 'မိုး' ကိုယ်တိုင်လည်း မယုံရဲသလိုမျက်ဝန်းလေးများဖြင့် 'သန့်စင်' နားကို လျင်မြန်စွာရောက်ရှိလာပါသည်။

"အံ့ဩဖို့ကောင်းလိုက်တာ 'မိုး' ရယ်… 'မိုး' ကိုသတိရလို့ ကိုယ်ဒီမှာလာထိုင်နေမိတာ"

မောင်ဆိုတဲ့ အသုံးအနှုန်းအစား ကိုယ်ဆိုတဲ့အသုံးအနှုန်း ပြောင်းလွဲကာအသုံး 'မိုး' ကလည်း ပြုံးကာပြောလာပါသည်။

"ဟုတ်တယ်နော်... အံ့ဩစရာကောင်းလိုက်တာ... ချိန်းထားရင်တောင် လွဲရင်လွဲဦးမှာ"

ပြောရင်း 'မိုး' က ခေါင်းငုံ့ကာ ပြုံးနေသည်။ ခဏကြာမှ...

" 'ကျော်' တစ်ယောက်တည်းလား"

မောင်အစား 'ကျော်' ဟုပြောင်းလွဲခေါ်လိုက်တာကို သတိထားမိသည်။

အေးလေ လူမသေပေမယ့် ဘဝသေ၍၊ ဘဝခြားခဲ့ကြပြီပဲလေ။

"တစ်ယောက်တည်းပါပဲ 'မိုး' ကော"

"နှစ်ယောက်"

'မိုး' က လက်လေးနှစ်ချောင်း ထောင်ပြတာကြောင့် 'မိုး' မျက်နှာကိုအံ့ဩသလို ကြည့်လိုက်မိပါသည်။

'မိုး' က ခေါင်းလေးငုံ့ကာ တည်ငြိမ်စွာဖြေသည်။

"လွန်ခဲ့တဲ့တစ်ပတ်လောက်ကပဲ 'မိုး' နဲ့ 'ရစ်ချတ်' နဲ့ လက်ထပ်ခဲ့ပြီးပြီ"





" 'ရစ်ချတ်' ဟုတ်လား 'မိုး' "

" 'မိုက်ကယ်ရစ်ချတ်'... ဒယ်ဒီအောက်က သံအရာရှိတစ်ယောက်ပါ"

"ဩော်"

'သန့်စင်' ခေါင်းကိုငုံ့ကာ ကြေကွဲစွာပြုံးလိုက်မိသည်။

'မိုး' ပင် အိမ်ထောင်ပြုလိုက်ပြီပဲ။

အေးလေ အချိန်နဲ့ဒီရေဆိုတာ လူကိုစောင့်တာမှမဟုတ်တာ။

'မိုး' မှန်ပါတယ်လေ။

သူဖတ်ဖူးတဲ့ ကဗျာတစ်ပုဒ်ထဲမှာ...

လမင်းကြီးနဲ့ လွဲလို့ ငိုကြွေးနေရရင် နောက်ထပ်ငွေကြယ်ပွင့်လေးတွေနဲ့လည်း လွဲနိုင်သေးတယ်တဲ့။

သူ 'မိုး' ကိုနောက်ထပ် ဝေဒနာတွေ မခံစားစေချင်တော့ပါ။

"ကွန်ဂရက်ကျူလေးရှင်း 'မိုး' "

'မိုး' ကိုလက်ဆွဲနှုတ်ဆက်လိုက်သည်။

အမှတ်တရလက်ဆောင်ပေးဖို့လည်း သတိရမိသည်။

လွယ်အိတ်တွင်းကိုလက်အနှိုက် လက်ထဲတွင်စာအုပ်တစ်

အုပ်ပါလာသည်။

ချစ်ခဲ့ရသော 'မိုး' အတွက်ဟု ခေါင်းစီးတပ်ကာအောက်မှ ဆိုင်းထိုးပြီး 'မိုး' ကိုအပေး...

"ဘာစာအုပ်လဲဟင်... 'ကျော်'"

'မိုး' က ဘာမှမသိသူလို 'သန့်စင်' ကိုငေးကြည့်၍နေပါသည်။

တကယ့်ကိုလည်း 'မိုး' ဘာမှမသိပါ။

မောင့်ကိုအချစ်ကြီးချစ်ခဲ့သူမို့ မောင် 'မိုး' ကိုစွန့်ပစ်သွားလိမ့်မည်ဟုလည်း 'မိုး' တစ်ခါမှ မတွေးဘူးခဲ့ပါ။

ဒါပေမဲ့ 'မိုး' မမျှော်လင့်သည့်အဖြစ်ကို ကြုံတွေ့လိုက်ရသည်။

မောင် 'မိုး' ကို ရက်ရက်စက်စက် ပစ်သွားကာ မောင်ညီမဟုမှတ်ထင်ထားတဲ့ 'ထွေး' နဲ့လက်ထပ်သွားခဲ့သည်။

ရက်လွန်း၍ 'မိုး' ဘယ်သူနဲ့မှ မတွေ့ဝံ့တော့သလို 'မိုး' ထက်ပိုပြီး အရူက်ကြီးရှက်သွားရသူက 'မိုး' ရဲ့မေမေပါ။

မောင့်သတင်းကြားပြီးတည်းက အရုပ်ကြိုးပြတ်သလို အိပ်ယာထဲလဲသွားခဲ့တာ ကွယ်လွန်သွားတဲ့အချိန်ထိအောင်ပါပဲ။

တစ်ဦးတည်းသော သမီးလေး 'မိုး' ကို မေမေကမြန်မာ





ပြည်မှာပဲ ခေါင်းချစေချင်သည်။

ဒါကြောင့် မောင်နဲ့ချစ်သူဖြစ်တော့ မေမေ့ဘက်က မတားမြစ်သလို ကန့်လဲမကန့်ကွက်ခဲ့ပါ။

သူ့သမီးကိုချစ်သူ၊ သူ့သမီးကလည်းချစ်ရသူမို့ မြန်မာပြည်မှာပဲ အေးအတူပူအမျှနေစေချင်သည်။

ဖြစ်နိုင်လျှင် မြေးတွေမြစ်တွေရသည့်အချိန်အထိ တိုင်အောင်ပါ။

သူမ လက်ထက်မှာ သူမနဲ့အသွင်မတူသူကို လက်ထပ်ခဲ့မိ၍ စိတ်ဆင်းရဲခဲ့ရသည်။

သမီးလေးလက်ထက်မှာတော့ သူမလို မဖြစ်စေချင်ပါ။

သည်အသိဖြင့် 'သန့်စင်ကျော်' ကို လက်ခံမိသမျှ ခုတော့သမီးကောသူမပါ အရှက်ရဖို့ ဖြစ်လာခဲ့ရပါပြီ။

"မေမေရှက်တယ် သမီး... ပြီးတော့ သမီးကိုလည်း မေမေသနားတယ်"

သူ့ဖါသာဆို သမီးဒီလောက်ခံစားရမှာမဟုတ်ပေမယ့် သူမရဲ့သဘောတူခွင့်ပြုချက်ပါ ပါလေတော့ သမီးက 'သန့်စင်ကျော်' ကို အရမ်းကိုခင်တွယ်ခဲ့တာပါ။

ခုတော့ သူမကြောင့် သမီး ပိုခံစားရပါပြီ။

"မေမေ... မေမေ ဘယ်လိုသမီးတောင်းပန်ရမလဲကွယ်"

အိပ်ယာထဲလဲပြီး တစ်လခန့်အကြာတွင် မေမေကွယ်လွန်သွားခဲ့သည်။

ချစ်သူလည်းဆုံး၊ မိခင်ဖြစ်သူလည်း ထာဝရခွဲခွာသွားတာကြောင့် 'မိုး' တစ်ယောက်တည်း လူးလိမ့်နေအောင် ခံစားခဲ့ရပါသည်။

သည်လိုခံစားနေရတဲ့ကြားကပင် မောင့်အကြောင်းတွေကိုလည်း 'မိုး' ပြန်ကြားရပြန်သည်။

မောင် 'ထွေး' ကိုထားခဲ့ကာ အဝေးကိုထွက်သွားခဲ့တဲ့သတင်းပါ။

မောင်များ 'မိုး' ရှိရာကို ရောက်လာလေမလားအတွေးဖြင့် 'မိုး' မောင့်ကို နေ့စဉ် မျှော်လင့်ခဲ့မိပါသည်။

မေမေဆုံးသွားပြီးတည်းက ဒယ်ဒီကလည်း 'မိုး' ကိုနိုင်ငံခြားကို ပြန်ခေါ်နေခဲ့တာပါ။

ဒါပေမဲ့ 'မိုး' ရင်ထဲမှာ အရူးတစ်ယောက်လို မောင့်ကိုမျှော်လင့်နေမိသေးသည်။

တစ်နှစ်ခန့်အကြာမှာတော့ ဒယ်ဒီကိုယ်တိုင်လိုက်လာကာ 'မိုး' ကိုလာခေါ်သည်။





'မိုး' ဘယ်လိုအကြောင်းပြချက်နဲ့မှ ငြင်းလို့မရနိုင်ပါ။

မေမေမရှိတော့တဲ့နောက် 'မိုး' ရဲ့အားကိုးစရာတွယ်တာစရာက ဒယ်ဒီပဲ ရှိတော့တာမဟုတ်ပါလား။

နိုင်ငံခြားတွင် ကျောင်းပြန်တက်ကာ 'မိုး' ဘဝကိုတည်ငြိမ်အောင်ပြုစုပျိုးထောင်နေရဆဲ 'ရစ်ချတ်' က ဒုတိယအကြိမ်မြောက် 'မိုး' ရဲ့ဘဝထဲကို ဝင်လာခဲ့တဲ့ သူတစ်ယောက်ဖြစ်လာပြန်သည်။

'ရစ်ချတ်' သည် ဒယ်ဒီနောက်အိမ်ထောင်ဘက်၏ အမျိုးတော်စပ်သူတစ်ယောက်ပါ။

'မိုး' မြန်မာပြည်က ပြန်လာတည်းက 'မိုး' ကို စိတ်ဝင်စားသူတစ်ယောက်အနေဖြင့် ဒယ်ဒီကတစ်ဆင့် လက်ထပ်ဖို့ကမ်းလှမ်းခဲ့ပေမယ့် မောင့်ကိုမမေ့နိုင်သေးတဲ့ 'မိုး'၊ 'ရစ်ချတ်' ရဲ့ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့မိသည်။

ဒယ်ဒီက 'ရစ်ချတ်' နဲ့တွေ့ကြည့်စေချင်ပေမယ့် မောင့်ကိုပဲသတိရနေမိသေးတဲ့ 'မိုး' ဘက်က ဘယ်လိုမှ 'ရစ်ချတ်' ကိုမတွေ့ချင်တာကြောင့် 'ရစ်ချတ်' အိမ်ကိုလာလည်လည်း မတွေ့အောင်ရှောင်နေမိခဲ့သည်။

မိုးတွေရွာတဲ့တစ်နေ့ 'ရစ်ချတ်' အိမ်ကိုရောက်လာခဲ့ပါ

သည်။

အလုပ်သွားဖို့ထီးဖွင့်ကာ ကားဆီကိုအသွား 'မိုး' ရေထဲ ပြေးလာတဲ့ 'ရစ်ချတ်' ကို 'မိုး' မမျှော်လင့်ဘဲ တွေ့ရတဲ့အခိုက် 'မိုး' နှုတ်ဖျားက လွှတ်ကနဲအသံထွက်သွားမိသည်။

"မောင် မောင်လားဟင်"

"ဟိုင်း 'မေရီ'"

'ရစ်ချတ်' သည်မောင်နဲ့ ချွတ်စွပ်နီးပါးတူသော သူတစ်ယောက်ပင်။

မောင့်မျက်ဝန်းတွေက မြန်မာမို့အညိုရောင်သမ်းနေကာ 'ရစ်ချတ်' မျက်လုံးတွေက အပြာရောင်သမ်းနေတာပဲ ရှိသည်။

ဆံပင်ခွေကောက်နေတာ၊ အရပ်အမောင်းသွယ်မြင့်တာ ရယ်လိုက်ပြုံးလိုက်လျှင် မျက်ဝန်းတွေပါ ရွှန်းလဲ့တောက်ပသွားတာတွေကိုအတွေ့ 'မိုး' ရင်မှာ လှိုက်ခုန်သွားရသည်။

မောင့်ကိုယ်စား 'ရစ်ချတ်' များရောက်လာလေသလား ထင်မိသည်။

'မိုး' ရဲ့အေးစက်နေသော နှလုံးသားကို 'ရစ်ချတ်' ရဲ့ အပြုံးများက နွေးထွေးစေပါသည်။

မောင်နဲ့ရုပ်တင်မက ကြင်နာခြင်းတွေပါ ထပ်တူညီသော





'ရစ်ချတ်' ကို 'မိုး' ဘယ်လိုနှလုံးသားမျိုးနဲ့ ဆန့်ကျင်နိုင်ပါ့မလဲ။

သည့်နောက်ပိုင်း 'မိုး' နဲ့ 'ရစ်ချတ်' အဆင်ပြေသွားကာ မင်္ဂလာဆောင်ခဲ့ကြတာဖြစ်ပါသည်။

မင်္ဂလာဦးခရီးစဉ်အဖြစ် 'ရစ်ချတ်' က ဥရောပဘက်ကို ရွေးချယ်ထားပေမယ့် 'မိုး' ကတော့ အာရှဘက်ကိုပဲသွားချင်တာကြောင့် 'မိုး' အလိုကိုလိုက်ကာ အာရှဘက်ကို ထွက်လာခဲ့ကြတာဖြစ်ပါသည်။

မြန်မာပြည်ကိုအရောက် မိခင်၏အုတ်ဂူကိုဝင်ကန်တော့ကာ 'မိုး' သွားချင်တဲ့နေရာအားလုံးကို 'ရစ်ချတ်' က လိုက်ပို့ပေးနေခြင်းဖြစ်သည်။

## ၂၃.

"ကိုယ်တို့နှစ်ယောက်အကြောင်း ရေးထားတာ"

"ဒါ 'ကျော်' ရေးထားတာ ဟုတ်လား"

'မိုး' ၏မျက်ဝန်းတွင် မျက်ရည်ကြည်တွေ ဝေ့ဝဲတက်လာတာတွေ့လိုက်ရသည်။

"ဒီနေ့လည်း ဒီစာအုပ်ကို ရုပ်ရှင်ရိုက်လို့ ကိုယ်လာခဲ့ရတာ"

မိုးရည်တွေစို့ရွှဲနေသော မျက်နှာဖုံးမှ ဓါတ်ပုံကိုငေးကြည့်





ကာ ဝမ်းသာကြည်နူးစိတ်ဖြင့် ရင်တွေစာသိမ့်သိမ့်ခုန်လာခဲ့ရသည်။

ဒီလိုမိုးရေတွေထဲမှာ 'မိုး' နဲ့မောင်နဲ့ ချစ်သူတွေဖြစ်သွားခဲ့ကြတာ မဟုတ်ပါလား။

ခုတော့လည်း 'မိုး' ကော မောင်ပါ ဘာမှမဆိုင်သူတွေလို ပြန် လည်ဆုံတွေ့နေကြရသည်။

'မိုး' အသက်ကိုပြင်းပြင်းရှူကာ မောင့်ကိုလှမ်းကြည့်လိုက်သည်။ မောင်ကလည်း 'မိုး' ကို ပြန်ကြည့်နေပါသည်။ သံယောဇဉ်မကုန်နိုင်သေးဘဲ အသိတွေနဲ့ပါ။

ဒါပေမဲ့ 'မိုး' နဲ့မောင်ရဲ့ဘဝက ခြားခဲ့ကြပြီပဲ။

ဘယ်ဘဝကိုဘယ်လိုပဲရောက်ရောက် 'မိုး' ကတော့ 'မိုး' ဆိုတဲ့ အမှတ်တရနာမည်လေးကို အစဉ်ပဲသတိရနေမိမှာပါ။

နှစ်ယောက်သားကြားတွင် ပြောစရာစကားမရှိတော့သလို တိတ်ဆိတ်ငြိမ်သက်ခြင်းကသာ မင်းမူနေဆဲ...

"ဟိုင်း 'မေရီ'... စောင့်နေတာကြာပြီလား"

အင်္ဂလိပ်လိုနှုတ်ဆက်သံနှင့်အတူ 'သန့်စင်' နှင့်ချွတ်စွပ်နီးပါးတူသော လူတစ်ယောက် 'သန့်စင်' တို့အနားကို ရောက်ရှိလာပါသည်။

ဘိုနှင့်မြန်မာဟူသော ကွဲပြားခြားနားချက်ကလွဲလျှင် 'သန့်စင်' အံ့ဩရလောက်အောင် 'ရစ်ချတ်' သည် 'သန့်စင်' နှင့်တူလွန်းသော လူတစ်ယောက်ပါ။

'ရစ်ချတ်' ကိုယ်တိုင်ကလည်း 'သန့်စင်' ကိုအံ့ဩစိတ်ဖြင့်အငေး၊ 'မိုး' ကတည်ငြိမ်စွာပြုံးကာ မိတ်ဆက်ပေးသည်။

" 'ရစ်ချတ်'... ဒါ 'မေရီ' ရဲ့သူငယ်ချင်း 'ကိုသန့်စင်ကျော်' ပါ... သူရေးတဲ့စာအုပ်လေ"

"အိုး... တွေ့ရတာဝမ်းသာပါတယ်"

မြန်မာလိုနှုတ်ဆက်လာဝဲ့ 'ရစ်ချတ်' ကို 'သန့်စင်' ကျေနပ်စွာနှုတ်ဆက်လိုက်မိသည်။

"ကျွန်တော်လည်း တွေ့ရတာဝမ်းသာပါတယ်"

" 'မိုး' ရဲ့အမေက မြန်မာဆိုတာသိတော့ 'ရစ်ချတ်' က မြန်မာစကားနည်းနည်းပါးပါး သင်ထားတယ်လေ"

ဘာပဲဖြစ်ဖြစ် 'မိုး' အတွက် ဝမ်းသာကြည်နူးရပါသည်။

'ရစ်ချတ်' သည် 'မိုး' ကိုတကယ်ချစ်မြတ်နိုးပုံလည်းရတာကြောင့် 'မိုး' အတွက် စိတ်လည်းချမ်းသာမိသည်။

တကယ်တော့ 'မိုး' ရဲ့ရင်ထဲကနလုံးသားကို ကွဲကြေအောင်လုပ်ခဲ့မိသူက သူကိုယ်တိုင်ပဲ မဟုတ်လား။ ခုတော့သူနဲ့





ဘူတဲ့လူတစ်ယောက်က 'မိုး' ရဲ့နှလုံးသားဒဏ်ရာကို ပျောက်ကင်းအောင် လှမ်းနှုတ်ဆက်လိုက်မိသည်။

"ဒါဆို ကိုယ်သွားမယ်"

" 'ကျော်' ဘယ်သွားမှာလဲ... 'မိုး' တို့လိုက်ပို့ပေးမယ်လေ"

'သန့်စင်' ညင်သာစွာ ခေါင်းခါလိုက်မိသည်။

"ရပါတယ်... ကိုယ်ဘယ်သွားရမှန်း မသိသေးလို့ပါ"

တကယ့်ကို 'သန့်စင်' ဘယ်သွားရမှန်းမသိသေးပါ။

လောလောဆယ် ရင်ထဲတွင် ကြည်နူးချမ်းမြေ့နေတာပဲသိသည်။

လွယ်အိတ်ကိုလွယ်ကာ တက္ကသိုလ်ထဲမှအထွက်...

" 'ကျော်'..."

'မိုး' တို့ရဲ့ကားလှလှလေး သူ့ဘေးနားတွင် ထိုးရပ်လာတာတွေ့လိုက်ရသည်။

" 'ထွေး' ဆီကိုပြန်သွားလိုက်ပါ 'ကျော်'... 'ထွေး' 'ကျော့်' ကိုစောင့်နေမှာပါ"

'မိုး' လက်ပြကာ သူ့နားကထွက်ခွာသွားခဲ့ပါပြီ။ သည့်နောက်မှာတော့ 'သန့်စင်' စိတ်က အိမ်ကိုလှမ်းဆွတ်လာသည်။

ခုနေဖေဖေတို့မေမေတို့ သူ့ကိုတွေ့လျှင် ဘယ်လိုလုပ်မှာ

လဲ။

'ထွေး' ကကော သူ့ကိုခေါ်ချင်ပါ့မလား။

ကျောင်းရှေ့တွင်ရပ်ကာ သူ အကြာကြီးစဉ်းစားနေမိသည်။

သွားသင့်မသွားသင့်လည်း တွေဝေနေမိသည်။

အေးလေ 'မိုး' ပင်၊ သူ့ဘဝနဲ့သူ ငြိမ်းချမ်းနေမှပဲ သူကကော 'ထွေး' ကို တစ်သက်လုံး ရှောင်တိမ်းနေလို့ ဖြစ်မှာလား။

ဖေဖေတို့ မေမေတို့ကိုလည်း တွေ့ချင်သေးသည်။ သူ့ရဲ့ အောင်မြင်မှုတွေကိုလည်း ပြချင်သေးသည်။ သည်အတွေးမှာဖြင့် တက်စီတစ်စီးလှမ်းတားကာ သူ အိမ်ကိုပြန်လာခဲ့မိသည်။





၂၄

ခြံရှေ့တွင်ကားရပ်လျှင် ဖေဖေတို့သိသွားမှာစိုးတာကြောင့် ကားကို ခြံနှင့်ခပ်လှမ်းလှမ်းတွင် ရပ်ခိုင်းလိုက်ကာ သူကတော့ ခြံရှေ့ကို လျှောက်လာခဲ့လိုက်သည်။

သူထွက်သွားတဲ့ နှစ်နှစ်ကျော်အတွင်းသူ့ဘဝသာပြောင်းလဲသွားခဲ့သော်လည်း ဖေဖေတို့မေမေတို့ အိမ်လေးကတော့ လုံးဝ မပြောင်းလဲပါ။

သူ ရှိနေစဉ်တုန်းကအတိုင်း ကားဂိုဒေါင်ထဲတွင် ကား

နှစ်စီး၍နေကာ ရေနံ့ဝနေသော နှစ်ထပ်အိမ်မည်းမည်းလေးသည် သခင်အလာကို သိသည့်နှယ် ငေးကြည့်နေရှာသည်။

သူနေစဉ်တုန်းကအတိုင်း ခြံတံခါးကိုဖွင့်ကာ ခြံတွင်းကို အဝင် မေမေ့လေသံမာကြောကြောကို စတင်ကာကြားလိုက်ရသည်။

"မင်းဘာလာလုပ်တာလဲ 'ကျော်' "

'သန့်စင်' မေမေ့ကိုငေးကြည့်ကာ မျက်ဝန်းတွင်မျက်ရည်များရစ်ဝဲလာသည်။

ဟန်လုပ်ကာသာ မေမေသည် မာကြောချင်ဟန်ပြနေသော်လည်း မေမေ့ရုပ်သဏ္ဌာန်သည် လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကနှင့် များစွာကွာခြားသွားခဲ့ပါပြီ။

"မင်းမျက်နှာကို ငါမကြည့်ချင်ဘူး 'ကျော်'... မင်းခုထွက်သွားပါ"

"မေမေ"

အိမ်ထဲမှ နောက်ထပ်တစ်ယောက် ထပ်ထွက်လာပြန်သည်။

'ထွေး'၊ 'စုထွေးငယ်'။

သူရှိနေစဉ်တုန်းက နုပျိုလှပမှုနှင့်ကျော့ရှင်းမှုကို ပိုင်ဆိုင်





ထားတဲ့ 'နုထွေး' မျက်နှာတွင် တည်ကြည်ရင့်ကျက်မှုဖြင့် ဣန္ဒြေရနေတာကိုတွေ့လိုက်ရသည်။

လွန်ခဲ့တဲ့နှစ်နှစ်ကထက် ပိုမိုပါးလျားကာ သွယ်မြင့်မြင့်လေးဖြစ်နေလေသည်။

" 'ထွေး' ကိစ္စကို 'ထွေး' ရှင်းပါ့မယ်... မေမေ့စိတ်ကို ငြိမ်ငြိမ်ထားပါ"

"အိုအေ ဒီလိုကျက်သရေမရှိတဲ့မျက်နှာကို မြင်ရမှတော့ စိတ်ကိုဘယ်လိုလုပ် ငြိမ်ငြိမ်ထားလို့ရပါတော့မလဲ"

မချိပြုံးပြုံးကာ ခြံထဲကို လှည့်ပတ်ကာကြည့်နေမိသည်။

မေမေ့ဒေါသက ခုထိ ပြေသေးပုံမပေါ်ပါ။

သူကလည်း ဖြစ်ပြီးသားကိစ္စတွေကို ပြန်လည်ကာမရှင်းချင်သူမို့ အိမ်ပေါ်ကိုမတက်ဘဲ ခြံထဲတွင် ပေထိုင်နေဆဲ...

"ဟော..."

အာမေဋိတ်သံလေးနဲ့အတူ ရောင်စုံဘောလုံးအကျားကြီး တစ်လုံးက သူ့ခြေထောက်ကို လာထိလေသည်။

ဘောလုံးနောက်မှာ တပါတည်းပါလာသူ[illegible]လေးက ကလေးလေးတစ်ယောက်။

ပို၍တိတိကျကျပြောရလျှင် လမ်းလျှောက်တတ်ကာစ

ကလေးလေးတစ်ယောက်။

ယိမ်းထိုးယိမ်းထိုး ပုံစံလေးဖြင့် အရှိန်ယူလျှောက်လာကာ သူ့ ခြေထောက်နားတွင် တုန့်ကနဲရပ်သွားလေသည်။

ခွေကောက်နေသော ဆံပင်ကောက်ကောက်လေးများ နက်မှောင်မှောင် မျက်လုံးကျယ်ကြီးနှစ်လုံးဖြင့် 'သန့်စင်' ကို စိုက်ကြည့်နေသော ကလေးက ဘယ်ကကလေးလေးပါလိမ့်။

တီရှပ်အဖြူရောင်လက်တို အဝါပေါ်အညိုရုပ်လေးများ ပါသော ဘောင်းဘီတိုလေးဖြင့် ဝဝတစ်တစ်ကလေးလေးပုံစံက 'ပိုင်ပိုင်' နှင့်ခပ်ဆင်ဆင်ပါ။

ဒါပေမဲ့ 'ပိုင်ပိုင်' ထက် ပိုချောကာ 'ပိုင်ပိုင်' ထက်ပိုချစ်စရာကောင်းပါသည်။

ဒီကလေးက ဘယ်ကလဲ။

ကလေး၏ချွန်မြသော နှာသီးဖျားလေးနှင့် ပုံကျလှပသော နှုတ်ခမ်းလေးနှစ်လွှာကို ငေးစိုက်ကြည့်နေဆဲ...

"တုံတုံ"

" တုံ... တုံ ဘယ်မှာလဲ"

အသက်ဆယ့်နှစ်နှစ်အရွယ် ကောင်မလေ.တစ်ယောက် သူတို့နားကို ရောက်လာသည်။





"ဟင်း ဟင်း"

ကောင်မလေးကိုအတွေ့ 'တုံတုံ' ဆိုသော ကလေးလေးက အားရပါးရရယ်ကာ ကိုယ်လေးကိုတုန်ပြီး ထွက်ပြေးမည်အပြု 'သန့်စင်' ဖမ်းကာ ချီထားလိုက်မိသည်။

တလက်စတည်း ကောင်မလေးကိုလည်း လှမ်းမေးလိုက်မိသည်။

"ဒီမှာ... ဒီကလေးက ဘယ်ကလဲ"

"ဒီအိမ်ကပါ"

"ဘယ်သူ့ကလေးလဲ"

"ဟဲ့ သွားချင်ရာလျှောက်သွားပြီး အခုမှလာမေးမနေနဲ့. 'သရက်သီး' ကလေးကို အထဲခေါ်လာခဲ့စမ်း"

မေမေ့အသံကျယ်ကျယ်ကြီးကြောင့် 'သရက်သီး' ဆိုတဲ့ ကောင်မလေး 'သန့်စင်' လက်တွင်းမှကလေးကို လှမ်းယူကာ အိမ်ပေါ်ကိုခပ်သွက်သွက်တက်သွားလေသည်။

'သန့်စင်' နားမလည်နိုင်အောင်ပါ။

ဘယ်ကဧည့်သည်များ အိမ်ကိုရောက်နေတာပါလိမ့်။

မေမေကိုယ်တိုင် အရေးတယူ ဂရုစိုက်ခံရသောကလေးသည် တော်ယုံတန်ယုံကလေးတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်။

ခုနကပွေ့ချီလိုက်စဉ် သူ့ကိုယ်မှာစွဲကျန်နေခဲ့သော ကလေးရဲ့ ရနံ့မွှေးမွှေးလေးသည် ခုထိတိုင်စွဲနေတုန်းမို့ သိချင်စိတ်ဖြင့် အိမ်ပေါ်ကိုအတက် မေမေ့ငိုသံကို ရင်နင့်စွာကြားလိုက်ရသည်။





၂၇

"သွားချင်ရာလျှောက်သွားနေတဲ့အကောင် ကိုယ့်သားတောင်ကိုယ် မသိတဲ့အကောင်... 'တုံတုံ' ရယ်... ငါ့မြေးအဖြစ်ကဆိုးလှချည်လား"

ဘုရား ရေ...

'တုံတုံ' ဟာ သူ့သားဆိုပါလား။ ဘာတွေဖြစ်ကုန်တာလဲ။

အံ့ဩသလိုမျက်ဝန်းဖြင့် မေမေ့ကိုအကြည့် မေမေသည် ပါးပေါ်သို့ကျလာသောမျက်ရည်များကို ခပ်ကြမ်းကြမ်းပွတ်သုတ်ရင်း 'သန့်စင်' ကိုလှမ်းရိုက်သည်။

"အသုံးမကျတဲ့သား... မိဘကိုအရှက်ခွဲတဲ့သား"

"တော်ပါတော့ကွာ"

ဖေဖေဧည့်ခန်းတွင်းကိုရောက်လာကာ မေမေ့ကိုလှမ်းနှစ်သိမ့်သည်။

"ဟုတ်တယ်သား... 'တုံတုံ' ဟာ မင်းနဲ့ 'နုထွေး' တို့ရဲ့သားလေးပဲ... မင်းထွက်သွားတည်းက ဖေဖေတို့ပဲ စောင့်ရှောက်လာခဲ့ရတာ"

"သား ဟုတ်လား"

သူ တအံ့တဩရေရွတ်ကာ ဘွားအေရင်ခွင်တွင်းသို့အတင်းဝင်တိုးနေသော ကလေးကို ငေးစိုက်ကာကြည့်နေမိသည်။

ဒါကြောင့်မို့လားမသိပါ။ တွေ့စတည်းကပင် သူဒီကလေးကို စိတ်ဝင်စားနေမိသည် မဟုတ်ပါလား။

လက်စသပ်တော့ 'တုံတုံ' လေးဟာ သူ့ရင်မှဖြစ်သောသွေးပေကိုး။

မူးမူးရူးရူးနှင့်ထွက်သွားခဲ့တာကြောင့် နောက်ဘက်တွင်





ဘာဖြစ်ကျန်နေခဲ့သည်ဆိုတာကိုလည်း သူ မသိခဲ့ပါ။

ခုတော့ သူ 'မိထွေး' မျက်နှာကိုလည်း ဘယ်လိုကြည့်ရမှန်းပင်မသိတော့ချေ။

စိတ်ရှုပ်သလိုပုံစံမျိုးဖြင့် မေမေ့ရင်ခွင်တွင်းမှသားဖြစ်သူကိုငေးကြည့်နေဆဲ...

"'ထွေး' ရေ... 'တုံတုံ' ကိုလာခေါ်လိုက်... အိပ်ချင်နေပြီနဲ့တူတယ်"

'ထွေး' ထွက်လာကာ 'တုံတုံ' ကိုလာခေါ်သွားချိန်အထိ သူ ဘာလုပ်ရမှန်းမသိသေးပါ။

သူ့အဖြစ်က အိပ်မက်ယောင်နေသူနှယ် အရာရာကကြည်လင်ပြတ်သားခြင်း မရှိဘဲ ဝါးတားတားဖြစ်နေရသည်။

"သား လိုက်သွားလေ"

ဖေဖေကသူ့ကိုမျက်ခုံးဖြင့် ညွှန်ကာ 'ထွေး' နောက်ကိုလိုက်ခိုင်းသည်။

သူ မလိုက်ဝံ့ပါ။ မလိုက်ရဲတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါသည်။

ထုံပေပေစိတ်ဖြင့် ဧည့်ခန်းတွင်းဝယ် ငုတ်တုတ်ကြီးထိုင်နေဆဲ...

"ကိုကို..."

'ထွေး' သူ့အပါးကို ရောက်လာခဲ့သည်။

"ဒါ ကိုကိုပို့လိုက်တဲ့ငွေပါ"

ထောင်တန်ဆယ်အုပ်။ ငွေဆယ်သိန်းတိတိ။

" 'ထွေး' မသုံးဘဲ စုထားတာပါ"

"သုံးပေါ့... ဘာဖြစ်လို့လဲ"

"သားလေး နောင်ရေးအတွက်ပါ"

"ကိုကိုရှာနိုင်တာပဲ"

" 'ထွေး' သိပါတယ်... ဒါကြောင့် ကိုကို့အလာကို 'ထွေး' စောင့်နေခဲ့တာပါ"

"ဘာဖြစ်လို့လဲ"

ဖေဖေနဲ့မေမေ နေရာကထထွက်သွားကြပါသည်။

"ကိုကို့ကို 'ထွေး' ကွာရှင်းပေးမလို့ပါ"

"ဘာ"

"ကိုကိုမချစ်ဘဲနဲ့ လက်ထပ်ခဲ့ရလို့ အရမ်းစိတ်ဆင်းရဲပြီး ခံစားရမယ်ဆိုတာ 'ထွေး' သိပါတယ်... 'ထွေး' လည်းကိုယ့်ကိုမချစ်တဲ့သူနဲ့ အတူမနေချင်ပါဘူး"

သူ သက်ပြင်းကိုမှုတ်ထုတ်ကာ 'ထွေး' မျက်နှာကိုလှမ်း





ကြည့်လိုက်မိသည်။

သူ အိမ်ကိုပြန်မလာချင်တာ ဒီလိုအဖြစ်တွေကို ရင်မဆိုင်ချင်လို့ပါ။

အရင်တုန်းက သူ တွေးထားတာ 'ထွေး' နဲ့သူနဲ့နှစ်ယောက်တည်းအဖြစ်ပါ။ ခုက သားလေး 'တုံတုံ' ရှိနေပြီ။

သူဘယ်လို ဆုံးဖြတ်ရပါ့မလဲ။

"သား အိပ်သွားပြီလား"

"အိပ်သွားပါပြီ ကိုကို"

"ကိုကိုကြည့်ချင်တယ်"

'ထွေး' ဦးဆောင်ကာ သူတို့အခန်းတွင်းကို ဝင်လာခဲ့လိုက်သည်။

အခန်းအပြင်အဆင်သည် လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကအတိုင်းပါ။

ပိုလာတာဆို၍ သူတို့ကုတင်ဘေးတွင် သားရဲ့ပုခက်ပန်းရောင်လေးရှိနေသည်။

ပုခက်ထဲကို ငုံ့အကြည့် အိပ်မောကျနေသော သားရဲ့ရုပ်လေးက ချစ်စရာလေးပါ။

သူ့လိုပင် ချွန်စင်းနေသော နှာတံလေးနှင့်ပုံကျလှပသော

နှုတ်ခမ်းလေးတို့က သားရဲ့ပါးဖောင်းဖောင်းလေးဖြင့် ပဏာရလှပါသည်။

သည်ကလေးလေးကို ခဏလေးတွေ့ရတဲ့သူပင် မခွဲချင်လောက်အောင် တွယ်တာမိသေးလျှင် 'မိထွေး' သည် သည်ကလေးလေးကို မွေးဖွားပေးခဲ့တဲ့ မိခင်ပါ။

သူမကော သားလေးကို ခွဲချင်ပါ့မလား။

"သားလေးနာမည် ဘယ်လိုမှည့်ထားလဲ"

"မေမေတို့က ဆရာနဲ့မေးပြီး တွက်ချက်ထားတာ 'ထွန်းလင်းကျော်' ပါ... 'မိထွေး' တို့က အသည်းတုံအောင်ချစ်ရလို့ 'တုံတုံ' လို့ပဲ အလွယ်ခေါ်နေကြတာပါ"

ပြောရင်း 'ထွေး' အသံက တုန်အက်ကာ တိမ်ဝင်သွားတာကြောင့် သူ သက်ပြင်းချရင်း အပြင်ထွက်လာခဲ့လိုက်သည်။

ထိုနေ့က 'နုထွေး' နှင့်သားလေးကို အတူပေးအိပ်ကာ သူကတော့ ဧည့်ခန်းတွင် အိပ်ဖြစ်သည်။





## ၂၆

"မင်းဘယ်လို ဆုံးဖြတ်ထားလဲ"

နောက်တစ်နေ့မနက် ထမင်းစားခန်းတွင်းမှာ ဖြစ်ပါသည်။

မေမေကသူ့ကို ဘာစကားမှမပြောချင်ပုံနှင့် ကာဖီသာငုံ့သောက်နေပေမယ့် ဖေဖေက စကားစလာတာဖြစ်ပါသည်။

"ဘာကိုလဲ ဖေဖေ"

"'နုထွေး' နဲ့ ကိစ္စကိုပြောနေတာ"

သူလည်း ဘယ်လိုဆုံးဖြတ်ရမယ်မှန်း မသိချေ။

"ကောင်မလေးက အထုပ်အပိုးပြင်ပြီးနေပြီ"

"× × × ×"

သူဘာသံမှပင် မထွက်နိုင်ဘဲ မေမေ့ကိုလှမ်းကြည့်လိုက်သည်။ မေမေ့မျက်ဝန်းတွင် မျက်ရည်တွေ မထိန်းနိုင်အောင်စီးကျနေသည်။

'နုထွေး' တကယ်ပဲ သွားတော့မလို့လား။

သားကို တကယ်ပဲ ခွဲသွားနိုင်ပြီလား။

နေရာမှယောင်ရမ်းရမ်းဖြင့်ထကာ အိပ်ခန်းထဲဝင်အလာ ကလေးထိန်းကောင်မလေး 'တုံတုံ' ကို ထိန်းနေတာတွေ့လိုက်ရသည်။

"နင့် အစ်မကော"

"ခြံထဲမှာ"

ခြံထဲကိုဆင်းအလာ စကားစိမ်းပင်အောက်တွင် ထိုင်ငိုနေသော 'နုထွေး' ကို မမျှော်လင့်ဘဲတွေ့လိုက်ရသည်။

တကယ်ခွဲရကာနီးတော့ 'ထွေး' အသည်းမမာနိုင်ပါ။

ချစ်စရာကောင်းလှသော သားလေး 'တုံတုံ' ကိုထားခဲ့





ပြီး ဘယ်လိုသွားရက်ပါ့မလဲ။

"'ထွေး'..."

ကိုကို့အသံကြောင့် 'ထွေး' မျက်ရည်များကြားက မော့ကြည့်လိုက်မိသည်။

ကိုကို့မျက်ဝန်းတွင် မုန်းရိပ်ကင်းစင်နေသည်။ ဖြစ်နိုင်လျှင် ကိုကို့မိန်းမမဟုတ်ဘဲ သားလေးရဲ့မေမေ ကလေးထိန်းအဖြစ်နေရလျှင်ပင် 'ထွေး' ကျေနပ်မိပါသည်။

သည်အတွေးဖြင့် ကိုကို့ကိုအကြည့်...

"သွားမနေပါနဲ့တော့ 'ထွေး' ရယ်"

"ရှင် ကိုကို"

အံ့ဩရလွန်းသော 'ထွေး' ရဲ့အသံလေးက တုန်ရီကာလှိုက်လှဲနေသည်။

"ကိုကို 'မိုး' နဲ့..."

"'မိုး' လက်ထပ်သွားပါပြီ... ကိုကိုသားလေးနဲ့မခွဲချင်ဘူး"

'ထွေး'... 'ထွေး' လည်း မခွဲပါရစေနဲ့ကိုကိုရယ်။

တောင်းပန်တိုးလျှိုးသည့်အကြည့်ဖြင့်အကြည့် ကိုကိုက လက်ဆန့်တန်းကာ ကမ်းပေးသည်။

"ထ ... ဖေဖေတို့ကို သွားကန်တော့ရအောင်"

"ရှင်"

"ကိုကိုတို့လက်ထပ်ပြီးတည်းက မကန်တော့ရသေးဘူးလေ"

"ကိုကိုရယ်..."

ဝမ်းသာရလွန်းသော 'ထွေး' မျက်နှာက နီမြန်းကာပျော်ရွှင်ရလွန်းသောရင်က တသိမ့်သိမ့်ခုန်နေမိသည်။

ဒါတကယ်လား။ အိပ်မက်များဖြစ်နေတာလား။

မယုံရဲသလို ကိုယ့်အသားကိုယ် ပြန်အဆိတ်၊ ကိုကိုက ပြုံးရင်း တီးတိုးလှမ်းပြောသည်။

"မျက်နှာကပြောင်နေတာပဲ... သနပ်ခါးသွားလူးလာခဲ့ ကိုကိုခြံထဲမှာစောင့်နေမယ်"

'ထွေး' လှစ်ကနဲ အခန်းတွင်းကိုပြေးဝင်ကာ မျက်နှာကို သနပ်ခါးလူးလိုက်သည်။

မေမေတို့က ဘယ်လောက်ပဲ မိတ်ကပ်တွေဝယ်ပေးပေး 'ထွေး' နှစ်သက်တာ သနပ်ခါးပါ။

မျက်လုံးနှစ်လုံးပွင့်တာနဲ့ သနပ်ခါးကို ပါးပေါ်တင်လိုက်ရမှ 'ထွေး' စိတ်ချမ်းသာသည်။





ဒီနေ့တော့သားကိုခွဲသွားရတော့မယ့်နေ့မို့ ညဦးပိုင်းတည်းက ငိုနေမိတာကြောင့် သနပ်ခါးပင် မတင်နိုင်ပါ။

'ထွေး' မျက်နှာတွင်သနပ်ခါး မတင်နိုင်တာကို ကိုကို ရိပ်မိ၍ သနပ်ခါးလူးခိုင်းတာပဲ ဖြစ်ရပါမည်။

ပါးပြင်ပေါ်ပါးကွက်လေးတင်ပြီး သနပ်ခါးတွေကို တံပွတ်တံလေးဖြင့် ခြစ်ထုတ်ပစ်လိုက်သည်နှင့် မျက်ခုံးထူထူမည်းမည်းလေးက ထင်ရှားစွာပေါ်လွင်လာသည်။

အင်္ကျီက အပြင်သွားမှာမို့ အဝါနုရောင်ပါတိတ်ဝမ်းဆက်လေးကို ဝတ်ထားပြီးသားပါ။

ကိုကို့နားကိုပြန်အရောက် ကိုကိုက ကျေနပ်သလိုပြုံးကြည့်နေသည်။

အိမ်ထောင်ကျပြီး နှစ်နှစ်ကျော်ကြာမှ သူ့ဘဝကိုအသစ်ပြန်လည်ကာ စတင်ရတော့မည်။

သူ့လက်ကိုကမ်းအပေး 'ထွေး' ရဲ့လက်လေးသူ့လက်တွင်းကို ညင်သာစွာပါလာသည်။

ထိုအချိန်ဘယ်က ဖွင့်လိုက်မှန်းမသိတဲ့ 'သနပ်ခါး' သီချင်း သူ့နားတွင်းကို သာယာစွာတိုးဝင်လာပါသည်။

ပါးပြင်မှာ သနပ်ခါးလေးနဲ့ × × ×

ချစ်စရာ ကောင်းလိုက်တာကွာ× × ×

သူများတွေထက်× × × မထင်ရှားလဲ× × ×

ကိုယ့်အတွက်× × × လမင်းလေးပါ× × ×

အမြဲတမ်း ပြုံးနေလိုက်ပါ× × ×

ရိုးရိုးလေးမင်းမျက်နှာ× × ×

ကမ္ဘာကျော်တောင် မမီနိုင်ဘူးကွာ× × ×

ကိုယ့်ရဲ့နှလုံးအိမ်ထဲမှာ× × ×

အချစ်စိတ်တို့ နိုးထလာ× × ×

ဒီတစ်သက်စာ ချစ်မေတ္တာ× × ×

ရွှင်လန်းချမ်းမြေ့ပါစေ...
ဆက်လက်ကြိုးစားနေဦးမည့်...
ဝေဝေအောင်